


**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်

**ထုတ်ဝေသည့်ကာလ**

မေလ၊ ၂၀၁၄

**မျက်နှာဖုံး**

ပန်းချီမောင်လူရှင်

**ဒီဇိုင်းနှင့်စာစီ**

ကိုနေ

**CTP**

Dimond

**စာအုပ်ချုပ်**

Ayein Dhamar

**အတွင်းပုံနှိပ်နှင့်မျက်နှာဖုံးပုံရိပ်**

ဒေါ်သီရိနိုင်၊ ငါတို့စာပေပုံနှိပ်တိုက်၊ အမှတ်(၇၄)၊ ကောက်သွယ်လမ်း၊

သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်

**ထုတ်ဝေသူ**

ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

**အုပ်ရေ**

၁၀၀၀

**တန်ဖိုး**

၁၂၀၀ ကျပ်

## မာတိကာ


၀၁။ စာရေးသူ၏ အမှာစာ

၀၂။ တစ်နှစ်စာအလွဲများ

၀၃။ ကိုယ့်ကိုယ်ကို ပြောင်းလဲခြင်း

၀၄။ စိတ်ဓာတ်ကြံ့ခိုင်ခြင်းနှင့် ကြိုးစားအားထုတ်မှု

၀၅။ ဆိုင်ရှင်ကျေးတဲ့ ခေါက်ဆွဲတစ်ပန်းကန်

၀၆။ ၂၀၁၃ ဒိုင်ယာရီ

၀၇။ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေကြသူများ

၀၈။ အိမ်ရှေ့က သစ်ပင်

၀၉။ နံရံပေါ်က အလှတရား

၁၀။ မျက်မမြင် မိန်းကလေး

၁၁။ လူကောင်ထွားတဲ့ ... ည

၁၂။ ယဉ်ကျေးမှု မျိုးတုန်းသတ်ဖြတ်ခြင်း (Cultureal Genocide)

၁၃။ သစ်ခုတ်သမားပုံပြင်

၁၄။ သီသီကလေး

၁၅။ အစားထိုးပေးလိုက်သော အမေ့နားရွက်များ

၁၆။ မြို့ပြယဉ်ကျေးမှု

၁၇။ အဖေ့ထံက ဝယ်လိုက်ရတဲ့အချိန်တစ်နာရီ

၁၈။ ယောက္ခမကို အဆိပ်ခပ်ခြင်း

၁၉။ ရောင်းရွေး

၂၀။ ရွှေတံခါးတွေ တပ်ထားတဲ့အိမ်

၂၁။ နွားနို့တစ်ခွက်

၂၂။ အညတြများ

၂၃။ လူလားမမြောက်သေးတဲ့ အိမ်

၂၄။ ခြံစည်းရိုးကာမှာလား တံတားဆောက်မှာလား

၂၅။ သူလိုသမ္မတ

၂၆။ ပျောက်ဆုံးနေတဲ့ နာရီလေး

၂၇။ ယူစားမိခဲ့သော ကွတ်ကီးမုန့်

## စာရေးသူ၏ အမှာစာ

ဒီစာအုပ်ကလေးဟာ စာရေးသူရဲ့ တတိယမြောက် လက်ရာလေးပဲ ဖြစ်ပါတယ်။ မရှိမဖြစ်လိုအပ်နေတဲ့ ရုပ်ပိုင်းဆိုင်ရာ ပြီးပြည့်စုံဖို့အတွက် အဆင်ပြေသလို လှုပ်ရှားရုန်းကန်နေကြရတဲ့ အခိုက်အတန့်လေးမှာ အဆင်မပြေမှုတွေက သူလိုကိုယ်လိုလူတွေအတွက်တော့ နည်းနည်းများလွန်းနေတယ်လို့ ခံစားနေမိပါတယ်။ ဆောင်းပါး နှစ်ဆယ့်သုံးပုဒ်နဲ့ ကဗျာလေးပုဒ်ကို သီကုံးထားတဲ့ ဒီစာအုပ်ကလေးထဲမှာ ခံစားမိတဲ့အတိုင်း ကိုယ်နားလည်သလို ရေးခြစ်မိတဲ့ ကဗျာလေးတွေနဲ့ ပြုပြင်ရေး ဆောင်းပါးလေးတွေပါသလို ကိုယ့်စိတ်နဲ့ ကိုယ်ပတ်ဝန်းကျင်အပေါ် ဘယ်လို ပြုမူနေထိုင်သင့်တယ်ဆိုတဲ့ အတွေးဆောင်းပါးလေးတွေကိုလည်း မျှဝေထားပါတယ်။

ဖတ်ခဲ့ဖူးတဲ့ အင်္ဂလိပ်ပုံပြင်လေးတွေကို ဘာသာပြန်ဆိုထားတဲ့ ဆောင်းပါးအများစုဟာ လူငယ်တွေကိုပဲ ဦးတည်ထားတယ်လို့ ထင်ရပေမယ့် လူရွယ်တွေအတွက်လည်း အမှန်တကယ် အသုံးတည့်မယ်လို့ ယုံကြည်ထားပါတယ်။ စာပေအပေါ် တခုတ်တရ ဖက်တွယ်နေမိတဲ့ သံယောဇဉ်ကြောင့် လူငယ်တစ်ယောက်ရဲ့ ဘဝမှာ တွေ့မြင်ခံစားမိတဲ့ အတွေးလေးတွေကို ခြယ်မှုန်းထားခြင်းလည်း ဖြစ်ပါတယ်။ လူငယ်တစ်ယောက်ပီပီ မရင့်ကျက်သေးတဲ့ အတွေးများ၊ လူလားမမြောက်သေးတဲ့ အရေးအသားများနဲ့အတူ ကွက်လပ်ပေါင်းများစွာ ရှိနိုင်ပေမယ့် ကိုယ်စွမ်းသလောက်တော့ စေတနာအပြည့်နဲ့ အားကုန်ထုတ်သုံးထားပါတယ်။

ကိုယ်နေထိုင်ရာ ကိုယ့်ရဲ့လူမှုအဖွဲ့အစည်းကို လိပ်ပြာသန့်သန့်၊ ဂုဏ်သိက္ခာရှိရှိ၊ တည်တည်ငြိမ်ငြိမ်နဲ့ ပျော်ရွှင်အေးချမ်းစေချင်၊ သာယာလှပစေချင်တဲ့ လူငယ်တစ်ယောက်ရဲ့ ထုဆစ်မှုတွေထဲမှာ အမြင်မတူမှုတွေ၊ အယူအဆ ကွဲပြားနေမှုတွေ ပါကောင်းပါမှာပါ။ ဘယ်သူ့ဘယ်သူကိုမှ သာစေ နာစေလိုတဲ့စိတ် မရှိပါဘူး။ မတူကွဲပြား ခြားနားချက်တိုင်းဟာ လူ့လောကကြီးအတွက် အဆိပ်အတောက် မဟုတ်ဘူးဆိုတာကိုတော့ အခိုင်အမာ ယုံကြည်ထားပါတယ်။

ရုပ်ပိုင်းဆိုင်ရာ ပြီးပြည့်စုံဖို့ ခေတ်ကြီးကို မမီမကမ်းနဲ့ အမောတကော လိုက်နေရတဲ့ဘဝမှာ တွေ့ကြုံနေရတဲ့ အဆင်မပြေမှုတွေ၊ စိတ်မသက်သာစရာတွေ၊ ပင်ပန်းနွမ်းနယ်မှုတွေဆိုတာ လူတိုင်းမှာ ရှိနေကြမှာပါ။ လူငယ်တစ်ယောက် ရေးဆွဲထားတဲ့ ဒီပန်းချီကားချပ်ကလေးကို ကြည့်ရင်း (နည်းနည်းလေးပဲ ဖြစ်ဖြစ်ပေါ့) စိတ်ပိုင်းဆိုင်ရာသက်သာမှုလေး ရသွားတယ်ဆိုရင်ပဲ ကျေနပ်လှပါပြီ။ ဘဝရဲ့ လက်ကျန်အချိန်ဆိုသည်မှာ ကုစားလိုသူတို့အတွက် ဖြေဆေးတစ်မျိုးပဲမဟုတ်လား။ သို့သော် အသက်တစ်ရက်ကြီးကြီးသွားတိုင်း မကောင်းမှုက လူကောင် ပိုပိုထွားနေသူတွေလည်း ရှိပါတယ်။ နောက်ဆုံးနေဝင်ချိန်အထိ မှောင်မိုက်နေမည့် ညများကို ရည်ရွယ်၍ စာအုပ်ခေါင်းစဉ်ကို "လူကောင်ထွားတဲ့ ည" လို့ ပေးလိုက်ပါတယ်။

သာယာလှပတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို တွေ့မြင်လိုတဲ့ စိတ်တွေနဲ့ ရေးခြစ်ထားတဲ့ ဒီပန်းချီကားတစ်ချပ်ဟာ လူတိုင်းအတွက်တော့ လှပချင်မှ လှပပါလိမ့်မယ်။ သို့သော် ဆေး၊ စုတ်ချက်၊ လက်ရာ အမြင့်ကြီး မဟုတ်ဘူးဆိုရင်တောင် မနိမ့်ဘူးဆိုတာကိုတော့ တွေ့မြင်ခံစားကြရမှာ ဖြစ်ပါတယ်။

ကိုသစ်(သီတဂူ)

၁၈.၀၃.၂၀၁၄

## တစ်နှစ်စာအလွဲများ

ကိုငှက်ကြီးကတော့ တစ်နေ့စာအလွဲများနဲ့ လူ့လောကကြီးကို နှုတ်ဆက်သွားတာ ကြာပါပြီ။ မကြာခင် နှစ်သစ်ကို ရောက်ရဦးတော့မယ်။ ကျွန်တော်တို့တစ်တွေကတော့ တစ်နှစ်စာအလွဲများနဲ့ အခုထိ ရှင်သန်နေကြတုန်းပဲ မဟုတ်လား။

ပွင့်လင်းမြင်သာမှုနဲ့အတူ မပွင့်လင်း မမြင်သာတာတွေကိုလည်း ပြည်သူတွေ အများကြီး သိရှိခွင့်ရနေကြတယ်။ လမ်းစဉ်မတူမှု၊ အယူမတူမှုတွေကို သဲသဲကွဲကွဲ သိရှိခွင့်ရတယ်။ အမြင်မတူမှု လမ်းစဉ်မတူညီမှုတွေကို ရှင်းရှင်းလင်းလင်း သိမြင်ခွင့်ရခဲ့ကြတယ်။ ကျွန်တော်တို့အားလုံးမှာ အယူအဆ မတူညီမှု၊ အမြင်မတူ လမ်းမတူမှုတွေအားလုံးကို ကြိုဆိုလက်ခံနိုင်ဖို့ ကိုယ်ခံအားတွေ အများကြီးလိုမှာပါ။

ကွဲပြားခြားနားခြင်းကို ရန်သူလို မသတ်မှတ်ကြရင် ကောင်းမယ်။ မမှန်တာကို မမှန်ဘူး၊ မတရားတာကို မတရားဘူး၊ သဘာဝမကျတာကို သဘာဝမကျဘူးလို့ ပြောရင် ပြောတဲ့သူကို ရန်သူလို မသတ်မှတ်ကြေး။ ပြည်သူတွေရဲ့ ကျပျောက်ခဲ့ရတဲ့ အိပ်မက်တွေကို စာနာပါ။ မပျော်ချင်ဘဲ ပျော်ခဲ့ရတဲ့ လမိုက်ညတွေကို ငဲ့ညှာကြပါဦး။ သံဃာတွေ၊ ကျောင်းသားတွေ၊ ပြည်သူတွေ အသက်စွန့်ပေးဆပ်သွားခဲ့ကြတာ ဘာအတွက်လဲ၊ ဘာကြောင့်လဲ၊ ဘယ်သူ့အတွက်လဲဆိုတာ ကမ္ဘာကြီးက သိပါတယ်။ မြန်မာပြည်သူပြည်သားတွေက ပိုသိပါတယ်လေ။

ကမ္ဘာကြည့် မကြည့်နိုင်သေးခင် ကိုယ့်အိမ်သေးသေးလေးကိုပဲ တခုတ်တရ ပြန်ကြည့်နေမိတယ်။ အမြင်ကျဉ်းတယ်လို့ ပြောချင်လည်း ပြောကြပါတော့။ ကိုယ်တိုင်က လူငယ်လူရွယ်တစ်ယောက်ဖြစ်လို့ ကိုယ့်လောက် စာဖတ်ခွင့်မရကြတဲ့ လူငယ်လူရွယ်တွေကိုပဲ ဦးတည်လိုက်ပါတယ်။ (ကိုယ့်ဆွေမျိုးတွေအတွက် ရေးတဲ့စာဆိုရင် ပိုပြီးမှန်မယ် ထင်ပါတယ်။ (လူက ဘာမှ အဖြစ်မရှိဘဲ ဆရာကြီးအထာနဲ့ ဂိုက်ပေးကြမ်းနေတယ်လို့ ထင်နေရင် ရှေ့ဆက်မဖတ်ပါနဲ့တော့လို့ပဲ ကြိုပြောထားပါရစေ။)

၂၀၁၃- ဟာ အခါတိုင်းနှစ်တွေထက် သွေးနွေးလာတာကို တွေ့ရပါတယ်။ မနွေးလို့လည်း မဖြစ်တော့ဘူးမဟုတ်လား။ တစ်ချိန်က မပွင့်လင်း မမြင်သာမှုတွေကို ပွင့်လင်းမြင်သာမှ ပိုတွေ့လာရတယ်။ ကိုယ့်ဘာသာ သာသနာအတွက် အလုပ်လုပ်တဲ့နေရာမှာ လမ်းရိုးဟောင်းကြီးအတိုင်း လျှောက်လို့ မရတော့ဘူး။

ဒါကြောင့် ကိုယ့်ဆွေမျိုးတွေကို တစ်ယောက်သိသိ နှစ်ယောက်သိသိ ဒီနေရာကနေ ပြောပါတယ်။ စီးပွားရေးကောင်းအောင် အမြင်ကြီးကြီးထားပြီး လုပ်ကြပါလို့။ ဘယ်သူကမှ စီးပွားရေးမကောင်းအောင်တော့လုပ်မှာမဟုတ်ဘူးလို့ မပြောပါနဲ့။ မြန်မာပြည်ရဲ့ မြို့ကြီးတွေမှာ အဓိကနေရာယူပြီး လုပ်နေကြသူတွေက ကိုယ့်ဆွေမျိုးတွေ ဟုတ်ပါရဲ့လား။ ရွှေဘုံသာလမ်းကို ကြည့်လိုက်။ ဆူးလေဘုရားဝန်းကျင်ကို ကြည့်လိုက်။ ဒုတိယမြို့တော် မန္တလေးကကော ဘာထူးသေးလို့လဲ။ မျက်စိတွေကို မေးလို့။ သိန်းတစ်ရာလောက်တန်တဲ့နေရာကောင်းကို သိန်းတစ်ထောင်လောက်ပေးဝယ်ပြီး ယူသွားကြပြီ။ မြို့သစ်တွေအများစုမှာ ကိုယ့်ဆွေမျိုးတွေပဲ များပါတယ်။ ပေးနိုင်တာပေါ့။ သူတို့က ကျောထောက်နောက်ခံ ကောင်းတယ်လေ။ ကိုယ်တို့တစ်တွေမှာကော...။ စီးပွားရေးချိနဲ့ရင် နောက်ဆုံးတော့ ဘာသာရေးလည်း အားပျော့သွားနိုင်တာပါပဲ။

ဒါကြောင့် ပြီးခဲ့တဲ့ အပတ်ကရေးခဲ့တဲ့ 'ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေကြသူများ'ဆိုတဲ့ဆောင်းပါးမှာ လူငယ်တွေ စီးပွားရေးမှာ ဝင်တိုးကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အမျိုးဘာသာ သာသနာပြန့်ပွားရေးအဖွဲ့အစည်းတွေအနေနဲ့လည်း ကိုယ့်ဘာသာဝင်ရဲ့ ဆိုင်ကိုသာ အားပေးကြပါလို့ တိုက်တွန်းနေရုံနဲ့ မပြီးသေးပါဘူး။ ဆိုင်ခွဲတွေ များများဖွင့်နိုင်အောင် အကြံဉာဏ်အား ငွေအားတွေနဲ့ ကူညီပေး ကြိုးစားပေးစေချင်ပါတယ်။

ဥပမာ - အင်းစိန်မှာ နေတဲ့သူက သံလျင်မှာရှိတဲ့ ကိုယ့်ဘာသာဝင်ပိုင်တဲ့ သံလျင်က ဒံပေါက်ဆိုင်ကို သွားစားဖို့ဆိုတာ တကယ့်လက်တွေ့မှာ တကယ်မလွယ်ကူသလိုမျိုးပေါ့။ လူဦးရေ ခြောက်သန်းကျော်နေထိုင်တဲ့ရန်ကုန်မှာ ကိုယ့်ဆွေမျိုးတွေပိုင်တဲ့ ဒံပေါက်ဆိုင်က လက်ချိုးရေလို့ ရပါတယ်။ ဆရာတော်သံဃာတော်တွေက ယဉ်ကျေးမှုသင်တန်းတွေ၊ ဆန်းဒေးစကူးလ်တွေ၊ ဘ-က ကျောင်းတွေကို အင်တိုက်အားတိုက် လုပ်နေကြပြီ။ အလွန် ထင်ရှားကျော်ကြားတဲ့ ၉၆၉-လို မြန်မာပြည်ရဲ့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ဖို့ အားသွန်ခွန်စိုက် ဆောင်ရွက်နေကြတဲ့ လူတွေအနေနဲ့ ဆောက်လုပ်ရေးဈေးကွက်ကို ဝင်ကြ၊ ဒံပေါက်ဆိုင်တွေ နေရာများများမှာ ဖွင့်ကြ။ နာရီပြင်ဆိုင်တွေ ဖွင့်ကြ။ မျက်မှန်ဆိုင်တွေ ဖွင့်ကြ။ တယ်လီဖုန်းပြင်ဆိုင်တွေ ဖွင့်ကြ။ ဈေးရောင်းဈေးဝယ် ဆက်ဆံရေးနည်းလမ်းတွေကိုလည်း သင်ပြပေးကြ။

ကျေးလက်ဒေသတွေမှာ စက်ချုပ်ဝါသနာပါပေမဲ့ သင်တန်းကြေးမတတ်နိုင်လို့ ငုတ်တုတ်ထိုင်နေကြတဲ့ ကိုယ့်ဆွေမျိုးတွေ အများကြီးရှိပါတယ်။ ကျေးလက်ဒေသအထိ ရောက်အောင်သွားပြီး (အခမဲ့) စက်ချုပ်သင်တန်းတွေ၊ အခမဲ့ မုန့်ဖုတ်နည်း မုန့်လုပ်နည်းသင်တန်းတွေ များများ ဖွင့်ပေးစေချင်ပါတယ်။ ၉၆၉- မှာ ဈေးဝယ်ပါလို့ ပြောနေရုံတင်မကဘဲ လူငယ်တွေကို (အခမဲ့) နာရီပြင်သင်တန်းတွေ၊ ဒံပေါက်ဖောက်နည်းသင်တန်းတွေ ပေးကြပါ။ ပိုတတ်နိုင်သူတွေက အင်္ဂလိပ်စာ၊ ကွန်ပျူတာလို နည်းပညာသင်တန်းတွေ (အခမဲ့) သင်ယူနိုင်အောင် ဒီထက်ပိုပြီး လုပ်ဆောင်ပေးရင် ပိုပြီး လက်တွေ့ကျပါတယ်။ ပိုပြီး ထိရောက်မယ်လို့ ယုံကြည်နေမိတယ်။

တစ်ဖက်ကလည်း အသိပညာပေး၊ တစ်ဖက်ကလည်း တကယ်လက်တွေ့ကျတာလေးတွေ လုပ်ပေးမယ်ဆိုရင် နောနော်ရဲ့ အတိုင်းထက်အလွန်ပဲ - ထက် အပုံကြီးသာမယ်ဆိုတာ ယုံပြီးသား။ ဘာသာ သာသနာပြန့်ပွားဖို့ တရားပွဲတွေ နေရာအတော်များများမှာ ကျင်းပကြတာ ဝမ်းသာစရာ အားရစရာ တကယ်ကောင်းပါတယ်။ ဒါပေမဲ့ နာမည်ကြီး ဓမ္မကထိကတွေရဲ့ တရားပွဲကလွဲရင် တရားနာပရိသတ်က သိပ်မရှိကြပါဘူး။ သာမန်ပါပဲ။ လူဦးရေ ထောင်နဲ့ချီပြီး နေထိုင်ကြတဲ့ ရပ်ကွက်၊ ကျေးရွာတွေမှာ တရားနာပရိသတ်က တစ်ခါတလေ (၁၀၀/၁၅၀) လောက်ပဲ ရှိတယ်ဆိုတာ အတွေ့အကြုံရှိတဲ့သူတွေ သိပါတယ်။

အနောက်တိုင်းသားတွေ အတော်များများက စာဖတ်ပြီး ဗုဒ္ဓဘာသာ ဖြစ်လာကြတာ။ အနောက်တိုင်းသားဆိုတာ သူတို့ မယုံကြည်တာကို ယုံကြည်လာအောင် ဆွဲဆောင်ဖို့ အလွန်ခက်တဲ့ လူမျိုး။ သူတို့ဆန္ဒမပါရင် ဘယ်လိုလူကမှ ဖျားယောင်းသိမ်းသွင်းလို့ မရလောက်တဲ့အထိ ယုံကြည်ချက်က ခိုင်မာတယ်။ ကျွန်တော်တို့ လူမျိုးတွေကကော ယုံကြည်ချက် တကယ် ခိုင်မာကြပါရဲ့လား...။ လွန်ခဲ့တဲ့ ခုနစ်လလောက်က မြန်မာပြည်မှာ ရှိနေစိုက် ညီအစ်ကိုလို ခင်ရတဲ့ သူငယ်ချင်းအိမ်ကို မဂ္ဂဇင်းထုတ်ဖို့ကိစ္စနဲ့ ခဏခဏ ရောက်ဖြစ်တယ်။ တစ်နေ့မှာတော့ အိမ်တံခါးလာခေါက်လို့ တံခါးဖွင့်ပေးလိုက်တော့ လူတစ်ယောက်က စာရွက်လေးတွေ ခုနစ်ရွက်လောက်ကို လက်ထဲ ထိုးထည့်ပေးပါတယ်။ အိမ်တိုင်ရာရောက် ခရစ်ယာန်သာသနာပြုအသင်းတော်ကပါတဲ့။ သမ္မာကျမ်းစာထဲက လူတွေ စိတ်ဝင်စားလောက်မယ်ထင်တဲ့ ကောင်းနိုးရာရာလေးတွေကို ထုတ်နုတ်ရေးသားထားတဲ့ စာရွက်လေးတွေကို အိမ်တိုင်ရာရောက် လိုက်ပေးတာလေ။

ဗုဒ္ဓဘာသာမှာ အဲဒီလို အိမ်တိုင်ရာရောက် အခမဲ့ လိုက်ဝေတာမျိုး ရှိပါရဲ့လား။ ဒီလိုစနစ်လေးတွေရှိရင် သိပ်ကောင်းမှာပဲလို့ တွေးနေမိတယ်။ မလိုအပ်ဘူးလို့တော့ ပစ်ပစ်ခါခါကြီး မပြောလိုက်ပါနဲ့။ အိန္ဒိယနိုင်ငံ ဘုံဘေမြို့နားက ပူနေးဆိုတဲ့ တောင်ပေါ်မြို့ကလေးမှာ ပူနေးတက္ကသိုလ်ဆိုတာ ရှိပါတယ်။ ပူနေးတက္ကသိုလ်နဲ့ မလှမ်းမကမ်းမှာ စပိုက်ဆာကောလိပ်ဆိုတာ ရှိပါတယ်။ အဲဒီ စပိုက်ဆာကောလိပ်ရဲ့ အဝင်ပေါက်မှာ ကိတ်မုန့်ဆိုင်လေးတစ်ဆိုင် ဖွင့်ထားပါတယ်။ အဲဒီမုန့်ဆိုင်လေးထဲက စင်လေးတစ်ခုပေါ်မှာ သမ္မာကျမ်းစာနဲ့ ခရစ်ယာန်အဆုံးအမ ကျမ်းစာလေးတွေကို အမြဲလိုလို တင်ပေးထားပါတယ်။ လိုချင်တဲ့သူတွေ အခမဲ့ ယူကြဆိုပြီး စင်ပေါ်မှာ တင်ပေးထားတာ။ အုပ်ငါးရာလှူမယ်ဆိုရင် အုပ်ငါးရာ မကုန်မချင်း အဲဒီ စင်လေးပေါ်မှာ တင်ပေးထားတယ်။

ဟိန္ဒူကြီးစိုးတဲ့ အိန္ဒိယလိုတိုင်းပြည်မျိုးမှာ သမ္မာကျမ်းစာကို အခမဲ့ဝေတာ။ နောက် မလေးရှားဘက်ကို ကြည့်ပါဦး။ မလေးရှားဆိုတာ အစ္စလာမ်မစ်နိုင်ငံဆိုတာ လူတိုင်းသိပြီးသား။ အစ္စလာမ်နိုင်ငံ မလေးရှားက ပီနန်ကျွန်းမှာ ဗုဒ္ဓဘာသာကျမ်းစာတွေကို အခမဲ့ ဖြန့်ဝေတာ ရှိပါတယ်။ ပီနန်မြန်မာကျောင်းကို ရောက်လာတဲ့သူတွေ ဘယ်ဘာသာဝင်ဖြစ်ဖြစ် စိတ်ဝင်တစား လေ့လာချင်တဲ့သူတွေ ယူကြဆိုပြီး အခမဲ့ယူနိုင်အောင် စင်ပေါ် တင်ပေးထားတာတဲ့။ ထိုင်ဝမ်မှာလည်း ဗုဒ္ဓစာပေစာအုပ်တွေကို အခမဲ့ဝေတာ ရှိပါတယ်။ ထေရဝါဒအထွန်းကားဆုံးဆိုတဲ့ မြန်မာပြည်မှာ ဗုဒ္ဓစာပေကို (အခမဲ့) ယူလို့ ရနိုင်တဲ့နေရာ ဘယ်နေရာလဲ ပြောပါဆိုရင်...။ တစ်နိုင်တစ်ပိုင် လက်ဆောင်ပေးဝေတာမျိုးလေးတွေတော့ ရှိချင်ရှိမယ်ပေါ့။

စာရေးဆရာတိုင်း စာအုပ်ရေးပြီး အခမဲ့ဝေရမယ်လို့တော့ ဆိုလိုတာ မဟုတ်ဘူးပေါ့ဗျာ။ ဆိုလိုသည်မှာ တတ်နိုင်သူတွေအနေနဲ့ သည်လိုမျိုး စနစ်လေးတွေကို ကိုယ့်ဘာသာဝင်တွေကြားထဲမှာ လုပ်ဆောင်နိုင်ရင် ပိုမကောင်းဘူးလား။ ကိုယ့်ဘာသာဝင်တွေ တကယ်သိသင့်သိထိုက်တဲ့ ဘာသာရေးဆောင်းပါးတွေ၊ စာအုပ်တွေကို အုပ်ရေတစ်ရာ တတ်နိုင်ရင် အုပ်တစ်ရာ စသည်ဖြင့် အခမဲ့ဝေနိုင်အောင် ကြိုးစားပေးနိုင်ရင် အတိုင်းထက်အလွန်ပါပဲ။

အခု ရေးခဲ့တာတွေအားလုံးကို 'စိတ်ကူးသက်သက်တွေပါ။ တကယ်လက်တွေ့ မဖြစ်နိုင်ပါဘူး'လို့တော့ မပြောလိုက်ပါနဲ့။ အမျိုးသားရေး၊ ဘာသာ သာသနာစောင့်ရှောက်ရေး သွေးမအေးကြတဲ့ ရဟန်းတော်တွေ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေ မြန်မာပြည်မှာ အများကြီး ရှိနေတာပဲ မဟုတ်လား။ စာချဆရာတော်တွေကတော့ လာဘ်လာဘ သိပ်မပေါ်များလို့ ထားပါတော့။ ဓမ္မကထိက ဆရာတော်တွေ ဦးဆောင်ပြီး လုပ်မယ်ဆိုရင် မြန်မာပြည်မှာ ဓမ္မစာပေ အခမဲ့ ဖြန့်ဝေတဲ့စနစ်က မုချအောင်မြင်မယ်လို့ ယုံကြည်နေမိတယ်။

ဓမ္မကထိကဆရာတော်ဆိုတာ မင်္ဂ,ဖိုလ်,နိဗ္ဗာန်ရရေး၊ သံသာရာမှ လွတ်မြောက်ရေးအတွက်တောင် အားကိုးအားထားပြုလို့ ရသေးတာ၊ အခမဲ့ ဓမ္မစာပေဖြန့်ဝေဖို့ကိစ္စမှာ ဘာကြောင့် အားကိုးအားထား မရဘဲရှိမည်နည်း။ ထို့ကြောင့် မြန်မာပြည်အခမဲ့ဓမ္မစာပေ ဖြန့်ဝေနိုင်ရေးအတါက် ဓမ္မကထိကဆရာတော်များသို့ ချဉ်းကပ်လျှောက်ထားကြပါလေ။

အုံနဲ့ကျင်းနဲ့ အသိပညာလည်းပေး လက်တွေ့ကျကျလေးလည်း လုပ်ပေးကြရအောင်။ ကိုဇင်္ကာကြီးကတော့ တစ်နေ့စာအလွဲများနဲ့ လူ့လောကကြီးကို နှုတ်ဆက်သွားတာ ကြာပါပြီ။ မကြာခင် နှစ်သစ်ကို ရောက်ရဦးတော့မယ်။ ကျွန်တော်တို့တစ်တွေက နှစ်သစ်မှာလည်း တစ်နှစ်စာအလွဲများနဲ့ ရှင်သန်နေကြဦးမှာလား။

## ကိုယ့်ကိုယ်ကို ပြောင်းလဲခြင်း

ကိုယ့်ဘဝကို ပိုမိုတောက်ပြောင်စေဖို့ လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ရရှိဖို့ သင်ကိုယ်တိုင် သင့်ဘဝကို အနည်းဆုံး တစ်ခုလောက်ပြောင်းလဲပစ်နိုင်မှ ဖြစ်မယ်ဆိုရင် အဲဒီပြောင်းလဲဖို့ လိုအပ်နေတဲ့ အရာတစ်ခုက ဘာဖြစ်မလဲ။

ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ့်အလုပ်ထဲမှာ အမြဲတမ်း အတားအဆီး အနှောင့်အယှက်ဖြစ်နေရတဲ့ အရာတွေက ဘာတွေလဲ။ ကိုယ့်ရဲ့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်ရလောက်အောင်ထိ တားဆီးနှောင့်ယှက်နေတဲ့အရာတွေက ဘယ်အရာတွေလဲ။ ငယ်ရွယ်သူတို့ဘဝမှာ တွေ့ကြုံနေရတဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ ပတ်သက်လို့ အဆင်မပြေ ဖြစ်နေရတာတွေ၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ လွဲမှားနေရတာတွေဟာ ဘာကြောင့်ပါလဲ။ ကိုယ်ဟာ ကျောင်းသူကျောင်းသားတစ်ယောက်ဆိုရင်လည်း ကိုယ့်ဘာသာရပ်မှာ အခက်အခဲဆုံး၊ ဒုက္ခအပေးဆုံး ဘာသာရပ်တွေက ဘယ်ဘာသာရပ်တွေလဲ၊ လူတိုင်းဟာ ကိုယ်ကျင်လည်ရာ အဝန်းအဝိုင်းတစ်ခုမှာ အခက်အခဲဆိုတာ တစ်ခုမဟုတ် တစ်ခုတော့ ရှိနေတတ်ကြမယ်လို့ ထင်ပါတယ်။

ကိုယ့်မိဘ၊ ကိုယ့်ဇနီး၊ ကိုယ့်မိတ်ဆွေ၊ ကိုယ့်ရဲ့အရင်းနှီးဆုံးသူငယ်ချင်းနဲ့ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေကို ကိုယ့်ရဲ့အားနည်းချက်ဟာ ဘာလဲလို့ ပွင့်ပွင့်လင်းလင်း မေးကြည့်လိုက်ရင် ကိုယ်ပြန်ကြားရမယ့် သူတို့ရဲ့အဖြေက ဘယ်လိုအဖြေမျိုး ဖြစ်မယ်လို့ ထင်ပါသလဲ။ ဘယ်လိုအဖြေမျိုး ကြားရမလဲဆိုတာကို သိချင်တယ်ဆိုရင် မေးကြည့်စေချင်ပါတယ်။

ကိုယ့်ကိုယ်ကို ပြောင်းလဲချင်တဲ့သူဟာ အနည်းဆုံး ကိုယ့်ရဲ့အားနည်းချက်က ဘာဖြစ်တယ်ဆိုတာကိုတော့ သိဖို့လိုအပ်တယ်လို့ ဆိုပါတယ်။ ဘဝမှာ အမှားကင်းတယ်ဆိုတဲ့လူဆိုတာ အတော်ရှားပါတယ်။ အကြီးကြီးမှားတဲ့လူနဲ့ သေးသေးမှားတဲ့လူပဲ ကွာမှာပါ။ အမှားမကင်းတတ်ကြတဲ့ လူသားတွေပီပီ လူတိုင်းမှာ ကိုယ်စီကိုယ်စီ အားသာချက်တွေရှိသလို အားနည်းချက်၊ ချို့ယွင်းချက်၊ ပျော့ကွက်တွေဆိုတာလည်း ရှိမှာပါပဲ။ လူတစ်ယောက်ရဲ့ ချို့ယွင်းချက်၊ အားနည်းချက်၊ ပျော့ကွက်ဆိုတာ ဘယ်တော့မှ ပြုပြင်လို့မရတဲ့ အရာတွေ မဟုတ်သလို စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်နဲ့ ဆက်စပ်နေတဲ့ ပြဿနာလည်း မဟုတ်ပါဘူး။

ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေထဲမှာ ကိုယ့်ရဲ့အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေ၊ ကိုယ့်ရဲ့ပျော့ကွက်တွေများ ပါဝင်နေမလားဆိုတာကိုတော့ စိုးရိမ်နေဖို့ မလိုပါဘူး။ ကိုယ့်ကိုယ်ကို တကယ်ပြုပြင်ပြောင်းလဲချင်တဲ့စိတ် မရှိမှာကိုသာ ဂရုစိုက်ရမှာပါ။ ကိုယ့်မှာ ဘာအားနည်းချက် ဘာချို့ယွင်းချက်မှ မရှိဘူး၊ ကိုယ်ဟာ ပြီးပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်တယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်ယူဆနေသူတွေလည်း ရှိမှာပါ။ အခုရေးတာတွေက အဲဒီလို Perfect ဖြစ်တဲ့ ပုဂ္ဂိုလ်တွေအတွက် မရည်ရွယ်ပါဘူး။ စာဖတ်သူဟာ ကိုယ့်ကိုယ်ကို Perfect ဖြစ်တယ်လို့ ယုံကြည်ချက် အပြည့်ရှိနေသူ တစ်ယောက်ဆိုရင်တော့ အခုရေးမည့် အကြောင်းအရာတွေကို ရှေ့ဆက်ပြီး ဖတ်နေဖို့ မလိုအပ်တော့ပါဘူး။

လူတချို့ဟာ ကိုယ့်ရဲ့အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေ ရှိနေတာကြောင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် အဖြေရှာတဲ့နည်းကို လက်တွေ့ကျင့်သုံးဖို့ ဝန်လေးနေတတ်ကြပါတယ်။ ကိုယ့်ရဲ့ အားနည်းချက်ကို မပြုပြင်ချင်တတ်ကြပါဘူး။ ဒါကြောင့်လည်း နောက်ဆုံးတော့

ဒီအားနည်းချက်တွေကပဲ ကိုယ့်ရဲ့မိသားစု၊ ကိုယ့်မိတ်ဆွေနဲ့ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေရဲ့ ခင်မင်ရင်းနှီးမှု ချစ်ကျွမ်းဝင်မှုဆိုတဲ့ နွေးထွေးတဲ့ မေတ္တာအသိုက်အမြုံလေးကို ဖျက်ဆီးပစ်တတ်ကြပါတော့တယ်။

ဒါကြောင့် ကိုယ့်ရဲ့အားနည်းချက်တွေကို အားသာချက်ဖြစ်အောင် တကယ်လုပ်ချင်တဲ့သူ၊ ကိုယ့်ကိုယ်ကို တကယ်ပြောင်းလဲချင်တဲ့စိတ်ရှိသူဟာ ကိုယ့်ရဲ့အားနည်းချက် ကိုယ့်ရဲ့ချို့ယွင်းချက်က ဘာတွေဖြစ်တယ်ဆိုတာကို သိဖို့ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ရဲ့အားနည်းချက် ကိုယ့်ရဲ့ချို့ယွင်းချက်ကို ရှာဖွေခြင်းဟာ ကိုယ့်ရဲ့အားနည်းချက်ကို အားသာချက်အဖြစ် ပြောင်းလဲခြင်းရဲ့ အစဖြစ်လို့ပါပဲ။ တစ်နည်းအားဖြင့် ကိုယ့်ရဲ့ အားနည်းချက်ကို ရှာဖွေခြင်းဟာ ကိုယ့်ကိုယ်ကို ပြောင်းလဲခြင်းရဲ့ အစပဲ မဟုတ်လား။

မိုးယိုနေတဲ့နေရာကို ဖာထေးချင်တဲ့ လူတစ်ယောက်အနေနဲ့ သူအရင်ဆုံးလုပ်ရမည့် အလုပ်ကတော့ ဘယ်နေရာက ပေါက်နေသလဲဆိုတာကို ရှာဖွေဖို့ပဲ ဖြစ်ပါတယ်။ ဘယ်နေရာမှာ ပေါက်နေတယ်ဆိုတာကို မသိရင် မိုးယိုနေတဲ့ အပေါက်ကို ပိတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကို ပြောင်းလဲတဲ့နေရာမှာလည်း အရင်ဆုံးလုပ်ရမည့် တာဝန်က ကိုယ် ဘယ်နေရာမှာ အားနည်းတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိထားဖို့ လိုအပ်ပါတယ်။ ကိုယ့်အားနည်းချက်ကို ကွက်ကွက်ကွင်းကွင်း မသိဘဲနဲ့ ကိုယ့်ကိုယ်ကို ပြောင်းလဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်လည်း 'ကိုယ့်ရဲ့အားနည်းချက်ကို ရှာဖွေခြင်းဟာ ကိုယ့်ကိုယ်ကို ပြောင်းလဲခြင်းရဲ့ အစ'လို့ ဆိုခဲ့တာပဲ ဖြစ်ပါတယ်။

Achilles Heel ဆိုတဲ့ အင်္ဂလိပ်စကားလုံးလေးတစ်လုံး ရှိပါတယ်။ Achilles ဆိုတာ ရောမပြည်မှာ ဘီစီ ၁၂ - ရာစုက ဖြစ်ပွားခဲ့တဲ့ ထရိုဂျန်စစ်ပွဲကို ဦးဆောင်ခဲ့တဲ့ သူရဲကောင်းတစ်ဦးပါ။ (ဒီစစ်ပွဲအကြောင်းကို ဒါရိုက်တာ ဂျော့ဟန်းက ၁၉၉၇ ခုမှ Trojan War ဆိုတဲ့ အမည်နဲ့ ရုပ်ရှင်ရိုက်ခဲ့ဖူးပါတယ်) လူတစ်ယောက်ရဲ့ အားနည်းချက်တွေ ပျော့ကွက်တွေ ချို့ယွင်းချက်တွေကို ပြောချင်ရင် Achilles Heel ဆိုတဲ့ စကားလုံးကို သုံးပါတယ်။

ဒီစကားလုံးရဲ့ တိုက်ရိုက်အဓိပ္ပါယ်က Achilles ရဲ့ ခြေဖနောင့်ပေါ့။ ဒါပေမဲ့ Achilles Heel ဆိုတဲ့ စကားလုံးရဲ့ သွယ်ဝိုက်အဓိပ္ပါယ်က လူတစ်ယောက်ရဲ့ အားနည်းချက်၊ ချို့ယွင်းချက်၊ ပျော့ကွက်တွေကို ဆိုလိုတာပါတဲ့။ ဂရိဒဏ္ဍာရီအလိုအရ Achilles ဖြစ်လာမယ့် ကလေးငယ်ကို သူ့အမေက Strx ဆိုတဲ့ မြစ်ထဲမှာ ကလေးငယ် ဘေးကင်းလုံခြုံဖို့ ရေချိုးပေးတဲ့ အခါတိုင်းမှာ ခြေထောက်ကကိုင်ပြီး ကလေးငယ်ကို ရေနှစ်ခြင်းဖြင့် မင်္ဂလာယူလေ့ရှိသတဲ့။ (မြန်မာပြည်မှာ ကလေးကင်ပွန်းတပ်သလိုမျိုးပေါ့)

ဒါကြောင့် ကလေးငယ်ဟာ တစ်ကိုယ်လုံး ရေစိုပေမဲ့ အမေကိုင်ထားတဲ့ ဖြေဖနောင့်နေရာကတော့ ရေစိုလေ့ မရှိဘူးပေါ့။ သူ အရွယ်ရောက်လာတဲ့အခါ စစ်ထဲဝင်ပြီး တိုက်ပွဲတွေ အများကြီးတိုက်ခဲ့တယ်။ နောင်အခါ စစ်တိုက်တိုင်းလိုလို အောင်နိုင်တဲ့ စစ်သူကြီးအဖြစ် ထင်ရှားကျော်ကြားလာခဲ့တယ်။

မြှားနဲ့ပစ်ပြီး စစ်တိုက်ကြတဲ့ခေတ်မှာ Achilles ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ဘယ်လိုပဲ မြှားနဲ့ပစ်ပစ် မသေနိုင်ဘူးလို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ခန္ဓာကိုယ်တစ်ခုလုံးကို သံချပ်အင်္ကျီတွေဝတ်ပြီး ကာကွယ်ထားတာကိုး။ ဒါပေမဲ့ သူဟာ တိုက်ပွဲဝင်တဲ့ အခါတိုင်းမှာလိုလို ခြေဖနောင့်နေရာလေးကိုတော့ အမြဲတမ်းလိုလို ဖော်ဖော်ထားသတဲ့။ ရန်သူဟာ အဲဒီခြေဖနောင့်လေးကို ထိမှန်အောင် မပစ်နိုင်မချင်း သူမသေနိုင်ဘူးဆိုတဲ့သဘောပေါ့။ တိုက်ပွဲပေါင်းများစွာ အောင်နိုင်ပြီးတဲ့အဆုံးမှာ သူ့ရဲ့ အဓိကရန်သူဖြစ်တဲ့ ပါရစ်က သူ့ရဲ့ ခြေဖနောင့်ကို မြှားနဲ့ပစ်လိုက်မှပဲ Achilles ကျရှုံးသွားခဲ့တယ်လို့ ဆိုပါတယ်။ သူ့ရဲ့ ခြေဖနောင့်နေရာကို ဖော်ထားတာကိုက Achilles ရဲ့ အားနည်းချက်လို့ပဲ ဆိုရမှာပါ။ ဒါကြောင့် လူတစ်ယောက်ရဲ့ အားနည်းချက် ချို့ယွင်းချက်ကို ပြောချင်တဲ့ အခါမျိုးမှာ Achilles Heel ဆိုတဲ့ စကားလုံးကို စတင်အသုံးပြုခဲ့ကြတာပါတဲ့။

Achilles မှာ အားသာချက်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ အားနည်းချက်လေးတစ်ခုက သူ့ဘဝကို ကျဆုံးစေခဲ့တယ်။ တကယ်လို့ သူ့ရဲ့ခြေဖနောင့်ကိုသာ ဖုံးထားနိုင်ခဲ့မယ်ဆိုရင် သူဟာ ရန်သူ့လက်ချက်နဲ့ ဘယ်တော့မှ မကျဆုံးရမယ့် သူရဲကောင်းများ ဖြစ်လာမလားလို့ စဉ်းစားနေမိတယ်။ ဘာပဲဖြစ်ဖြစ် လူတိုင်းမှာ အားသာချက် အားနည်းချက်ဆိုတာ ရှိတတ်ကြတယ်ဆိုတဲ့သဘောကို ဂရိဒဏ္ဍာရီက မှတ်တမ်းတင်ထားတာ ဖြစ်မှာပါ။

ကျွန်တော်တို့ဝန်းကျင်မှာတဲ့ကော Achilles တွေ အများကြီး မရှိနိုင်ဘူးတဲ့လား။ ပြီးတော့ ကိုယ်ကိုယ်တိုင်ကကော Achilles မဖြစ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာတဲ့လဲ…။

## စိတ်ဓာတ်ကြံ့ခိုင်ခြင်းနှင့် ကြိုးစားအားထုတ်မှု

လွန်ခဲ့တဲ့ ၁၈၇၀ - ပြည့်လွန်နှစ်တွေတုန်းက အမေရိကန်ပြည်ထောင်စုမှာ ကမ္ဘာကျော်ဘရိုကလင်တံတားကြီးကို တည်ဆောက်ခဲ့တဲ့ ဂျွန်ရိုဘလင်းလို့ခေါ်တဲ့ အင်ဂျင်နီယာတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူဟာ ဒီကမ္ဘာကျော်တံတားကြီးကို ၁၈၇၀ - ပြည့်နှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး နောင် ၁၃ - နှစ်အကြာ ၁၈၈၃ - အရောက်မှာတော့ အလွန်ရှည်လျားလှတဲ့ ဒီတံတားကြီးကို အပြီးသတ်နိုင်ခဲ့ပါတယ်။

ဒီတံတားကြီးဟာ နယူးယောက်မြို့ကြီးရဲ့ မဟတ်တန်ရပ်ကွက်နဲ့ ဘရိုကလင်ရပ်ကွက်ကို အချိန်တိုတိုနဲ့ သွားလာနိုင်ဖို့ ရှည်လျားလှတဲ့ ပင်လယ်ပြင်ကြီးကို ဖြတ်ပြီး တည်ဆောက်ထားတဲ့ တံတားကြီး ဖြစ်ပါတယ်။ တံတားအရှည် ပေပေါင်း ၁၅၉၅ - ပေ (၄၈၆.၃ မီတာ) ရှိပြီး ၁၉၀၃ - ခုနှစ်အထိ ကမ္ဘာ့အရှည်ဆုံး တံတားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သလို အမေရိကန်ပြည်ထောင်စုရဲ့ ရှေးအကျဆုံး တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ ပြီးတော့ ဒီတံတားကြီးကို နယူးယောက်မြို့ကြီးရဲ့ icon အဖြစ် အမေရိကန်ပြည်သူတွေက ဂုဏ်ယူလေ့ရှိပါတယ်။ တံတားရဲ့ ကုန်ကျစရိတ်က အမေရိကန် ဒေါ်လာ ၁၅.၅ မီလီယံရှိပြီး တံတားတည်ဆောက်နေစဉ်အတွင်း လူပေါင်း ၂၇ - ယောက်ထက်မနည်း အသက်ပေးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီတံတားကြီးရဲ့ သမိုင်းက ထူးခြားနေပါတယ်။

၁၈၈၃ - ခုနှစ်မှာ ထူးချွန်ထက်မြက်ပြီး ထိုးထွင်တီထွင်နိုင်စွမ်းရှိတဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်တဲ့ ဂျွန်ရိုဘလင်းရဲ့ စိတ်ထဲမှာ 'နယူးယောက်မြို့ကြီးနဲ့ ပင်လယ်ကမ်းရိုးတန်းရှည်ကြီးကို ဆက်သွယ်ပေးဖို့ အလွန်ခမ်းနားကြီးကျယ်တဲ့ သူလို အင်ဂျင်နီယာပညာရှင်တွေ လက်ဖျားခါလောက်တဲ့ သမိုင်းဝင်တံတားကြီးတစ်စင်းကို တည်ဆောက်ရရင် ကောင်းမှာပဲ' ဆိုတဲ့ အတွေးတွေက နေရာယူစိုးမိုးနေခဲ့ပါတယ်။ ဒါကြောင့် သူ့အတွေးကို ပြောပြလိုက်တဲ့အခါ ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့၊ လက်တွေ့လည်းမကျတဲ့၊ အရင်တုန်းကလည်း ဘယ်သူမှ မတွေးခဲ့မိကြတဲ့ စိတ်ကူးတစ်ခုဖြစ်ပြီး ဂျွန်ရိုဘလင်းကို ဒီစိတ်ကူးတွေကို စွန့်လွှတ်လက်လျှော့လိုက်ဖို့ ဝိုင်းပြောကြပါတယ်။

ဒါပေမဲ့ ရိုဘလင်းရဲ့စိတ်ထဲမှာတော့ သူ့အတွေးကို ဘယ်လိုမှ မေ့ပစ်လို့မရဘဲ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီတံတားကြီးကို တည်ဆောက်နိုင်ရမယ်လို့ တစ်ချိန်လုံး လေးလေးနက်နက် တွေးနေခဲ့ပါတယ်။ သူဟာ သူ့အိပ်မက်တွေကို အခြားသူတွေကို မျှဝေခဲ့ပါတယ်။ သူဟာ ဆွေးနွေးတိုင်ပင်မှုတွေ လှုံ့ဆော်စည်းရုံးမှုတွေ ပြုလုပ်ပြီးတဲ့နောက်မှာ အလားအလာရှိတဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်တဲ့ သူ့သား ဝါရှင်တန်ကို သိမ်းသွင်းစည်းရုံး လှုံ့ဆော်နိုင်ခဲ့ပါတယ်။ သူဖြစ်ချင်တဲ့ စိတ်ကူးတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရမယ်ဆိုတာကို သူ့သားကို ယုံကြည်စေပါတယ်။

ပထမဦးဆုံး သားအဖနှစ်ယောက် အတူလက်တွဲတည်ဆောက်ကြဖို့ ဆွေးနွေးတိုင်ပင်ရင်း ဘယ်လိုစတင်တည်ဆောက်ရမယ်၊ ဘယ်လိုအဆုံးသတ်ရမယ်၊ အခက်အခဲတွေ အဟန့်အတားတွေကို ဘယ်လိုကျော်လွှားရမယ်ဆိုတာကို ပိုပြီးသိလာခဲ့ပါတယ်။ စိတ်လှုပ်ရှားမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတွေနဲ့အတူ သူ တည်ဆောက်ချင်တဲ့ ဒီတံတားကို စတင်တည်ဆောက်နိုင်ဖို့ အလုပ်သမားတွေ ငှားရမ်းကြပါတယ်။

သူတို့ဟာ လုပ်ငန်းကို ကောင်းကောင်းစတင်နိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ သိပ်မကြာခင် လ အနည်းငယ်အတွင်းမှာပဲ လုပ်ငန်းခွင်မှာ အလွန်ကြောက်စရာကောင်းတဲ့ မတော်တဆမှုတစ်ခု ရိုဘလင်းရဲ့ဘဝမှာ ဖြစ်ပျက်ခဲ့ပါတယ်။ သားဖြစ်သူ ဝါရှင်တန်ဟာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီး ဦးနှောက်ပျက်စီးသွားပါတော့တယ်။ ဒီမတော်တဆထိခိုက်မှုရဲ့ အကျိုးဆက်ကြောင့် ဝါရှင်တန်ဟာ စကားလည်း မပြောနိုင်တော့သလို လမ်းလည်း မလျှောက်နိုင်တော့ပါဘူး။

လူတချို့ကတော့ 'ဒီလူတွေဟာ ရူးနေသူတွေဖြစ်ပြီး သူတို့ရဲ့အိပ်မက်ဟာလည်း ရူးကြောင်ကြောင် အလွန်နိုင်တယ်။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အတွေးကို တွေးတာကိုက ရူးလို့ပေါ့'လို့ ပြောကြပါတယ်။ လူတိုင်းက အပြစ်တင်နေကြပြီး တည်ဆောက်ရေးမှာ ဘယ်လိုတည်ဆောက်ရမယ်ဆိုတာကို သိနေတဲ့ ရိုဘလင်းတစ်ယောက်တည်းသာ ရှိတော့တာမို့ ဒီလုပ်ငန်းကိုလည်း ပယ်ဖျက်ပစ်ဖို့ တိုက်တွန်းကြပါတယ်။

ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းမှုတွေရှိပေမယ့် ဝါရှင်တန်ကတော့ ဘယ်တော့မှ စိတ်ဓာတ်ကျမသွားခဲ့ပါဘူး။ သူ့စိတ်ထဲမှာ ဒီတံတားကြီး ပြီးဆုံးဖို့ပဲ အမြဲတွေးနေခဲ့ပါတယ်။ သူဟာ သူ့မိတ်ဆွေ သူငယ်ချင်းတွေကို စိတ်အားထက်သန်စွာနဲ့ ဆက်လက်တည်ဆောက်ဖို့ တိုက်တွန်းပေမယ့် သူတို့ကတော့ သူပြောတာကို နားထောင်ရုံနဲ့ကို ကြောက်ရွံ့တုန်လှုပ်သွားကြတော့တယ်။

သူ့ရဲ့ကျန်းမာရေးဟာ အတော်ဆိုးရွားလာပါတယ်။ ဆေးရုံမှာရှိတဲ့ ကုတင်ပေါ်မှာပဲ လဲလျောင်းနေရပါတယ်။ သူနေတဲ့ အခန်းလေးထဲကို မှန်ပြတင်းပေါက်ကနေ နေရောင်လေးတွေက ရံဖန်ရံခါ လာရောက်တတ်သလို တစ်ခါတစ်ရံမှာတော့ လေနုအေးလေးတွေက ခန်းစည်းကန့်လန့်ကာလေးတွေကို တိုးဝှေ့ဖယ်ရှားပြီး သူ့ကိုလာရောက်နှုတ်ဆက်တတ်ပါတယ်။ သူဟာ အခုအခါမှာ အခန်းကုတင်လေးပေါ်ကနေ ကောင်းကင်ပြာနဲ့ သစ်ပင်ထိပ်ဖျားလေးတွေကိုသာ မြင်နိုင်စွမ်းရှိတဲ့ ဒုက္ခိတတစ်ယောက်ပါ။

ဒါပေမဲ့ သူဟာ ခိုင်မာပြတ်သားတဲ့ သူတစ်ယောက်ပါ။ ဘယ်တုန်းကမှ သူ့စိတ်ကူးတွေကို စွန့်လွှတ်ပစ်ဖို့ မတွေးခဲ့ပါဘူး။ တစ်ခါမှာတော့ သူဟာ သူလုပ်နိုင်တာလေးတွေကို လက်ချောင်းကလေးတွေနဲ့ ရွှေ့ပြပြီးတော့ အလုပ်လုပ်ရရင် ကောင်းမယ်လို့ စိတ်ကူးမိလိုက်ပါတယ်။ ဒါကြောင့် သူဟာ လက်ချောင်းကလေးတွေကို ကြိုးစားလှုပ်ရှားရင်း မိန်းမဖြစ်သူ အမ်မလီလ်ဝရမ်ရိုဘလင်းကို သူ ဖြစ်ချင်တာလေးတွေကို နားလည်နိုင်အောင် ကြိုးစားပေးပါတော့တယ်။ ဥပမာ လက်ချောင်းလေးနဲ့ သူ့မိန်းမလက်မောင်းကို ထိလိုက်တဲ့အခါ သူဟာ အင်ဂျင်နီယာနဲ့ တွေ့ချင်တယ်ဆိုတဲ့ သင်္ကေတကို သူ့မိန်းမကလည်း သဘောပေါက်လာပါတော့တယ်။ နောက်တော့ သူ့ရဲ့လက်ချောင်းသင်္ကေတလေးတွေကို သူ့မိန်းမဟာ တော်တော်လေး နားလည်လာတဲ့အတွက် သူဟာ လုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်နိုင်လာပါတော့တယ်။

ဒီလိုနည်းနဲ့ သူဖြစ်ချင်တာတွေကို သူ့လက်ချောင်းကလေးတွေကို အသုံးပြုပြီး အလုပ်လုပ်လာတဲ့အခါ ၁၃ - နှစ် ကြာတဲ့အခါမှာ ဒီတံတားကြီးကို အပြီးသတ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အနိုင်မခံ အရှုံးမပေးတတ်တဲ့၊ ခိုင်မာတဲ့စိတ်ရှိတဲ့ သူတစ်ယောက်ရဲ့ အောင်ပွဲအဖြစ် သက်သေထူထားတဲ့ ဒီတံတားကြီးကို ဒီနေ့အချိန်ထိ ခံ့ညားထည်ဝါစွာ တွေ့မြင်နေကြရဆဲပါ။ ဒါဟာ ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်ရှိတဲ့ လူတစ်ယောက်ကို ဘယ်လိုလူ ဘယ်လိုအခြေအနေမျိုးကမှ အနိုင်မယူနိုင်ဘူးဆိုတာကို ပြသလိုက်တာပဲဖြစ်ပါတယ်။ ပြီးတော့ သူဟာ အင်ဂျင်နီယာတွေကို သူတို့ရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနဲ့ လူတစ်ယောက်အပေါ်မှာထားတဲ့ ယုံကြည်မှုကို သက်သေသာဓကအဖြစ် ပြသလိုက်ခြင်းလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဒုက္ခိယောကျာ်းတစ်ယောက်ရဲ့ ဖြစ်ချင်တဲ့ ဆန္ဒတွေကို ၁၃ - နှစ်လုံးလုံး အင်ဂျင်နီယာတွေကို ပြန်ပြောပြပေးရင်း ကိုယ့်ယောကျာ်းရဲ့ဆန္ဒတွေကို ဖြည့်ဆီးပေးတဲ့ မိန်းမတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတရားတွေ ယုံကြည်ချစ်မြတ်နိုးမှုတွေကို လက်ဆုပ်လက်ကိုင်ပြသနိုင်ဖို့ ဒီတံတားကြီးက သက်သေသာဓကအဖြစ် မားမားမတ်မတ် တည်ရှိနေတယ်ဆိုရင်လည်း မှားမယ်မထင်ပါဘူး

ဒီအဖြစ်အပျက်က လူသားတွေအတွက် 'ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်'၊ 'လေ့ခွက်ချည်းကျန် အလံမလဲ' ဆိုတဲ့ စိတ်ခွန်အားတွေပေးတဲ့ အကောင်းဆုံးနမူနာတွေထဲက တစ်ခုဖြစ်မယ်လို့ ထင်ပါတယ်။ ခိုင်မာတဲ့ ဆုံးဖြတ်ချက်နဲ့ မဆုတ်နစ်ဘဲ မှန်ကန်တဲ့ ကြိုးစားအားထုတ်မှုရှိတဲ့သူတွေသာ အခက်အခဲအားလုံးကို ကျော်လွှားနိုင်ပြီး သာမန်ထက်ထူးခြားတဲ့ အောင်မြင်မှုတွေကို ရနိုင်တာပါ။

လူသားတွေရဲ့ နေ့စဉ်ဖြတ်သန်းမှုတွေမှာ အခက်အခဲတွေနဲ့ တွေ့ကြုံရတဲ့အခါ ငါတို့တွေကြုံနေရတဲ့ အခက်အခဲ အကျပ်အတည်းတွေဟာ အခြားသူတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် အသေးအဖွဲလေးသာဖြစ်တယ်လို့ တွေးမိလိုက်ရင် အတိုင်းအတာတစ်ခုထိတော့ စိတ်သက်သာရာ ရနိုင်မယ်လို့ထင်ပါတယ်။

ဘရိုကလင်တံတားကြီးက အခြားသူတွေအတွက် မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ စိတ်ကူးတွေဟာ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ မဆုတ်နစ်တဲ့ အားထုတ်မှုရှိသူတွေအတွက် အရာရာအားလုံးဟာ ဖြစ်နိုင်တယ်ဆိုတာကို ပြသနေတယ်လို့ ပြောရင် မှားမယ်မထင်ပါဘူး။

ဒါကြောင့် ဘဝမှာ လောကဓံမုန်တိုင်းတွေ ဘယ်လောက်ပဲ ပြင်းထန်နေပါစေ၊ ကိုယ့်လူမျိုး ကိုယ့်ဘာသာ သာသနာအတွက်၊ လောကလူသားတွေရဲ့ ကောင်းကျိုးအတွက် ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်၊ ပြင်းထန်ပြီး အဆက်မပြတ်တဲ့ ကြိုးစားအားထုတ်မှုတွေနဲ့ ဘဝခရီးကို လျှောက်လှမ်းမယ်ဆိုရင် ပန်းတိုင်ဟာ လက်တစ်ကမ်းမှာပဲ ရှိနေတယ်ဆိုတာ ယုံကြည်ထားစေချင်ပါတယ်။ ပြီးတော့ ဒီလို ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်နဲ့ မှန်ကန်တဲ့ ကြိုးစားအားထုတ်မှုရှိတဲ့ သူကို ဘယ်လိုလူ၊ ဘယ်လိုအခြေအနေမျိုးကမှ အနိုင်မယူနိုင်ဘူးဆိုတာကိုလည်း ယုံကြည်စေချင်ပါတယ်။

## ဆိုင်ရှင်ကျွေးတဲ့ ခေါက်ဆွဲတစ်ပန်းကန်

တစ်ညမှာတော့ 'ဆူး'လို့ခေါ်တဲ့ မိန်းကလေးဟာ အမေဖြစ်သူနဲ့ စကားများ ရန်ဖြစ်ပြီး အိမ်ပေါ်ကနေ ဆင်းသွားပါတယ်။ စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းလာခဲ့ပေမယ့် သူ့မှာ ပိုက်ဆံတစ်ပြားမှ ပါမလာဘူးဆိုတာကို လမ်းရောက်မှ သူ သတိရတယ်။ အိမ်ကို ဖုန်းခေါ်ဖို့ ပိုက်ဆံအကြွေစေ့လေးတွေတောင် သူ့မှာ ပါမလာခဲ့ဘူး။ ဖြစ်ချင်တော့ သူဟာ ခေါက်ဆွဲဆိုင် တစ်ဆိုင်ထဲမှာ ရောက်နေတယ်။ အလွန်မွှေးကြိုင်တဲ့ ခေါက်ဆွဲအနံ့လေးကို ရှူရှိုက်လိုက်ရတဲ့အခါမှာ ဗိုက်က ဆာလာပါတော့တယ်။ သူ ခေါက်ဆွဲစားချင်စိတ်တွေ အရမ်းဖြစ်လာတယ်။ ဒါပေမဲ့ ပိုက်ဆံတစ်ပြားမှ ယူမလာခဲ့မိဘူး။

ကောင်တာရှေ့မှာ တုံ့ဆိုင်းတုံ့ဆိုင်းနဲ့ မဝံ့မရဲရပ်နေတဲ့ မိန်းကလေးကို ဆိုင်ရှင်ဖြစ်သူက တွေ့မြင်သွားပြီး 'မိန်းကလေး မင်း ခေါက်ဆွဲစားချင်လို့လား'လို့ မေးလိုက်ပါတယ်။ ကလေးမလေးကလည်း 'ကျွန်မခေါက်ဆွဲတော့ စားချင်ပါတယ်။ ဒါပေမဲ့ သမီးမှာ ပိုက်ဆံပါမလာခဲ့ဘူး'လို့ ရှက်ကိုးရှက်ကန်း အမူအရာလေးနဲ့ ပြန်ပြောလိုက်ပါတယ်။ ဒီတော့ ဆိုင်ရှင်က 'ရပါတယ်ကွယ်။ လာ အထဲကို ဝင်ခဲ့။ မင်းအတွက် ခေါက်ဆွဲတစ်ပန်းကန်ကို ငါကိုယ်တိုင် ကျော်ကျွေးပါ့မယ်'လို့ ပြောလိုက်ပါတယ်။ သိပ်မကြာခင်မှာပဲ ဆိုင်ရှင်ဟာ ခေါက်ဆွဲကြော်တစ်ပန်းကန်ယူလာပြီး မိန်းကလေးကို ပေးလိုက်ပါတယ်။ ခေါက်ဆွဲကို နဲနဲစားပြီးတဲ့အခါ မိန်းကလေးဟာ ငိုပါတော့တယ်။ 'ဘာကြောင့် ငိုရတာလဲ'လို့ ဆိုင်ရှင်က မေးတဲ့အခါ 'ဘာမှ မဖြစ်ပါဘူး။ ကျွန်မဟာ ဦးလေးရဲ့ ကြင်နာမှုတွေကို ခံစားရတဲ့အတွက် ငိုမိတာပါ'လို့ မျက်ရည်သုတ်ရင်းနဲ့ ပြောလိုက်ပါတယ်။ ပြီးတော့ သူမ 'လမ်းမှာတွေ့ရတဲ့ သူစိမ်းတစ်ယောက်ကတောင်မှ ကျွန်မကို စေတနာအပြည့်နဲ့ ခေါက်ဆွဲကျွေးတယ်။ ဒါပေမဲ့ ကျွန်မအမေကတော့ ကျွန်မနဲ့ရန်ဖြစ်ပြီးနောက် ကျွန်မကို အိမ်ပေါ်ကနေ နှင်ချပါတယ်။ ကျွန်မအမေဟာ ကြင်နာမှု မရှိဘူး။ သိပ်ရက်စက်တာပဲ'လို့ ပြောလိုက်ပါတယ်။

ဒီတော့ ဆိုင်ရှင်က 'မိန်းကလေးရေ... မင်း ဘာဖြစ်လို့ အဲဒီလို တွေးရတာလဲ။ သေသေချာချာ ပြန်တွေးကြည့်လိုက်စမ်းပါ။ ငါလို သူစိမ်းတစ်ယောက်က ခေါက်ဆွဲလေးတစ်ပန်းကန် ကျွေးတာကို မင်းက ကျေးဇူးတင်လို့ မဆုံးဘူးဖြစ်နေတယ်။ မင်းရဲ့အမေဟာ မင်းငယ်ငယ်ကတည်းက မင်းကို ကြည့်ရှုစောင့်ရှောက် ကျွေးမွေးပြုစုလာခဲ့တာဖြစ်တယ်။ ဘာဖြစ်လို့ မင်းဟာ မင်းအမေကို ကျေးဇူးမတင်ရတာလဲ။ ဘာဖြစ်လို့ မင်းအမေရဲ့ စေတနာတွေကို နားမလည်ရတာလဲ။ ဘာဖြစ်လို့ မင်းအမေ ဆုံးမတာကို မနာခံချင်ရတာလဲ'လို့ ပြန်ပြောလိုက်ပါတယ်။

မိန်းကလေးဟာ ဆိုင်ရှင်ရဲ့စကားကို ကြားလိုက်ရတဲ့အခါ အလွန်ပဲ အံ့အားသင့်သွားပါတယ်။ 'ငါ ဘာဖြစ်လို့ သူလို မတွေးခဲ့မိတာပါလိမ့်။ ငါဟာ သူစိမ်းတစ်ယောက်ကကျွေးတဲ့ ခေါက်ဆွဲတစ်ပန်းကန်ကိုကျတော့ ကျေးဇူးတင်လို့ မဆုံးဘူး။ ဒါပေမဲ့ ငါ ငယ်ငယ်ကလေးတည်းက ငါ့ကို ပြုစုစောင့်ရှောက်လာခဲ့တဲ့ ငါ့အမေရဲ့ စေတနာတွေ၊ ကြင်နာမှုတွေအတွက်ကျတော့ ငါ ဘာဖြစ်လို့ ကျေးဇူးမတင်မိဘဲ အပြစ်မြင်နေရတာလဲ'လို့ ပြန်တွေးလိုက်ပါတယ်။

မိန်းကလေးဟာ ဒီလိုတွေးပြီး သူမှားသွားတဲ့အကြောင်း သူ့ကို ခွင့်လွှတ်ပေးဖို့ အမေဖြစ်သူကို တောင်းပန်မယ်ဆိုပြီး အိမ်ပြန်သွားပါတယ်။ အိမ်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ စိုးရိမ်စိတ်တွေနဲ့ သမီးဖြစ်သူကို လိုက်ရှာရင်း ပင်ပန်းနွမ်းနယ်ပုံပေါက်နေတဲ့

စောင့်ကြိုနေတဲ့ အမေဖြစ်သူကို တွေ့လိုက်ရပါတယ်။ အမေဖြစ်သူဟာ သမီးကို တွေ့တွေ့ချင်းပဲ 'သမီးလေးရေ... လာ အထဲကို ဝင်လာခဲ့။ သမီး ဗိုက်ဆာနေရောပေါ့။ သမီးအတွက် အမေ ထမင်းနဲ့ဟင်းတွေ အများကြီးချက်ထားတယ်။ ပူနေတုန်းလေး လာစားလိုက်ပါ သမီး'လို့ နူးညံ့ညင်သာစွာ လှမ်းပြောလိုက်တဲ့အခါ မိန်းကလေးဟာ စိတ်မထိန်းနိုင်တော့ဘဲ အမေ့ဆီကို ပြေးသွားပြီး အမေဖြစ်သူရဲ့ ရင်ခွင်ထဲမှာပဲ ငိုချလိုက်ပါတော့တယ်။

ဘဝမှာ ကျွန်တော်တို့တစ်တွေဟာ ကိုယ့်ပတ်ဝန်းကျင်က ကျေးဇူးတရား နည်းနည်းလေး ပြုဖူးတယ်ဆိုရင်တောင် အများကြီး အသိမှတ်ပြု ကျေးဇူးတင်တတ်ကြပေမယ့်လို့ ကိုယ့်ရဲ့ ညီအစ်ကိုမောင်နှမတွေ၊ ဆွေမျိုးသားချင်းတွေ၊ မိဘတွေရဲ့ ပေးဆပ်မှုတွေ ကျေးဇူးတရားတွေ၊ စွန့်လွှတ်အနစ်နာခံမှုတွေကိုကျတော့ 'သူတို့မှာ လုပ်ပေးရမယ့် တာဝန်ရှိတာပဲ၊ ဒါ သဘာဝပါပဲ'လို့ မြင်နေတတ်ကြပြန်ပါတော့တယ်။

## ၂၀၁၃ ဒိုင်ယာရီ

(၁)

'လမ်းပေါ်ထွက် ဆန္ဒဖော်ထုတ်တဲ့ သံဃာတွေကို

အရေးယူတော့မယ်'တဲ့

မိကျောင်းကန်၊ လက်ပန်းတောင်းအစ

ရန်ကုန်မြို့လယ်အဆုံး

ပုဒ်မ ၁၈-ကို တွင်တွင် သုံးလို့

၂၀၁၃-ဟာ

ဆန်ရင်းနာနာဖွပ်တဲ့

ဓာတ်ပြားဟောင်းကြီးတစ်ချပ်ဖြစ်တယ်။

(၂)

ဘိုးဘွားပိုင်လယ်ယာမြေတွေ အသိမ်းခံရလို့

ဆန္ဒပြတဲ့ လယ်သမားတွေကို ဖမ်းနေပြီတဲ့...

တစ်တောလုံးပြောင် တစ်တောင်လုံးရှင်း

အလိုကြီးသူတွေ အရများတဲ့ခေတ်မှာ

၂၀၁၃ ဟာ

ယောက်ျားအရင့်အမာကြီးတွေ အရှက်ကွဲတဲ့နှစ်ပေါ့။

(၃)

အိမ်ကြက်ချင်း အိုးမည်းသုတ်နေတာတော့ ကြာပါပြီ

ပေါက်ဖော်အရေး မန္တလေးဟာမျက်စိတွေမှေးလို့

ဘင်္ဂါလီက နိုင်ငံသားအရေးဆိုနေပြီတဲ့

တနံတလျား ဇာတိမာန်တွေ တစိမ့်စိမ့်ပွားရင်း

၂၀၁၃-ဟာ

ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတဲ့ ကပွဲတစ်ခုလည်း ဖြစ်တယ်။

(၄)

လူငယ်တွေကြား မူးယစ်ဆေးတွေ ပြန့်နေပြီတဲ့

ညောင်မြစ်တူးရင်း ပုတ်သင်ဥတွေ အတုံးလိုက်ပေါ်

ဒီလိုနဲ့

၂၀၁၃-ဟာ

မော်ဒယ်လ်မလေးတွေ အရက်ကွဲ အကျိုးနည်းတဲ့

အသဲကွဲဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်တယ်။

(၅)

အချစ်ရယ်..

အကြိမ်လေးဆယ်ကျော်တဲ့အထိတော့

ကိုယ် မျက်နှာပြောင်မတိုက်ပါရစေနဲ့

၂၀၁၃-ဟာ

ကိုယ့်အနာ ကိုယ့်လျှာနဲ့ ကိုယ်ပြန်လျက်လို့

ငါတို့ကျက်ခဲ့ရတဲ့ အနာဟောင်းတစ်ခုလည်းဖြစ်တယ်။

'အချစ်ရယ်' = 'ကံတူအကျိုးပေး သန်း(၆၀)'

## ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေကြသူများ

အဖြေရှာရတာ ခက်ခဲလွန်းတဲ့ အရေးပေါင်းများစွာနဲ့ ၂၀၁၃-က မြန်မာပြည်ကြီးကို အကဲစမ်းနေလိုက်တာ။ ရန်သူလို ထင်နေကြသူတွေကို မိတ်ဆွေဖွဲ့ပြီး မိတ်ဆွေတွေကို ရန်သူထင်။ ဒီလိုနဲ့ ၂၀၁၃-ဟာ နားလည်ရခက်တဲ့ လျှို့ဝှက်ချက်တစ်ခုဖြစ်တယ်။ တစ်ချိန်တုန်းက လေးဖြူပြောခဲ့ဖူးတဲ့ စကားလေးတစ်ခွန်းက 'ခင်လို့ပြောလိုက်မယ်၊ တစ်ခါတစ်ရံ ဆွေမျိုးအရင်းတွေက သစ္စာမရှိဘူး'တဲ့။ မြန်မာဆိုတာ ကိုယ့်ကိုယ်ကို ကာကွယ်ရင်းနဲ့ လော့်ရင်းနစ်မည့် လေ့တစ်စင်းလား။ ပဋိပက္ခတွေ အတော်များများမှာ ခံလိုက်ရသူတွေက ကိုယ့်ဆွေမျိုးတွေ များတယ်။ ကိုယ့်ပေါင်ကို လှန်ထောင်းခဲ့ကြပြီးပြီ။ အခုလည်း လှန်ထောင်းနေကြတုန်းပဲလား။

အမျိုးဘာသာ သာသနာတိုးတက်ရေး ကြွေကြော်ချီတက်ရင်း ကိုယ့်အချင်းချင်းတွေ စိတ်ဝမ်းကွဲသွားကြတာ တိုင်းပြည်အတွက် အပေါင်းလက္ခဏာမဟုတ်မှန်း ကျယ်ကျယ်ပြန့်ပြန့် သိဖို့လိုအပ်ပါတယ်။ သူများကို ပစ်ဖို့ချိန်ထားတဲ့မြှားဦးကို ကိုယ့်ဘက်ကို ပြန်မလှည့်မိပါစေနဲ့။ ကိုယ့်အမျိုးတွေ တိုးတက်ဖို့ဆိုတာ စကားအဖြစ် ပြောတာလောက်နဲ့တော့ လမ်းမဆုံးစေချင်ပါဘူး။ တကယ်လက်တွေ့ကျကျ လုပ်ဆောင်ဖို့နဲ့ နည်းမှန်လမ်းမှန် လုပ်ဆောင်ကြဖို့က ကိုယ့်ဆွေမျိုးတွေအတွက် ပိုအကျိုးရှိပါတယ်။ ပိုပြီးအဓိပ္ပါယ်ရှိပါတယ်။ ကိုယ့်ဘာသာကို ကျယ်ပြန့်ချင်ရင် တဟုန်ထိုး လုပ်လို့မရပါဘူး။ လူတွေရဲ့ယုံကြည်မှုကို လွယ်လွယ်နဲ့ မရနိုင်ဘူးဆိုတာ လူတိုင်းသိပါတယ်။ သေသေချာချာ အချိန်ယူပြီး လုပ်တာတောင် ရင်လောက်တင်တာတောင် ဒူးလောက်ကျချင်မှ ကျတာမျိုး။ ဓမ္မစကူးလ်တွေ များများဖွင့်လိုက်တာထက် ပိုကောင်းတဲ့အစီအစဉ် လောလောဆယ်မှာ မရှိသေးဘူးလို့ပဲ ပြောရမှာပါ။ ပလ္လင်ပေါ်ကနေ သူများကို ထိပါးပုတ်ခတ်နေတာတွေ များလွန်းတယ်။ အားမပေးချင်ဘူး။ (ဘယ်ဘာသာခြား ခေါင်းဆောင်ကမှ ဒါမျိုး ထုတ်မပြောဘဲ ကြိတ်ပြီး လက်တွေ့လုပ်သွားကြတာ မြန်မာပြည်မှာ ထိရောက်လိုက်တာမှ တားလို့တောင် မနိုင်ဘူး) ဒါမျိုးက လူပုံအလယ်မှာ ထုတ်ပြောရမယ့် ကိစ္စမျိုး မဟုတ်ပါဘူး။ ကိုယ့်ဘာသာဝင်တွေရဲ့ ရင်ထဲမှာကိုက အလိုလို စွဲနေရမယ့် အသိမျိုးပါ။

ဒီလို ဘာသာသာသနာအသိမျိုး ရဖို့ဆိုရင် ဓမ္မစကူးလ်တွေဟာ အထိရောက်ဆုံးပါပဲ။ ပြီးတော့ ကိုယ့်ဘာသာဝင်ဖြစ်တဲ့ ပုဂ္ဂိုလ်ရေး ထိုးနက်တိုက်ခိုက်တာတွေ၊ အဖွဲ့အစည်းမကောင်းကြောင်း အပုပ်ချတာတွေကို ဟောပြောနေတာဟာလည်း ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေခြင်း တစ်မျိုးပါပဲ။ တကယ်မကောင်းလို့ မကောင်းဘူးပြောရင် လူတိုင်းလက်ခံမှာပါ။ ဘာဖြစ်လို့ ကိုယ့်ဘာသာဝင်တွေရဲ့ မကောင်းတာတွေကို လူပုံအလယ်မှာ ချပြနေမှာလဲ။ ကောင်းကျိုးထက် ဆိုးကျိုးများပါတယ်။ ကိုယ့်ဘာသာဝင်အချင်းချင်း အကွဲအပြဲတွေကို ဟောပြောနေခြင်းဟာ မနာလိုသူတွေ ဝမ်းသာကြမယ့် ကိန်းမျိုးပဲ။ အချင်းချင်း စိတ်ဝမ်းကွဲစေမယ့် အပြုအမူမျိုးပဲ။ တကယ်စေတနာရှိလို့ ပြောချင်တယ်ဆိုရင် ကိုယ်တိုင် ဆိုင်ရာပုဂ္ဂိုလ်တွေ အဖွဲ့အစည်းက လူတွေနဲ့တွေ့ပြီး သေသေချာချာ ပြောပြချပြလိုက်တာက ပိုပြီး အဓိပ္ပါယ်ရှိပါတယ်။

တိုင်းပြည်က ခက်ခဲကြမ်းတမ်းနေချိန်မှာ ပြည်သူအချင်းချင်း အမုန်းပွားစေမယ့် အပြောမျိုးတွေကို အထူးသတိပြုရမှာပါ။ စနစ်တစ်ခုကို အမှန်တကယ်မကောင်းလို့ မကောင်းဘူးလို့ ဝေဖန်တာမျိုးက လုပ်ကိုလုပ်ရမယ့် ကိစ္စမျိုးမဟုတ်လား။ စနစ်ကို ဝေဖန်တာနဲ့ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာ ကွဲပြားမှုဖြစ်မယ်။ ကိုယ့်ဘာသာဝင်တွေကြားမှာ အမုန်းတရားတွေ ပွားစေမယ့် အဟောအပြောမျိုးတွေကို

အားမပေးချင်ဘူး။ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသလိုမျိုးလို့ ခံစားနေမိတယ်။ ကိုယ်က မနေ့တစ်နေ့ကမှ လူဖြစ်လာတယ်ဆိုပေမယ့် ဘယ်သူမကောင်းဘူး၊ ဘယ်သူကောင်းတယ်ဆိုတာ ပြည်သူတွေကလည်း သိပါတယ်။ အဲဒီလောက်ထိ မညံ့ပါဘူး။

လူငယ်တွေ စီးပွားရေးကို ဒီထက်ပိုပြီး ကြိုးစားရမှာပါ။ တိုင်းပြည်တစ်ခုမှာ နိုင်ငံရေးမကောင်းရင် စီးပွားရေးမကောင်းဘူး။ ပညာရေးမကောင်းဘူး။ ကျန်းမာရေး မကောင်းဘူး။ ဘာသာရေး မကောင်းဘူး။ ဘယ်ဘက်ကကြည့်ကြည့် ဘက်ဘက်မှ မကောင်းပါဘူး။ စီးပွားရေးကြိုးစားနေကြတဲ့ လူငယ်တွေကို လောဘကြီးလိုက်တာလို့ မပြောပောကြပါနဲ့။ သေရင်ကိုယ့်နောက် မပါဘူးလို့ မပြောပောမိပါစေနဲ့။ ကိုယ့် ဘာသာဝင်တွေ ဆင်းရဲနေရင် ကိုယ့်ဘာသာဝင်တွေ ပညာရေး မကောင်းနိုင်ဘူး။ ကျန်းမာရေး မကောင်းနိုင်ဘူး။ ကိုယ့်ဘာသာရေးလည်း ဘယ်လိုမှ မကောင်းနိုင်ပါဘူး။ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးစာရင်းဝင် ဘီလ်ဂိတ်ကို ဘယ်ခရစ်ယာန်ဘုန်းတော်ကြီးကမှ 'မင်း တော်တော်လောဘကြီးတဲ့ အကောင်ပဲ၊ သေရင် မင်းနောက်မပါဘူး'လို့ ပြောတာ မကြားမိဘူး။ ရေ မြင့်မှ ကြာမြင့်မှာ။ ကိုယ့်ဘာသာဝင်တွေ ဆင်းရဲရင် ကိုယ့်ဘာသာလည်း ဆင်းရဲနေတာနဲ့ အတူတူပါပဲ။

ဘာသာခြားတွေရဲ့ ဆိုင်တွေမှာ ဈေးမဝယ်ကြဖို့ တိုက်တွန်းနှိုးဆော်နေရုံနဲ့ မပြီးပါဘူး။ ကိုယ့်ဘာသာဝင်တွေရဲ့ ဆိုင်တွေ၊ ဈေးကြီးတွေ အများအပြား တည်ဆောက်နိုင်အောင် ပိုလုပ်ရမှာပါ။ မြန်မာပြည်ရဲ့ သွပ်သံဈေးကွက်က ဘယ်သူ့လက်ထဲမှာ ရှိလဲ၊ ဘာကြောင့် ကိုယ့်ဘာသာဝင်တွေက ဝင်ပြီး နေရာမယူနိုင်ကြတာလဲ။ သူများပစ္စည်း မဝယ်စေချင်ရင် ကိုယ့်ပစ္စည်းကို များများထုတ်ရမှာပါ။ ဒံပေါက်လို ဈေးကွက်မျိုးတွေကို ဘယ်သူတွေ ဘာကြောင့် အုပ်စိုးထားသလဲ။ ကိုယ့်ဘာသာဝင်တွေက ဘာကြောင့် ဝင်မတိုးကြတာလဲ။ များများထုတ်ကြပါ။ သူများဆိုင် သွားစားတော့ စားတဲ့လူက ရန်သူဖြစ်ကရော။ သူများဆိုင် ဈေးသွားဝယ်တော့ ဝယ်တဲ့လူကို အမျိုးဖျက်စာရင်း သွင်းပစ်လိုက်ကြရော။

သူများကို တိုက်ခိုက်နေရုံနဲ့ ကိုယ့်ဘာသာသာသနာက ကျယ်ပြန့်လာမှာ မဟုတ်ပါဘူး။ ကိုယ့်ထုတ်ကုန်ကို များများထုတ်မပေးဘဲ တားမြစ်နေတာက သူများကလေးတွေ မုန့်စားနေတာကို သွားတောင်းစားတဲ့ ကိုယ့်ကလေးကို ရန်ရှာနေသလိုမျိုးပဲ။

အရင်က ဆောင်ပုဒ်လေးတစ်ခု ရှိခဲ့ဖူးပါတယ်။ 'ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ'တဲ့။ ထုတ်ကုန်နှစ်ဆ မဟုတ်ပါဘူး။ ထုတ်ကုန် အဆတစ်ရာ၊ အထောင်၊ အသောင်း၊ အသိန်း သန်းပေါင်းများစွာ ထုတ်လုပ်ကြရမှာပါ။ မြန်မာပြည်မှာ တရားမဝင် အငြင်းပွားဖွယ် ဘာသာဝင်တွေ သိန်းနဲ့ သန်းနဲ့ ချီပြီး ရှိပါတယ်။ ဘာလို့ ဝင်လာကြသလဲ။ ဘယ်သူတွေက ဘယ်လိုနည်းနဲ့ ဝင်ခွင့်ပြုခဲ့တာလဲ။ ဝင်နေတဲ့သူတွေ၊ ဝင်ခွင့်ပေးတဲ့သူတွေက ဘာမှအပြစ်မရှိသလိုဖြစ်ပြီး အဲဒီလူတွေကိုတော့ ဘာမှမပြောဘဲ ပါဝင်ပတ်သက်မှု လုံးဝမရှိတဲ့ ဘာမဆိုင်ညာမဆိုင် ကိုယ့်ဘာသာဝင်တွေကို ရန်သူစာရင်းသွင်းပြီး ရန်သူတွေလို အမျိုးသားသစ္စာဖောက်တွေလို ပြောဆိုရေးသားနေကြတာတွေကတော့ ကိုယ့်ပေါင်ကို လှန်ထောင်းရုံတင် မကတော့ပါဘူး။ ကြိတ်ချေနေတဲ့ အဆင့်ကိုရောက်နေပါပြီ။ သူများကို အလင်းပေးမယ့်သူတွေ ကိုယ့်ကိုယ်ကို အမှောင်ချမထားကြပါနဲ့လို့။

ပြောမယ်ဆိုရင် ပြောစရာတွေလည်း တစ်ပုံကြီးရှိသေးတယ်လို့ပဲ ပြောရမှာပါ။ တွေ့တွေ့နေရတဲ့ လုပ်ရပ်တွေ တော်တော်များများက သေသေချာချာကြည့်လိုက်တော့ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းနေတာတွေပဲ များပါတယ်။ တိုင်းသူပြည်သားတို့အား မှန်ကန်သော လမ်းညွှန်မှုတွေကိုပဲ ပေးကြပါ။ ပြည်သူတွေကို လိမ်လည် မလှည့်ဖျားကြပါနဲ့။

ပြည်သူတွေကိုမှ မလိမ်ရရင်၊ ကိုယ့်ပေါင်ကိုယ်မှ လှန်မထောင်းရရင် စားမဝင်အိပ်မပျော်တော့ဘူးဆိုရင်တော့လည်း လွတ်လပ်စွာ ကွဲလွဲခွင့်တွေ ရှိပါတယ်။ အစ္စရေးလေဆိပ်မှာ ဆိုင်းဘုတ်ကြီးတစ်ခုရှိသတဲ့။ အဲဒီဆိုင်းဘုတ်ကြီးမှာ 'ကိုယ့်ကိုယ်ကို အတော်ဆုံးလို့ မထင်လေနဲ့၊ ဒီမှာ အားလုံး ဂျူးတွေချည်းပဲ'လို့ ရေးထားသတဲ့။ အခုလည်း 'ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ဘဝင်လေဟပ်မနေကြပါနဲ့၊ ဒီအိမ်မှာ အခု ကလေးတစ်ယောက်မှ မရှိကြတော့ဘူး' ဆိုတာကိုတော့ သတိပြုမိစေချင်ပါတယ်။

**အိမ်ရှေ့က သစ်ပင်**

ကြည့်လိုက်တော့ လယ်ပြင်ထဲမှာရှိနေတဲ့ တဲကလေးဟာ အလွန်ပဲ ဟောင်းနွမ်းဆွေးမြေ့နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် လယ်သမားတစ်ဦးဟာ သူ့ရဲ့ လယ်တောထဲက တဲကလေးကို ပြန်ပြင်ဆောက်ဖို့ လက်သမားတစ်ယောက်ကို ငှားလိုက်ပါတယ်။

လက်သမားဆရာဟာ သူ့အလုပ်မှာ အလွန်နိုင်နင်းကျွမ်းကျင်တာကို တွေ့ရတော့ လယ်သမားဟာ အလွန်ပဲ ဝမ်းသာသွားပါတော့တယ်။ အလုပ်ကို အချိန်မှန်မှန် ရောက်လေ့ရှိတဲ့ လက်သမားဆရာကြီးကို ကြည့်ပြီး "ဒီလူဟာ လုပ်ငန်းကျွမ်းကျင်ရုံတင် မဟုတ်သေးဘူး။ အလုပ်ကိုလည်း မခိုမကပ်လုပ်တတ်တဲ့သူတစ်ယောက် ဖြစ်တယ်။ ပြီးတော့ ဒီလူဟာ အချိန်ကိုလည်း တန်ဖိုးထားလေးစားသူ တစ်ယောက်ပဲ'လို့ မှတ်ချက်တွေချပြီး လက်သမားကို လေးစားနေမိတော့တယ်။

အဲဒီလို အရှိန်အဟုန် ကောင်းကောင်းနဲ့ အလုပ်ဆင်းနေတုန်းမှာပဲ တစ်နေ့မှာတော့ လက်သမားဆရာဟာ အလုပ်ကိုလာရင်း လမ်းမှာ ကားဘီးပေါက်သွားပါတော့တယ်။ ကားဘီးပေါက်သွားတဲ့အတွက် အဲဒီနေ့မှာတော့ အလုပ်ထဲကို အချိန်တစ်နာရီ နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။ အလုပ်ထဲဝင်တော့မှ သူသိလိုက်ရတယ်။ အဲဒီနေ့မှာပဲ သူ့ရဲ့ လျှပ်စစ်လွှကလည်း အလုပ်လုပ်နေရင်းကနေ ပျက်သွားပါတယ်။ တခြားလုပ်စရာအလုပ်လည်း အထူးမရှိတော့တာမို့ အိမ်ပြန်မယ်ဆိုပြီး ကားပေါ်တက်လိုက်တော့ သူစီးလာခဲ့တဲ့ ထရပ်ကားအိုကြီးကလည်း စက်လုံးဝ နှိုးလို့မရတော့ပါဘူး။

အဲဒီနေ့မှာ လက်သမားဆရာဟာ အလုပ်ကို စောစောသိမ်းလိုက်ပြီး အလုပ်ရှင် လယ်သမားကို အိမ်ပြန်ပို့ပေးဖို့ အကူအညီတောင်းလိုက်ပါတယ်။ ဒါကြောင့် လယ်သမားဟာ လက်သမားဆရာကို သူ့ကားနဲ့ အိမ်ပြန်ပို့ပေးလိုက်ပါတယ်။ ဒါပေမဲ့ အိမ်အပြန်လမ်းတစ်လျှောက်လုံး လက်သမားဆရာဟာ စကားလုံးဝမပြောဘဲ ငြိမ်ပြီး လိုက်ပါလာခဲ့ပါတယ်။ သူ့အိမ်ရောက်တဲ့အခါ လယ်သမားကို 'အိမ်ထဲဝင်ပါဦးခင်ဗျား၊ ကျွန်တော့်မိသားစုနဲ့ မိတ်ဆက်ပေးပါရစေ'လို့ ပြောလိုက်ပါတယ်။ ကားပေါ်က ဆင်းပြီး အိမ်ထဲကို ဝင်ဖို့လာတဲ့အခါ လက်သမားဆရာဟာ အိမ်ရှေ့က တံခါးရှေ့မှာ စိုက်ထားတဲ့ သစ်ပင်လေးနားမှာ ခဏရပ်လိုက်ပြီး သစ်ပင်ကလေးရဲ့ ထိပ်ဖျားလေးတွေကို သူ့လက်နှစ်ဖက်နဲ့ ကိုင်ကြည့်လိုက်ပါတယ်။ အိမ်အဝင်က သစ်ပင်လေးကို သူ့လက်နဲ့ ကိုင်ပြီးတဲ့နောက်မှာတော့ လက်သမားဆရာရဲ့ အမူအရာတွေဟာ သိသိသာသာကြီးကို ပြောင်းလဲသွားတာကို လယ်သမားက သတိပြုမိလိုက်ပါတယ်။

အိမ်ထဲကို ဝင်ကြတဲ့အခါမှာတော့ လက်သမားဆရာဟာ လမ်းမှာတုန်းကလို သုန်သုန်မှုန်မှုန်ကြီး မဟုတ်တော့ဘဲ အလွန်ပြုံးရွှင်နေတာကို တွေ့မြင်လိုက်ပါတယ်။ သူဟာ ကားစီးလာတုန်းကလို သုန်သုန်မှုန်မှုန် မဟုတ်တော့ဘဲ မျက်နှာကလည်း အလွန်ပြုံးရွှင်နေတာကို လယ်သမားက သတိထားမိလိုက်ပါတယ်။ အိမ်ထဲရောက်ရောက်ချင်း လက်သမားဆရာဟာ သူ့ကလေးငယ်နှစ်ယောက်ကို ထွေးပွေ့လိုက်တယ်။ ပြီးတော့ မိန်းမဖြစ်သူကို အနမ်းတွေ ပေးလိုက်ပါသေးတယ်။

စကားပြောပြီးလို့ ခဏကြာတဲ့အခါမှာ သစ်ပင်လေးကို ဖြတ်ကျော်ပြီး ကားဆီကို ပြန်လာကြတယ်။ လယ်သမားက သူမပြန်ခင် ဘာကြောင့် သစ်ပင်လေးတွေကို လက်နဲ့ ကိုင်ပြီးတဲ့နောက်မှာ အမူအရာတွေ သိသိသာသာကြီး ပြောင်းလဲသွားရသလဲဆိုတာကို အလွန်ပဲ သိချင်နေပါသတဲ့။

ဒါကြောင့် သူသိချင်နေတဲ့အရာကို လက်သမားကို မေးကြည့်လိုက်ပါတယ်။ ဒီတော့ လက်သမားဆရာက "ဩော် ဒီသစ်ပင်လေးဟာ ကျွန်တော့်ရဲ့ အဆင်မပြေမှုတွေကို ချိတ်ဆွဲထားတဲ့ သစ်ပင်လေးပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အလုပ်ထဲမှာ အခက်အခဲမရှိရင်ကို မနေတတ်တဲ့လူလိုပါပဲဗျာ။ အမြဲတမ်း အခက်အခဲတွေ စိတ်ညစ်စရာတွေနဲ့ တစ်ခုမဟုတ်တစ်ခု တွေ့ကြုံနေတတ်တဲ့သူ ဖြစ်တယ်။

ဒါပေမဲ့ သေချာတာတစ်ခုကတော့ဗျာ ကျွန်တော် ကြုံတွေ့ရတဲ့ ပြဿနာတွေ၊ အခက်အခဲတွေ၊ အဆင်မပြေမှုတွေ အားလုံးဟာ ကျွန်တော့်မိသားစု၊ ကျွန်တော့်မိန်းမနဲ့ ဘာမှ မပတ်သက်ဘူး။ သူတို့နဲ့ မသက်ဆိုင်ဘူး။ ကျွန်တော့်ကလေးတွေနဲ့လည်း ဘာမှ ပါဝင်ပတ်သက်မှု ရှိမနေဘူးလို့ ကျွန်တော် ယုံကြည်ထားပါတယ်။

ဒါကြောင့် ညနေခင်း အလုပ်သိမ်းလို့ အိမ်ကိုပြန်လာတဲ့အခါတိုင်းမှာ ကျွန်တော့်ရဲ့ တစ်နေ့တာ တွေ့ကြုံခဲ့ရတဲ့ ပြဿနာတွေ၊ အခက်အခဲတွေ၊ စိတ်ညစ်စရာတွေအားလုံးကို ဒီသစ်ပင်လေးမှာပဲ ချိတ်ထားခဲ့လိုက်ပါတယ်။ ဘယ်တော့မှ အိမ်ထဲကို ယူသွားလေ့ မရှိပါဘူး။ မနက်ခင်း မိုးလင်းလို့ အလုပ်သွားတဲ့အခါမှပဲ ကျွန်တော် ပြန်ယူလာလိုက်ပါတယ်။

ဒါပေမဲ့ဗျာ ရယ်စရာကောင်းတာက ကျွန်တော် မနေ့ညက ချိတ်ထားခဲ့တဲ့ ပြဿနာတွေအခက်အခဲတွေ၊ အဆင်မပြေမှုတွေ၊ စိတ်ညစ်စရာတွေအားလုံးဟာ နောက်နေ့မနက် မိုးလင်းတဲ့အခါမှာတော့ ကျွန်တော် မနေ့ညက ထားခဲ့သလောက် ရှိမနေတော့တာပါပဲဗျာ"လို့ ပြုံးပြီးတော့ ပြန်ပြောလိုက်ပါတော့တယ်။

လက်သမားဆရာရဲ့ ရှင်းလင်းချက်တွေအပြီးမှာတော့ စိတ်ဝင်တစား နားထောင်နေတဲ့ လယ်သမားက မှတ်ချက်တစ်ခု ပေးပါတယ်။ "ဩော် ဒါကြောင့် ခင်ဗျားဟာ အမြဲတမ်း စိတ်ရောကိုယ်ပါ သွက်လက်ပေါ့ပါးနေတာကိုး" တဲ့။

□

ဒီပုံပြင်လေးကို အလွန်ခင်မင်ရင်းနှီးနေတဲ့ မိတ်ဆွေတစ်ယောက်ကို ပြောပြဖြစ်တဲ့အခါ သူက "ကျွန်တော်တို့အားလုံးဟာ ဒီပုံပြင်ထဲက လက်သမားလို အိမ်ထဲမဝင်ခင် ပြဿနာတွေ အဆင်မပြေမှုတွေ အားလုံးကို အိမ်အပြင်က သစ်ပင်မှာ ချိတ်ထားနိုင်ခဲ့ရင် သိပ်ကောင်းမှာပဲဗျာ။

ကျွန်တော်တို့တစ်တွေဟာ အိမ်အပြင်က သစ်ပင်မှာ ချိတ်ထားခဲ့ရမှာကို မချိတ်ထားခဲ့ဘဲ အိမ်ထဲအထိ ယူလာနေမိကြပြီ။ အရင်တုန်းကလည်း ဒီလိုပဲ ယူလာခဲ့ကြတာလေ။ အိမ်အပြင်မှာ မထားခဲ့ဘဲ ဒီလိုသာ ဟိုလူက လာချိတ်လိုက်၊ ဒီလူက လာချိတ်လိုက်နဲ့ ဆိုရင်တော့ ကျွန်တော်တို့တစ်အိမ်လုံးဟာ ခင်ဗျားပြောတဲ့ လက်သမားအိမ်ရှေ့က သစ်ပင်တစ်ပင်လိုများ ဖြစ်နေပြီလား မသိတော့ပါဘူးဗျာ"လို့ ပြောပြီး ပင်လယ်ရေကို အငမ်းမရ ငုံ့သောက်နေတဲ့ ဝင်အုံ့ဆဲဆဲ နေလုံးကြီးကိုပဲ ငေးကြည့်နေပါတော့တယ်။

## နံရံပေါ်က အလှူတရား

အလင်းရောင်မြို့တော် (သို့မဟုတ်) ရေမြို့တော်လို့ ခေါ်နေကြတဲ့ အီတလီနိုင်ငံ ဗင်းနစ်မြို့နားလေးက နာမည်ကြီး ကော်ဖီဆိုင်တစ်ဆိုင်မှာ ကျွန်တော်တို့ သူငယ်ချင်းတွေ ပြန်ဆုံဖြစ်ကြတယ်။ ကျွန်တော်တို့တစ်တွေ ကော်ဖီသောက်နေတုန်းမှာပဲ လူတစ်ယောက် ဆိုင်ထဲဝင်လာပြီး ကျွန်တော်တို့ ဝိုင်းနားလေးက စားပွဲခုံအလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်တာကို သတိပြုမိလိုက်ပါတယ်။

ပြီးတော့ အဲဒီလူက ဆိုင်ကစားပွဲထိုးကို လှမ်းခေါ်လိုက်ပြီး 'ကော်ဖီနှစ်ခွက်ပေးပါ။ တစ်ခွက်ကို ဆိုင်မှာသောက်မယ်။ တစ်ခွက်ကိုတော့ ဟိုဘက်နားလေးက နံရံပေါ်မှာ တင်ထားလိုက်ပါ'လို့ မှာလိုက်ပါတယ်။ သူ ကော်ဖီမှာတာက ထူးဆန်းနေတာကြောင့် အဲဒီလူကို စိတ်ဝင်တစား စောင့်ကြည့်နေမိတယ်။ ကော်ဖီနှစ်ခွက်ကို ပိုက်ဆံရှင်းပေးပေမဲ့ တစ်ခွက်ကိုပဲ သူသောက်ပြီး ထပြန်သွားတာကို တွေ့ရပါတယ်။

သူ ပြန်သွားပြီး ခဏအကြာမှာတော့ စားပွဲထိုးလေး ရောက်လာပြီး 'ကော်ဖီတစ်ခွက်'လို့ ပါးစပ်က အော်လိုက်ပြီး နံရံနားမှာ စာရွက်ခေါက်သေးသေးလေးကို ချထားလိုက်တာကို တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့အတွက် ဒီဖြစ်ရပ်လေးက ထူးဆန်းနေတာကြောင့် ရှေ့ဘာဆက်ဖြစ်မလဲဆိုတာကို သိချင်ဇောနဲ့ အခြေအနေကို ဆက်ပြီးစောင့်ကြည့်လိုက်မိပါတော့တယ်။

ကျွန်တော်တို့ ဆိုင်ထဲမှာ ထိုင်စောင့်နေတုန်းမှာပဲ အခြားလူနှစ်ယောက်ဟာ ဆိုင်ထဲကိုဝင်လာပြီး 'ကော်ဖီသုံးခွက်။ နှစ်ခွက်ကို ဒီစားပွဲကို ယူခဲ့ပါ။ တစ်ခွက်ကိုတော့ နံရံပေါ် တင်ထားလိုက်'လို့ အသံကျယ်ကျယ်ကြီးနဲ့ လှမ်းအော်ပြောလိုက်တာကို ကြားလိုက်ရပြန်ပါတယ်။ "အင်း ဒီဆိုင်က တော်တော်လေးကို ထူးဆန်းနေပါလား။ လွန်ခဲ့တဲ့ နာရီဝက်လောက်က လူတစ်ယောက်ဝင်လာတယ်။ ကော်ဖီနှစ်ခွက်မှာပြီး တစ်ခွက်ပဲသောက်ပြီး ထပြန်သွားတယ်။ အခု လူနှစ်ယောက်ဝင်လာပြီး ကော်ဖီသုံးခွက် မှာနေပါလား။ တော်တော်ထူးဆန်းတဲ့ ဆိုင်ပဲ"လို့ စိတ်ထဲမှာ တွေးထင်နေကြပါတယ်။ ဒီလူနှစ်ယောက်ဟာ ကော်ဖီနှစ်ခွက်ပဲ သောက်ပေမဲ့ ပိုက်ဆံရှင်းတော့ သုံးခွက်ဖိုး ရှင်းပြီး ဆိုင်ထဲက ပြန်ထွက်သွားကြတာကိုလည်း တွေ့လိုက်ရပါတယ်။ ဒီလူနှစ်ယောက် ပြန်သွားတဲ့အချိန်မှာပဲ စားပွဲထိုးလေးဟာ အရင်အတိုင်း 'ကော်ဖီတစ်ခွက်'လို့အော်ပြီး စာရွက်လေးကို နံရံပေါ်မှာ တင်ထားလိုက်ပြန်ပါတယ်။

အဖြစ်အပျက်လေးက နည်းနည်းလေးထူးဆန်းနေတော့ ဒီတစ်ခါလည်း ကျွန်တော်တို့တစ်တွေ ဦးနှောက်ခြောက်ရပြန်ပြီပေါ့။ ခဏကြာတော့ ကျွန်တော်တို့လည်း ကော်ဖီကို ကုန်အောင်မော့သောက်လိုက်ကြတယ်။ ပြီးတော့ ပိုက်ဆံရှင်းပြီး ဆိုင်ထဲက ပြန်ထွက်လာခဲ့ကြပါတော့တယ်။

နောက် တစ်လလောက်ကြာတဲ့အခါ တစ်နေ့မှာတော့ အဲဒီကော်ဖီဆိုင်လေးကို နောက်တစ်ခေါက် ပြန်ရောက်ဖို့ အကြောင်း တိုက်ဆိုင်လာပြန်ပါတော့တယ်။ ဆိုင်ထဲမှာ ကော်ဖီသောက်ကောင်းနေတဲ့အချိန်မှာပဲ အတော်လေးကို ဟောင်းနွမ်းနေတဲ့ အဝတ်အစားတွေကို ဝတ်ဆင်ထားတဲ့ လူတစ်ယောက် ဆိုင်ထဲဝင်လာတာကို တွေ့လိုက်ရပါတယ်။ သူ့ကြည့်ရတာ တော်တော် ဆင်းရဲချို့တဲ့နေတဲ့ပုံရပါတယ်။ အဲဒီလူဟာ လွတ်နေတဲ့ ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ပါတယ်။ ပြီးတော့ နံရံပေါ် တစ်ချက်

လှည့်ကြည့်လိုက်ပြီး 'နံရံပေါ်က ကော်ဖီတစ်ခွက်'လို့ လှမ်းအော်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ စားပွဲထိုးလေး ရောက်လာပြီးတော့ ကော်ဖီတစ်ခွက် လာချပေးသွားပါတယ်။ စားပွဲထိုးလေးကြည့်ရတာ သူ့ဆိုင်လာနေကျဖောက်သည်ကို ဂရုတစိုက်နဲ့ ဆက်ဆံသလို အဲဒီအမျိုးသားကိုလည်း သူမှာတဲ့ကော်ဖီကို တလေးတစားနဲ့ လာချပေးသွားတာကိုလည်း တွေ့လိုက်ရပါတယ်။

လူဆင်းရဲအမျိုးသားဟာ စားပွဲထိုးလေး လာချပေးသွားတဲ့ ကော်ဖီကို သောက်လို့ပြီးသွားတဲ့အခါ ကော်ဖီဖိုး ပိုက်ဆံမပေးဘဲ ဆိုင်ထဲက ပြန်ထွက်သွားတာကို ကျွန်တော်တို့ တွေ့လိုက်ရပါတယ်။ ကျွန်တော်တို့လည်း တအံ့တသြနဲ့ကို စောင့်ကြည့်နေမိပါတော့တယ်။ ဒီလူက ဘာဖြစ်လို့ ပိုက်ဆံမပေးရတာပါလိမ့်လို့ တွေးနေတုန်းမှာပဲ စားပွဲထိုးလေးက နံရံပေါ်က စာရွက်ခေါက် သေးသေးလေးတစ်ခုကို လှမ်းယူလိုက်ပြီး ဆိုင်ထဲမှာရှိတဲ့ အမှိုက်ပုံးထဲကို လုံးချေပြီး ပစ်ထည့်လိုက်တာကို တွေ့လိုက်ရပါတယ်။

ဪ ဒီလိုကိုး။ ဒီတော့မှ ကျွန်တော်တို့ ခေါင်းရှုပ်နေတာတွေ ရှင်းသွားပါတော့တယ်။ ကိုယ့်လောက် မပြည့်စုံတဲ့ တစ်မြို့ထဲနေ မြို့သူမြို့သားတွေအပေါ်မှာထားတဲ့ ဒီမြို့လေးမှာနေထိုင်ကြတဲ့ လူတွေရဲ့ စေတနာနဲ့ စာနာမှုတရားကို တွေ့လိုက်ရတော့ ကျွန်တော့်မှာ ဝမ်းသာလွန်းလို့ မျက်ရည်တွေကို စိုလို့။

ကောင်းလိုက်တဲ့ စိတ်ကူးလေး။ အဆင်မပြေသူတွေအတွက် ဆိုင်ထဲကို မျက်နှာငယ်လေးနဲ့ ဝင်လာစရာလည်း မလိုတော့ဘူး။ ကော်ဖီလေးတစ်ခွက်လောက် တိုက်ပါဦးလို့ ပြောစရာလည်း မလိုတော့ဘူး။ သူ့ကို ဘယ်သူက ကော်ဖီဖိုးရှင်းပေးမှန်းတောင် မသိရတော့ အားနာစရာတွေလည်း မရှိတော့ဘူးပေါ့။ ဆိုင်ထဲဝင်လာပြီး နံရံပေါ်ကို တစ်ချက်ကြည့်လိုက်မယ်။ ပြီးရင် ကော်ဖီမှာသောက်ပြီး ဆိုင်ထဲကနေ ထွက်သွားရုံပဲ မဟုတ်လား။ 'အခုလို ကော်ဖီတိုက်တာ ကျေးဇူးတင်ပါတယ်ဗျာ'လို့ အားနာပါးနာနဲ့ ပြောနေစရာလည်း မလိုတော့ဘူး မဟုတ်လား။ ဘယ်လောက် ရိုးရှင်းလိုက်သလဲ။ ဘယ်လောက် ကြည်နူးဖို့ကောင်းတဲ့ စိတ်ကူးလေးလဲ။ ဒီလိုမြင်ကွင်းလေးတွေ ဒါမှမဟုတ် ဒီထက်လှပတဲ့ မြင်ကွင်းလေးတွေလည်း စာဖတ်သူတို့ဝန်းကျင်မှာ ရှိကောင်းရှိနိုင်မယ်လို့ ယုံကြည်နေမိပါတော့တယ်။

□

ရင်းနှီးတဲ့ မိတ်ဆွေတွေနဲ့ ဆိုင်မှာထိုင်ကြရင်း ဒီအကြောင်းလေးကို တခုတ်တရ ပြောဖြစ်နေမိတယ်။ ဆိုင်က ပြန်ထွက်ကြဖို့ ပြင်နေတုန်းမှာပဲ အမူအရာတွေက သူရှင်းမှာလိုလို ကိုယ်ရှင်းမှာလိုလို ပုံစံမျိုးတွေနဲ့။ ပြီးတော့မှ ယောင်ရမ်းပြီး ရှေ့တည့်တည့်မှာ ရှိနေတဲ့ နံရံကြီးဆီကို ငေးကြည့်နေမိပါတော့တယ်။ နံရံပေါ်မှာ စာရွက်ခေါက်ကလေးများ တွေ့လိုတွေ့ငြား...။

### မျက်မမြင် မိန်းကလေး

တစ်ခါတုန်းက မျက်စိနှစ်ကွင်း အလင်းမရတဲ့ မိန်းကလေးတစ်ဦး ရှိပါတယ်။ မျက်မမြင်မိန်းကလေးဟာ အပြင်လောကကို ကြည့်ရှုခွင့်မရတဲ့အတွက် သူ့ကိုယ်သူ စိတ်ပျက်အားငယ်နေမိပါသတဲ့။ ဒါကြောင့် မျက်မမြင်မိန်းကလေးဟာ သူ့ချစ်သူက လွဲရင် ကျန်တဲ့သူတွေအကုန်လုံးကို မုန်းတီးစိတ်တွေ ဖြစ်နေပါသတဲ့။ တစ်နေ့မှာတော့ မျက်မမြင်မိန်းကလေးက 'သူ့မျက်လုံးတွေ ပြန်ကောင်းပြီး အပြင်လောကကိုသာ တွေ့မြင်ခွင့် ရမယ်ဆိုရင် သူ့ချစ်သူကို အမြန်ဆုံးလက်ထပ်ချင်ပါတယ်'လို့ သူ့ချစ်သူကောင်လေးကို ဖွင့်ပြောလိုက်သတဲ့။

မိန်းကလေးဟာ ကံကောင်းတယ်လို့ ပြောရမှာပါ။ တစ်နေ့မှာတော့ မျက်မမြင်မိန်းကလေးအတွက် မျက်စိအလှူရှင်တစ်ဦး ပေါ်လာပါတယ်။ အလှူရှင်က မိန်းကလေး လိုအပ်နေတဲ့ မျက်လုံးနှစ်လုံးကို လာလှူတဲ့အတွက် မျက်မမြင်မိန်းကလေးဟာ အပြင်လောကကို ကြည့်ရှုခွင့် ရသွားပါတော့တယ်။ သူမြင်တွေ့ချင်နေတဲ့ သူ့ချစ်သူအပါအဝင် လောကကြီးမှာ တည်ရှိနေတဲ့ အရာရာအားလုံးကို တွေ့မြင်ခွင့်ရသွားတော့ မိန်းကလေးဟာ 'ငါ တော်တော်ကံကောင်းတာပဲ'လို့ တွေးပြီး အလွန်ပဲ ပျော်ရွှင်ကျေနပ်သွားပါတော့တယ်။

ဒီတော့ သူမချစ်သူက 'အချစ်ရေ... တကယ်လို့ အပြင်လောကကို တွေ့မြင်ခွင့်ရမယ်ဆိုရင် မင်း ငါ့ကို လက်ထပ်မယ်လို့ ပြောခဲ့ဖူးတယ်လေ။ အခု မင်းမျက်လုံးတွေလည်း ပြန်ကောင်းသွားပြီ။ မင်း ငါ့ကို လက်ထပ်မယ်မဟုတ်လား'လို့ ပြောလိုက်ပါတယ်။ ဒီတော့ မိန်းကလေးဟာ အလွန်ပဲ အံ့အားသင့်ပြီး တုန်လှုပ်သွားပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ မျက်မမြင်ဘဝတုန်းက သူချစ်ခဲ့ရတဲ့ သူ့ချစ်သူဟာ မျက်မမြင်တစ်ယောက်ဖြစ်နေလို့ပါပဲ။ ဒါကြောင့် မိန်းကလေးက 'ဝမ်းနည်းပါတယ်ရှင်။ ကျွန်မ ရှင့်ကို လက်မထပ်နိုင်တော့ပါဘူး'လို့ ပြောပြီး လက်ထပ်ဖို့ ကိစ္စကို ငြင်းပယ်လိုက်ပါတော့တယ်။

ဒီတော့ မိန်းကလေးရဲ့ချစ်သူဟာ ငိုကြွေးပြီး အဝေးကို ထွက်ပြေးသွားပါတော့တယ်။ သိပ်မကြာခင်မှာပဲ ချစ်သူကောင်လေးက သူ့ချစ်သူ မိန်းကလေးဆီကို စာရေးလိုက်ပါတယ်။ စာထဲမှာ ရေးထားတာက ... 'အချစ်ရယ်... မင်း လက်ထပ်မယ်ဆိုလို့ ကိုယ့်မျက်လုံးတွေကို စွန့်လွှတ်ခဲ့ပါတယ်။ ကိုယ့်မျက်လုံးတွေကို ဂရုစိုက်ပြီး ပြုစုစောင့်ရှောက်ပေးပါကွယ်...' တဲ့။

□

ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး။ အခြေအနေ ပြောင်းလဲခြင်းတွေနဲ့အတူ လူတွေရဲ့ စိတ်ဟာလည်း အခြေအနေနဲ့ အချိန်အခါပေါ် မူတည်ပြီး ပြောင်းလဲတတ်တယ်ဆိုတဲ့ ဖြစ်တတ်တဲ့ လူသားတွေရဲ့ စိတ်သဘောသဘာဝကို ရည်ညွှန်းချင်တာပါ။ ပြဿနာတွေ၊ အခက်အခဲတွေနဲ့ ဘယ်လောက်ပဲ ရင်ဆိုင်တွေ့ကြုံနေပါစေ လက်တွဲမဖြုတ်ဘဲ ဘဝခရီးကြမ်းကို လျှောက်လှမ်းနေကြသူတွေလည်း လူ့လောကကြီးမှာ အများကြီးရှိတယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာ မရှိပါဘူးလေ။

**လူကောင်ထွားတဲ့ ... ည**

တစ်ကိုယ်ရေ လွှမ်းဆွတ်မှုနဲ့
ဦးညွှတ်လိုက်ပါတယ်
ရောက်ရာဘုံဘဝက
သာစုမခေါ်ကြနဲ့။

ဝေဒနာကန္တာရဘေး သင့်နေတဲ့ ကြိုးဝိုင်းတစ်ခုထဲ
တစ်ယောက်ထဲ ဆင်နွှဲတဲ့ စစ်ပွဲမှာ
မသက်ဆိုင်သူတွေ အကျအဆုံးများခဲ့ရင်
အပြင်ဘက်ကနေ အခန်းတံခါးကို သော့ခတ်ထားခဲ့ပါ မိတ်ဆွေ။

ယုံကြည်မှုတွေ အနာတရဖြစ်တဲ့အခါ
အသက်တစ်ရက် ကြီးကြီးသွားတိုင်း
မကောင်းမှုက လူကောင်ပိုထွားထွားလာတယ်
'ဒီကောင် အကုသိုလ်ကောင်'လို့
ခေတ်အဆက်ဆက်က ပြောကြပါစေ။

မစို့မပို့ ရှာရှာချနေတဲ့ မိုးထဲ
သွေးထွက်သံယိုမှုတွေ မျောပါခဲ့ရင်
လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ
ဒဏ်ရာချင်း လဲလှယ်ထားတဲ့ အနာဟောင်းတစ်ခုပဲပေါ့။

တကယ်ပါ
အသက်တစ်ရက် ကြီးကြီးသွားတိုင်း
မကောင်းမှုက လူကောင်ပိုထွားထွားလာတယ်
မတော်တဆ လမ်းမှာ လူချင်းတွေ့ခဲ့ရင်
'တရားခံသည် တရားခံသာဖြစ်ကြောင်း' တဖွဖွပြောပါလေ။

## ယဉ်ကျေးမှု မျိုးတုန်းသတ်ဖြတ်ခြင်း

## (Cultureal Genocide)

လွန်ခဲ့တဲ့နှစ်က အိန္ဒိယမြောက်ပိုင်း နယူးဒေလီမြို့ရဲ့ မြောက်ဘက် ၂၉၈-မိုင် အကွာမှာရှိတဲ့ ဓရံဆာလာဆိုတဲ့ မြို့လေးမှာ လေးလလောက် နေထိုင်ခဲ့ဖူးပါတယ်။ ဓရံဆာလာဆိုတာ ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း လေးထောင့်ခုနစ်ရာကျော်မှာရှိတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ပါ။ ရာသီဥတုက အရမ်းအေးလွန်းပါတယ်။ အိန္ဒိယမှာ စာသင်နေကြတဲ့ အပူပိုင်းဒေသက မြန်မာရဟန်းတော်အချို့ နွေခိုလေ့ရှိတဲ့ မြို့လေးပေါ့။ ဓရံဆာလာဆိုတာ ရေခဲတောင်ကြီးတွေကို နောက်ခံပန်းချီကားတစ်ချပ်လို ချိတ်ဆွဲထားတဲ့ သန့်ရှင်းသပ်ရပ်တဲ့ မြို့ကလေး။ နွေရာသီမှာတောင် စောင်ခြုံရတယ်။

ဓရံဆာလာဆိုတာ တိဘက်လူမျိုးတွေ အများဆုံးနေထိုင်တဲ့ မြို့လေးတစ်မြို့။ ဒီမြို့လေးမှာ နိုဘယ်လ်ငြိမ်းချမ်းဆုရှင် ကမ္ဘာကျော် တိဘက်ဘုန်းတော်ကြီး ဒလိုင်းလားမား အခြေချ နေထိုင်သီတင်းသုံးနေပါတယ်။ အခုနောက်ပိုင်း ထင်ရှားလာတဲ့ တိဘက်ဘုန်းကြီးလေး ကမ္မာပါတ်လည်း ဓရံဆာလာနဲ့ မနီးမဝေးမှာ ရှိနေပါတယ်။ ပြီးတော့ ဓရံဆာလာဟာ တိဘက်အဝေးရောက်အစိုးရ ရုံးစိုက်ရာဌာနချုပ်လည်း ဖြစ်ပါတယ်။

ပြောလိုတာက ဓရံဆာလာဆိုတာ တိဘက်ဘုန်းတော်ကြီးတွေ၊ တိဘက်ဆရာလေးတွေ၊ တိဘက်လူမျိုးတွေ နေထိုင်ကြတဲ့ မြို့လေးပဲပေါ့။

တိဘက်လူမျိုးအများစုရဲ့ ဘဝနေထိုင်မှုဟာ အေးအေးချမ်းချမ်း ရှိလှတယ်။ ဘုန်းတော်ကြီး ဒလိုင်းလားမားကို ဘုရားလောင်းလို့ သတ်မှတ်ပြီး ယုံကြည်ကိုးကွယ်ကြပါတယ်။ အိမ်တွေ ဈေးဆိုင်တွေမှာ မြန်မာပြည်မှာလို ဘုရားပုံတော် ကိုးကွယ်ကြတာ သိပ်မတွေ့ရ။ ဘုန်းတော်ကြီး ဒလိုင်းလားမားပုံတော်ကိုသာ ဘုရားစင်ပေါ်မှာ တွေ့ရပါတယ်

တိဘက်ဟာ မြန်မာနဲ့ နေထိုင်မှုပုံစံ ဆင်တူတယ်။ ဘာသာစကားအချို့ တူနေတာကို တွေ့ရတယ်။ ဥပမာ မြန်မာက 'တစ်'၊ တိဘက်က 'ကျစ်'။ မြန်မာက 'ငါး'၊ တိဘက်က 'င' လို့ ပြောကြတယ်။ အခြားဆင်တူတာလေးတွေ ရှိသေးတယ်။ (Linguistics) ဘာသာဗေဒအလိုအရ မြန်မာဟာ တိဘက်နဲ့ တစ်အုပ်စုတည်းဖြစ်တဲ့အကြောင်း ဖတ်ဖူးတယ်။ အိန္ဒိယမှာ ဓရံဆာလာမြို့ဟာ နိုင်ငံခြားသားတွေ အများဆုံး လာရောက်လည်ပတ်ကြ အချိန်ကြာကြာ လာရောက်နေထိုင်လေ့ရှိကြတဲ့ မြို့လေးတစ်မြို့ပဲ ဖြစ်ပါတယ်။

ဓရံဆာလာကို ရောက်လာကြတဲ့ နိုင်ငံခြားသားတွေက အင်္ဂလိပ်စာ အခမဲ့ သင်ပေးကြတယ်။ ကိုရီးယားစကား အခမဲ့ သင်ပေးတယ်။ ဂျပန်၊ ပြင်သစ်နဲ့ ဂျာမန်စတဲ့ ဘာသာစကားတွေကို အချိန်ရရင် ရသလို လာရောက်သင်ပေးနေကြတာကို တွေ့ရပါတယ်။ သင်တန်းတစ်ခုကို လူတစ်ယောက်ထဲက လေးလငါးလစသည် အချိန်အကြာကြီး သင်ပေးနေတာမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ တစ်ယောက်ပြန်သွားရင် နောက်ရောက်လာသူက အဲဒီသင်တန်းကို ဆက်သင်ပေးလို့ သင်တန်းတွေဟာ အဆက်ပြတ်သွားတယ်လို့ သိပ်မရှိလှဘူး။ တစ်ရက် အချိန်ရရင် တစ်ရက်စာ လာသင်ပေးကြပတါယ်။ တချို့နိုင်ငံခြားသားတွေဟာ နှစ်စဉ်နှစ်တိုင်း အားလပ်ရက်ရတိုင်း ဓရံဆာလာကို လာပြီး စာသင်ပေးနေကြတာ။

ဓရံ့ဆာလာမှာ လေးလကြာ နေထိုင်ခဲ့စဉ်အတွင်းမှာ တိဘက်လူမျိုးတွေရဲ့ ဆိုးရွားလှတဲ့ အခြေအနေတွေကို နေ့စဉ်လိုလို ကြားသိခဲ့ရပါတယ်။ ရေခဲတောင်ကြီးတွေကို ငေးကြည့်ရင်း သူတို့ပြောတာ နားထောင်နေမိတယ်။ အပြင်မှာ ရာသီဥတု အရမ်းအေးနေပေမဲ့ ဘာကြောင့်မှန်းမသိ။ စိတ်ထဲမှာ ပူနေမိတယ်။

သူတို့ဟာ မြန်မာပြည်အကြောင်း ဘာမှ သိပ်မသိကြ။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်အကြောင်းကို ကောင်းကောင်း သိနေကြတယ်။ Freedom from fear က ရေခဲတောင်တန်းတွေပေါ်က စာအုပ်ဆိုင်တွေပေါ်မှာ ရှိနေတယ်လေ။ မြန်မာပြည်ဆိုတာ ဘယ်နားရှိမှန်းလည်း သိပုံမရ။ မေးကြည့်တော့ ဘာမှ ရေရေရာရာ ပြောနိုင်တာမရှိ။ သို့သော် ရွှေဝါရောင် တော်လှန်ရေးအကြောင်းကို သူတို့ ကောင်းကောင်းသိနေကြတယ်။ အင်တာနက်တွေ ဂျာနယ်တွေ ဗွီဒီယိုစလောင်းတွေမှာ ကြည့်ခဲ့ရတယ်ဆိုပဲ။ တိဘက်သူငယ်ချင်းတစ်ယောက်က ပြောပါတယ်။ မင်းတို့က ငါတို့ထက်စာရင်း အများကြီးတော်ပါသေးတယ်တဲ့။ သူပြောတဲ့ 'မင်းတို့က ငါတို့ထက်စာရင် တော်ပါသေးတယ်' ဆိုတဲ့ စကားကို ကြားတော့ တိဘက်သူငယ်ချင်းကို အလိုလို သနားနေမိတယ်။

တစ်နေ့မှာတော့ အမေရိကန်က Megan Akar ဆိုတဲ့ ဆရာမလေးက Genocide ဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး ရှင်းပြတယ်။ Genocide ဆိုတာ လူမျိုးတုန်းသတ်ဖြတ်တဲ့အကြောင်းဆိုတာ လူတိုင်းသိပြီးသားပါ။

ဓရံ့ဆာလာဆိုတာ တိဘက်တွေရဲ့ ဒဏ်ရာအနာတရတွေကို ကုသပေးနေတဲ့ ဆေးရုံတစ်ရုံဆိုရင်လည်း မှားမယ် မထင်ပါဘူး။ နိန်နိလေး ရင်းနှီးခွင့်ရတာနဲ့ ရင်ဖွင့်တော့တာပဲ။ တိဘက်ပြည်ကနေ အိန္ဒိယရောက်အောင် လာခဲ့ရတာကိုက သူတို့အတွက် တကယ့်ကြီးမားတဲ့ စွန့်စားခန်းကြီးတစ်ခု။ သူတို့ရဲ့ စွန့်စားခန်းတွေကို နားထောင်ရတာ ကလေးဘဝတုန်းက ဖတ်ခဲ့ရတဲ့ 'ပါပီလွန်နဲ့ ဗင်ကို' ဆိုတဲ့ ဝတ္ထုစာအုပ်ထူထူကြီးကို ဖတ်နေရသလိုမျိုး။ အပြင်ထွက်ဖို့ကြိုးစားရင်း လမ်းခုလတ်မှာ မိသားစုတွေ၊ ဆွေမျိုးတွေ၊ လောကကြီးကို နှုတ်ဆက်ထွက်ခွာသွားသူတွေက ဒုနဲ့ဒေး။ တိဘက်တစ်ယောက်က ပြောပါတယ်။ အခုဆိုရင် တိဘက်ပြည်မှာ တိဘက်စာ တရားဝင် သင်ကြားခွင့် မရှိတော့ဘူးတဲ့။ တိဘက်စကား ပြောလို့မရဘူး။ အိမ်မှာ တိဘက်စာ၊ တိဘက်စကားကို ခိုးသင် ခိုးပြောကြရတဲ့ ဘဝကို ရောက်နေပြီတဲ့။

တိဘက်ယဉ်ကျေးမှု ရိုးရာပွဲလမ်းသဘင်တွေ လုပ်ခွင့်မရကြတော့ဘူး။ အခုဆို တိဘက်မှာရှိတဲ့ မျိုးဆက်သစ်တွေဟာ တိဘက်စကားကို မပြောတတ်ကြတော့ဘူး။ တိဘက်ယဉ်ကျေးမှုဆိုတာ ဘာဆိုတာကို သိပ်မသိကြတော့ဘူး။ တိဘက်စာပေကို မြတ်နိုးခွင့်တွေ မရကြတော့ဘူးလေ။ ကျွန်တော့်နိုင်ငံ (တိဘက်) အကြောင်းတွေးရင် ရင်လေးတယ်ဗျာ။ စိတ်လည်း ပူတယ်။ လူမျိုးတစ်မျိုးဟာ စာပေနဲ့ ယဉ်ကျေးမှုပျောက်ရင် အဲဒီလူမျိုး မကြာခင် ပျောက်ကွယ်သွားတော့မယ်ဆိုတာ ကျွန်တော် ယုံကြည်နေမိတယ်။

၁၉၅၉-ခုနှစ်မှာ ဘုန်းတော်ကြီး ဒလိုင်းလားမား အိန္ဒိယဘက်ကို တိမ်းရှောင်ထွက်ပြေးခဲ့ရတယ်။ တရုတ်စစ်သားတွေ တရုတ်လူမျိုးတွေ အလုံးအရင်းနဲ့ တိဘက်ဒေသကို ဝင်ရောက်လာကြပြီး အခြေချနေထိုင်ခဲ့ကြတယ်။

နောက်တော့ စာသင်ကျောင်းတွေမှာ တရုတ်စာကို မသင်မနေရ ပြဋ္ဌာန်းလိုက်ပြီး တိဘက်စာ လုံးဝမသင်ရ၊ တိဘက်စကား လုံးဝ မပြောရလို့ ပိတ်ပင်လိုက်တယ်။ တိဘက်လူမျိုးတွေရဲ့ ရိုးရာဓလေ့နဲ့ ထုံးတမ်းစဉ်လာတွေ၊ တိဘက်ယဉ်ကျေးမှုတွေကို ဖျောက်ဖျက်ဖို့ ကြိုးစားနေကြတယ်။ နောင် ဆယ်နှစ် အနှစ်နှစ်ဆယ်...။ ကျွန်တော် မတွေးရဲဘူး။ သူပြောတာတွေကို တစ်ဝိုင်းလုံးက ငြိမ်ပြီးနားထောင်နေကြတယ်။ သနားအောင်ပြောတာမဟုတ်မှန်း သိသာပါတယ်။ သူတို့ပြောတာတွေ နားထောင်ပြီးတဲ့ အဆုံးမှာတော့ အမေရိကန် ဆရာမလေးက ပြောပါတယ်။ အဲဒါကို cultural genocide လို့ ခေါ်တယ်တဲ့။

ဒီနေ့ ကမ္ဘာပေါ်မှာ လူမျိုးတုန်းသတ်ဖြတ်ခြင်းကို ဘယ်အဖွဲ့အစည်း ဘယ်လူမျိုးကမှ လက်မခံတော့ပါဘူး။ ပြီးတော့ လူမျိုးတစ်မျိုးဆိုတာ လူမျိုးတုန်း သတ်ဖြတ်ခံရမှ မျိုးတုန်းသွားတာ မဟုတ်ဘူး။ ယဉ်ကျေးမှု စာပေ ဘာသာစကားကို အသတ်ခံရရင်လည်း အဲဒီလူမျိုးဟာ မျိုးတုန်းသွားနိုင်တယ်။ ဆယ်နှစ် မသိသာသေးဘူးပဲ ထားဦး။ အနှစ်နှစ်ဆယ်ဆို နည်းနည်း သိသာလာပြီ။ အနှစ်ငါးဆယ်၊ အနှစ်တစ်ရာ။ လုံးဝ ပျောက်သွားဖို့ပဲရှိတယ်။ ဒီနည်းနဲ့ ကမ္ဘာပေါ်မှာ ပျောက်ကွယ်သွားကြတဲ့ ဘာသာစကားတွေ လူမျိုးတွေ အများကြီးရှိခဲ့ဖူးတယ်။ (Linguistics) ဘာသာဗေဒအလိုအရ ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားတဲ့ ဘာသာစကားဟာ တစ်ထောင်ကျော်ရှိတယ်လို့ ဆိုပါတယ်။ ဘယ်ဘက်က ကြည့်ကြည့် တိဘက်တို့ရဲ့ အနာဂတ်ကား အားရစရာ မရှိလှ။ ရေခဲတောင်တန်းတွေပေါ် ပျံ့လွင့်နေတဲ့ မြူခိုးတွေလို အရာရာအားလုံးက မှုန်ဝါးနေဆဲ။ မိမိတို့တိုင်းပြည်ရဲ့ အနာဂတ်ကတဲ့ကော...။

တိဘက်သူငယ်ချင်းပြောသွားတဲ့ မင်းတို့က တော်ပါသေးတယ်ဆိုတဲ့စကားကို ဆက်တွေးနေမိတယ်။ ကျွန်တော်တို့ဟာ သူပြောသလို တကယ်ရော တော်ပါသေးတယ် ဟုတ်ရဲ့လား။ မြန်မာပြည်မှာလည်း ဘာသာခြား စကားပြောသင်တန်းလေးတွေကို နေရာအတော်များများမှာ တွေ့တွေ့နေရတယ်။ နိုင်ငံခြား ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေကို နေ့တိုင်း ထုတ်လွှင့်နေကြတယ်။ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ နိမိတ်က အကောင်းလား၊ အဆိုးလား၊ ကာရံမညီဘူး မိငယ်ရေ။

မြန်မာပြည်ရဲ့ အထင်ကရမြို့ကြီးတချို့မှာ တရားမဝင် အခြေချနေထိုင်သူတွေ ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။ ရခိုင်ရွာအချို့မှာ ရခိုင်လူမျိုးတွေ မရှိကြတော့ဘူးတဲ့။ မန္တလေးလို အထင်ကရမြို့တော်ကြီးတောင် မျက်စိတွေ မှုးနေပြီဆိုပဲ။ ဟုတ် မဟုတ် မန္တလေးသားတွေက ပိုသိမှာပါ။ ဆရာအော်ပီကျယ်ပြောတာ မှတ်မိတယ်။ သူ့မိတ်ဆွေ နိုင်ငံခြားသား တစ်ယောက်ကို မှတ်ပုံတင် သေသေချာချာသိမ်းထားဖို့ သတိပေးတော့ အဲဒီမိတ်ဆွေက ကိစ္စမရှိဘူး ကျွန်တော့်မှာ ဒါမျိုး နောက်ထပ် ဆယ်ခုရှိသေးတယ်လို့ ပြန်ပြောသတဲ့။ တရားခံ ဘယ်သူလဲဟဲ့လို့ပဲ မေးလိုက်ချင်တော့တယ်။

အခုဆို မြို့သစ်တော်တော်များမှာ ရောက်ကုန်ကြရသူတွေဟာ မြန်မာတွေ များတယ်လို့ မန္တလေးမြို့ခံ မိတ်ဆွေတစ်ဦးက ပြောပါတယ်။ မြန်မာပြည်မို့ မြန်မာပြည်သားတွေများတာ ဆန်းသလားလို့ မေးရင်...။ မန်းမြို့သားတွေကိုပဲ မေးကြည့်စေချင်ပါတယ်။ အဖြေက သူတို့ဆီမှာပဲ ရှိလိမ့်မယ်။ မြန်မာစကား မတတ်သူတွေ ရွှေမန္တလေးမှာ တစ်ပုံကြီးဆိုပဲ။

ရခိုင်မှာ တချို့ရွာတွေမှာ ရခိုင်တွေ မရှိကြတော့ဘူးတဲ့။ နယ်စပ်တွေကနေ ယိုစိမ့်နေတဲ့ မြန်မာအမျိုးသမီးလေးတွေရဲ့ မနက်ဖြန်တွေက မှုန်ဝါးလွန်းလှတယ်။ ရေကြည်ရာ မြက်နုရာ ရှာရင်း...။ ဒီအစိမ်းရောင် လွင်ပြင်တောမှာ မပျော်ချင်လည်း ပျော်ခဲ့ရ။ လူ့ဘဝက သိပ်တိုတယ်ဆိုပေမယ့် အဆင်မပြေသူတွေအတွက် ရှည်လျားလွန်းပါတယ်။ သေချာတာတစ်ခုကတော့ နေထွက်မှာကို ကြောက်နေတဲ့သူတွေလည်း ရှိနေသေးတယ် ဆိုတာပါပဲ။

သစ်ပင်တစ်ပင်ကို သင်းသပ်ပြီးတော့ အသေသတ်သလိုမျိုး အင်အားချိန့်သူတွေ ချို့တဲ့သူတွေကို သင်းသပ်ဖို့ ကြိုးစားနေကြတဲ့ လူပုဂ္ဂိုလ်တချို့၊ လူ့အဖွဲ့အစည်းအချို့ ရှိနေကြတယ်ဆိုတာကို မမေ့စေချင်ပါဘူး။

နောင် အနစ်ငါးဆယ်...။

အနှစ် တစ်ရာ...။

Cultural Genocide... ။

အဖြူနဲ့ အမည်းကြားမှာ အိပ်မောကျမနေနဲ့တော့ ငါ့မြို့လေးရေ...။

## သစ်ခုတ်သမားပုံပြင်

တစ်ခါတုန်းက သစ်ခုတ်သမားတစ်ယောက်ဟာ သစ်ကုန်သည်ကြီးတစ်ဦးဆီမှာ အလုပ်လျှောက်ထားလိုက်ပါတယ်။ သူ ရမည့်လစာနဲ့ အလုပ်အခြေအနေကို လေ့လာကြည့်လိုက်တော့ သူ့အတွက် အခွင့်အရေးတွေ အလွန်ကောင်းနေတာကြောင့် သစ်ခုတ်သမားဟာ သူ့အနေနဲ့ အလုပ်ကို အစွမ်းကုန်ကြိုးစားလုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အလုပ်ရှင်သူဌေးဟာ သစ်ခုတ်သမားကို ပုဆိန်တစ်လက်ပေးပြီး ခုတ်လှဲရမည့် နေရာနဲ့ ခုတ်လှဲရမည့် သစ်ပင်တွေကို ညွှန်ပြလိုက်ပါတယ်။

ပထမနေ့မှာ သစ်ခုတ်သမားဟာ သစ်ပင်တစ်ဆယ့်ရှစ်ပင်ကို ခုတ်လှဲနိုင်ခဲ့ပါတယ်။ ဒီတော့ သူဌေးက သစ်ခုတ်သမားရဲ့ ကြိုးစားမှုကို ကြည့်ပြီး 'မင်းအတွက် ဂုဏ်ယူပါတယ်ကွာ၊ ဒီအတိုင်းသာဆက်ပြီး အလုပ်ကို ကြိုးစားမယ်ဆိုရင် မင်းအတွက် အကျိုးအမြတ်တွေ အများကြီးရှိမယ်ဆိုတာ ယုံကြည်ထားစေချင်ပါတယ်' လို့ ပြောလိုက်ပါတယ်။

သူဌေးရဲ့ အားပေးစကားကြောင့် သစ်ခုတ်သမားဟာ အရင်နေ့ကထက် ပိုပြီး ကြိုးစားပါတယ်။ ဒါပေမဲ့ အရင်နေ့ကလို ကြိုးစားပြီး ခုတ်ပေမယ့် ဒုတိယမြောက်နေ့မှာတော့ သစ်ပင်တစ်ဆယ့်ငါးပင်ပဲ ခုတ်လှဲနိုင်လိုက်ပါတယ်။ သစ်ခုတ်သမားဟာ တတိယမြောက်နေ့မှာလည်း အရင်ရက်တွေထက် ပိုကြိုးစားပြီး ခုတ်ပေမယ့်လည်း တစ်နေကုန်မှ သစ်ပင်လေး ဆယ်ပင်ကိုပဲ ခုတ်လှဲနိုင်လိုက်ပါတယ်။

ဒီလိုနဲ့ သစ်ခုတ်သမားဟာ တစ်နေ့ထက်တစ်နေ့ သစ်ပင်ခုတ်လှဲနှုန်းတွေ ကျဆင်းသွားပါတော့တယ်။ သူ့ဘက်က ကြိုးစားပေမယ့် သူမျှော်မှန်းသလို ဖြစ်မလာတော့ သူ စိတ်ညစ်ရပြီပေါ့။ စိတ်ဓာတ်တွေကျပြီး သူ့ကိုယ်သူလည်း ယုံကြည်မှုတွေ လျော့နည်းသွားပါတော့တယ်။ ပြီးတော့ သစ်ခုတ်သမားက 'ငါ့မှာ အင်အားတွေ တဖြည်းဖြည်းနဲ့ ကုန်ဆုံးသွားတာပဲ ဖြစ်ရမယ်'လို့ တွေးထင်လိုက်ပါတယ်။

သစ်ခုတ်သမားဟာ သူဌေးဆီသွားပြီး 'ဘာကြောင့် သူ ဒီလိုဖြစ်ရတယ်ဆိုတာကို သူ နားမလည်နိုင်ပဲ ဖြစ်နေရပါတယ်'လို့ ပြောရင်းနဲ့ သူဌေးဖြစ်သူကို တောင်းပန်စကားပြောဆိုလိုက်ပါတယ်။ ဒီတော့ သူဌေးဖြစ်သူက "မင်းရဲ့ ပုဆိန်ကို ဘယ်တုန်းက မင်း နောက်ဆုံး သွေးခဲ့သလဲ'လို့ မေးလိုက်တဲ့အခါမှာတော့ သစ်ခုတ်သမားက လန့်ဖျပ်သွားပါသတဲ့။ ပြီးတော့ သူက 'ပုဆိန်သွေးတယ် ဟုတ်လား။ ကျွန်တော်တော့ ပုဆိန်သွေးဖို့တောင် အချိန်မရှိပါဘူးဗျာ။ တစ်ချိန်လုံး သစ်ပင်တွေကို ခုတ်လှဲရင်းနဲ့ အလုပ်များနေခဲ့တာပါပဲ'လို့ ပြန်ဖြေလိုက်ပါတော့တယ်။

□

စီးပွားရေးလောကက မိတ်ဆွေတစ်ယောက်နဲ့ စကားစမြည် ပြောကြရင်းကနေ ဒီပုံပြင်လေးကို သူ့ကို ပြောပြနေမိတယ်။ သူ ပြောတာကို နားထောင်ပြီး အနှစ်ချုပ်ကြည့်လိုက်ရင် အောက်ပါအတိုင်း ဖြစ်ပါတယ်။

"ခင်ဗျားပြောတာ မှန်ပါတယ်ဗျာ။ တကယ်တော့ဗျာ ဒီသစ်ခုတ်သမားက သူ့လက်ရည်ကျသွားလို့ သစ်ပင်ခုတ်တာ နည်းသွားတာမဟုတ်ဘူးဗျ။ သူ့ပုဆိန်ကို သွေးရမှာကို မသွေးမိခဲ့လို့ သူ့ကိုယ်သူ ယုံကြည်မှုတွေ ကျဆင်းသွားခဲ့တာ။ သူက တစ်ချိန်လုံး ခုတ်ဖို့ပဲ စဉ်းစားနေတဲ့သူလေ။ ကျွန်တော်တို့ ဘဝတွေကလည်း ဒီပုံပြင်ထဲက သစ်ခုတ်သမားလိုပါပဲ။ တစ်ချိန်လုံး ခုတ်ဖို့ပဲ တွေးနေကြတာ။

ဒါပေမဲ့ သွေးဖို့ကျတော့ သတိမရကြဘူး။ တစ်ခါတလေ ကိုယ့်ပုဆိန်ကို သွေးဖို့အချိန်မရှိလောက်အောင်ကို ကျွန်တော်တို့တစ်တွေ အလုပ်များနေခဲ့ကြတယ်။ လိုအပ်ချက်တွေနောက်ကို မမီမကမ်းနဲ့ အမောတကောလိုက်နေရတဲ့ ဒီနေ့ခေတ်ကြီးထဲမှာ လူသားတွေဟာ အခါတိုင်းထက် ပိုပြီး အလုပ်လုပ်နေကြရတယ်။

ဒါပေမဲ့ လူတွေဟာ အခါတိုင်းထက်ပိုပြီး ပျော်ရွှင်မှုတွေ နည်းနည်းသွားတယ်လို့လည်း ကျွန်တော်ထင်တယ်ဗျ။ သူများတိုင်းပြည်က လူတွေထက်စာရင် အထူးသဖြင့် ကျွန်တော်တို့တိုင်းပြည်က လူတွေကို ကြည့်လိုက်ရင် သူတို့မျက်နှာတွေက သိပ်ကြည်ကြည်လင်လင် ရွှင်ရွှင်ပြပြ တက်တက်ကြွကြွ မရှိတာကို တွေ့တွေ့နေရတာ များတယ်။

ခင်ဗျား စဉ်းစားကြည့်လေ။ သာမန်အခြေခံ လူတန်းစားတွေက အာဟာရမပြည့်တဲ့ အစားအစာတွေကို စားနေရတယ်။ အဝတ်အစားဆိုလည်း အရည်အသွေးမပြည့်တဲ့ အဝတ်အစားတွေကို လူတော်တော်များများက ဝတ်နေရတယ်ဆိုတာ အပြင်ထွက်ဖူးတဲ့လူတိုင်း သိပါတယ်။ ကျွန်တော် တကယ် စိတ်မကောင်းဘူးဗျာ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဘာမှမဟုတ်တော့ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူးဖြစ်နေတယ်။ ကျွန်တော်တို့ထက် အခြေအနေဆိုးတဲ့လူတွေ ကမ္ဘာပေါ်မှာ အများကြီးရှိတယ်ဆိုတာ ကျွန်တော် လက်ခံပါတယ်။ ဒါပေမဲ့ဗျာ... ကျွန်တော်တို့တိုင်းပြည်ရဲ့ ပထဝီသယံဇာတ အနေအထားနဲ့ဆိုရင် ကျွန်တော်တို့အခြေအနေက အများကြီးနစ်နာနေတယ်ဆိုတာ ခင်ဗျားလည်း သတိပြုမိမယ်လို့ ကျွန်တော်ထင်ပါတယ်ဗျာ"လို့ ပြောပြီး အဝေးကို ငေးကြည့်နေမိပါတော့တယ်။ သူ ပြောတာတွေ နားထောင်ပြီး သူ့ကိုကြည့်ရတာ နာနာကျင်ကျင် နွမ်းနွမ်းလျလျ ရှိလိုက်တာ။

သူ ပြန်သွားတော့မှ ဆက်တွေးနေမိတယ်။ ကျွန်တော်တို့ လူမှုအဖွဲ့အစည်းမှာ သူလိုလူတွေ ဘယ်လောက်များ ရှိနေပြီလဲ...။ ပျော်ရွှင်ဖို့ကြိုးစားရင်းနဲ့ လူတွေဟာ မပျော်ရွှင်ကြတော့ဘူးလား။ ဘဝမှာ နေပျော်ဖို့ ကြိုးစားရုန်းကန်နေရင်းကနေ မနေပျော်ကြတော့ဘူးလား။ ငြိမ်းချမ်းဖို့ ကြိုးစားရင်းနဲ့ ပူလောင်နေကြရပြီလား။ ဘဝဆိုတာ သာယာနာပျော်ဖွယ်က နည်းပါးလွန်းလှတယ်လို့ ယုံကြည်နေမိပြီဆိုရင်တောင်မှ ရသလောက်လေး ပျော်ရွှင်စရာတွေကို ရှာကြမယ်။ နှစ်သိမ့်ရောင့်ရဲခြင်းကို အဖော်ပြုလို့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းဖို့ ကြိုးစားကြမယ်။

ဒီထက်ဆိုးတဲ့ အခြေအနေတွေထဲကတောင် လွတ်အောင် ရုန်းထွက်နိုင်ခဲ့ကြသေးတာပဲ မဟုတ်လား။ ဘာလို့ စိတ်ညစ်နေမှာလဲ။ ဘာလို့ စိတ်ဓာတ်တွေ ကျနေမှာလဲ။ ဘာဖြစ်လို့ ကျွန်တော်တို့တစ်တွေက လေးလံထိုင်းမှိုင်းနေကြမှာတဲ့လဲ။ လှုပ်ရှားမှုတွေ၊ ကြိုးစားရုန်းကန်မှုတွေသာ တစ်စုံတစ်ရာ အမှားအယွင်း မရှိခဲ့ဘူးဆိုရင် လူတိုင်းရဲ့ အိပ်မက်တွေဟာ အမှန်တကယ်ဖြစ်လာဖို့ မဝေးတော့ဘူးဆိုတဲ့စိတ်နဲ့ ဝင်သက်ထွက်သက်တွေကို ဆုပ်ကိုင်ထားကြတယ်။

မနေမနား ပြေးလွှားရုန်းကန်ရင်းနဲ့ ဘယ်သူ့ကိုမှ မထိခိုက်တဲ့ ကိုယ့်ကိုယ်ကိုလည်း မထိခိုက်တဲ့ ပျော်ရွှင်မှုတွေကို ရှာဖွေကြမယ်။ ကိုယ်နေထိုင်ရာ ကိုယ့်ပတ်ဝန်းကျင် ငြိမ်းချမ်းဖို့၊ ပြီးတော့ ကိုယ်ကိုယ်တိုင်ကလည်း ငြိမ်းချမ်းဖို့ ကြိုးစားရင်း ယုံကြည်မှုအပြည့်နဲ့ ဖြတ်သန်းကြမယ်ဆိုရင် ဘဝဆိုတာ ကျေနပ်စရာ၊ ပျော်ရွှင်စရာတွေချည်းပဲ မဟုတ်လား။ တကယ်တော့ လူတိုင်းလူတိုင်းဟာ စွမ်းရည်တွေကျပြီး အားအင်တွေ ကုန်ခန်းနေကြတာမဟုတ်ပါဘူး။ ကိုယ့်ပုဆိန်ကို သွေးပေးဖို့ မေ့နေကြလို့ပါ။ အရေးကြီးတာက ကိုယ့်ပုဆိန်ကို အမြဲတမ်းသွေးပေးနေဖို့ပါပဲလေ။

ဘဝမှာ ငွေကြေးပြည့်စုံဖို့ဆိုတာ အရေးကြီးကြောင်း လူတိုင်းနီးပါး နားလည်ထားကြပါတယ်။ ဒါပေမဲ့ ရှင်သန်နေရတဲ့အခိုက်မှာ ဘယ်လို စိတ်ချမ်းသာအောင် နေရမယ်၊ ပူလောင်မှုကင်းအောင် ဘယ်လို နေထိုင်ရမယ်ဆိုတဲ့ အသိက အဲဒီရုပ်ပိုင်းပြည့်စုံမှုထက် ပိုအရေးကြီးမယ်လို့ထင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုတွေ ပြည့်စုံကြွယ်ဝပြီး စိတ်ပူလောင်ပင်ပန်း ဆင်းရဲနေရမည့်အစား ရုပ်ပိုင်းဆိုင်ရာ သင့်တင့်ပေမယ့် အသိတရားပြည့်ပြည့်နဲ့ ဘယ်သူ့ဘယ်သူကိုမှ ဒုက္ခမပေး၊ ဘယ်သူ့ကိုမှ အနှောက်အယှက်မပေးဘဲ ပျော်ရွှင်စွာ ရှင်သန်နေရတဲ့ဘဝလေးက ပိုပြီးတော့များ အဓိပ္ပါယ်ရှိလေမလားလို့ တွေးနေမိတယ်။ ဆင်းရဲသားတွေက ဆင်းရဲသားအတွေး တွေးတယ်လို့ ပြောရင်လည်း ကျေနပ်ရမှာပါပဲလေ။

## သီသီကလေး

ကိုဘမောင် အိမ်ထောင်ပြုခဲ့တာ ၂၁-နှစ် ပြည့်ခဲ့ပါပြီ။ တစ်နေ့မှာတော့ ဇနီးဖြစ်သူက ကိုဘမောင်ကို အခြားအမျိုးသမီးတစ်ယောက်နဲ့ အပြင်မှာ ညစာ အတူစားပြီး ရုပ်ရှင်ကြည့်ဖို့ ပြောလာခဲ့ပါတယ်။ ဇနီးဖြစ်သူက 'ကျွန်မ ရှင့်ကို ချစ်ပါတယ်။ ကျွန်မ ရှင့်ကို ချစ်သလိုပဲ အခြားအမျိုးသမီးတစ်ယောက်ကလည်း ရှင့်ကို ချစ်နေတယ်ဆိုတာ ကျွန်မ သိပါတယ်။ သူလည်း ရှင်နဲ့ အတူတူနေရမယ့် အချိန်လေးတွေကို မျှော်လင့်နေမိမှာပါ။ ရှင်နဲ့အတူ အချိန်တွေကုန်လွန်ရတာကို ကြိုက်နှစ်သက်မှာပါ။ ကိုယ်တကယ်ချစ်မြတ်နိုးရသူနဲ့ အတူတူနေရတဲ့အချိန်လောက် ပျော်ရွှင်စရာကောင်းတာ မရှိဘူးလေ။ ဒါကြောင့် ရှင့်ကို သူနဲ့အတူ ဒီညနေမှာ အပြင်ထွက်လည်ဖို့ ကျွန်မ တိုက်တွန်းရတာပဲ'လို့ ပြောလိုက်ပါတယ်။

ကိုဘမောင်ဇနီးပြောတဲ့ အခြားအမျိုးသမီးတစ်ယောက်ဆိုတာ တခြားမဟုတ်ပါဘူး။ ကိုဘမောင်ရဲ့ အမေကို ပြောတာပါတဲ့။ ကိုဘမောင် စဉ်းစားနေမိတယ်။ အမေဟာ မုဆိုးမဖြစ်နေတာ ၁၉-နှစ်တောင် ရှိနေပြီလေ။ ကိုဘမောင်အနေနဲ့တော့ အလုပ်တွေ များနေတာရယ်၊ ကလေးသုံးယောက်အတွက်ကြောင့်ရယ် အမေဖြစ်သူဆီကို သိပ်မရောက်ဖြစ်ဘူးပေါ့။ တစ်ခါတစ်လေမှပဲ သွားတွေ့ဖြစ်တယ်။ အဲဒီညမှာတော့ ကိုဘမောင်ဟာ အမေဖြစ်သူထံကို ဖုန်းဆက်လိုက်ပါတယ်။ မတွေ့ရတာ ကြာပြီဖြစ်တဲ့ အမေနဲ့အတူ အပြင်ထွက်ပြီး ညစာအတူစားမယ်။ ပြီးရင် ရုပ်ရှင်ကြည့်ကြမယ်ပေါ့။ အမေဖြစ်သူက ငါ့သား ဒီနေ့မှ ဘာဖြစ်နေတာလဲ အဆင်ပြေရဲ့လား၊ နေရော ကောင်းပါရဲ့လားလို့ ဖုန်းထဲကနေ မေးရှာနေပါတော့တယ်။

ဒီလိုမျိုး တစ်ခါမှ မကြုံဖူးတော့ နည်းနည်းထူးဆန်းနေသလို ခံစားနေမိသူက အမေဖြစ်သူရယ်ပါ။ ထူးဆန်းတဲ့ ဖိတ်ကြားမှုလေးတစ်ခုဖြစ်တာကြောင့် ဒီလို ဖုန်းခေါ်တာနဲ့ပတ်သက်ပြီး အမေဖြစ်သူက စိုးရိမ်မကင်း ဖြစ်နေမိတယ်။ သားနဲ့တွေ့ရင် သားက ဘာတွေပြောမလဲ။ အဆင်မပြေမှုတွေ မကောင်းသတင်းတွေများကြားရမယ့်လက္ခဏာများလား။ ငါ့သားလေး အဆင်မှ ပြေပါ့မလားလို့တွေးပြီး အမေဖြစ်သူဟာ ပူပန်နေမိတယ်။ 'ဒီညနေမှာ ကျွန်တော်တို့သားအမိနှစ်ယောက်ထဲ အပြင်ထွက်ပြီး ညစာ အတူစားကြမယ်။ ပြီးရင် ရုပ်ရှင်ကြည့်ကြမှာနော်။ ကျွန်တော်နဲ့အတူ ရှိနေတဲ့ အချိန်လေးတွေကို အမေသဘောကျကျေနပ်မိမယ်လို့ ကျွန်တော် ထင်ပါတယ်အမေ'လို့ သားဖြစ်သူရဲ့အပြောမှာ အမေဖြစ်သူက 'သေချာတာပေါ့ သားရယ်။ အမေဖြင့် အသံကြားရတာနဲ့ကို သိပ်ပြီး ပျော်နေတာပါပဲ'လို့ ပြန်ပြောလိုက်ပါတယ်။

အဲဒီနေ့က သောကြာနေ့လေ။ အလုပ်ကအပြန် အမေ့ကို ဝင်ခေါ်တဲ့အချိန်မှာ ကျွန်တော့်စိတ်တွေ လှုပ်ရှားနေတာကို ကျွန်တော် သတိပြုမိလိုက်ပါတယ်။ အမေနဲ့တွေ့ရင် စကားတွေ အားရပါးရ ပြောလိုက်ဦးမယ်လို့ တွေးပြီး ပျော်ရွှင်နေမိတယ်။ ကျွန်တော် အမေ့အိမ်ကို ရောက်တဲ့အခါမှာ အမေဟာ ကျွန်တော့်ကို အဆင်သင့် စောင့်နေတာကို တွေ့လိုက်ရတယ်။ အမေလည်း ကျွန်တော့်ကို ဒီလို တစ်ခါမှမလုပ်ဖူးတဲ့ အမူအရာကြောင့် နည်းနည်းတော့ ထူးဆန်းနေသလို ခံစားနေရတယ်ဆိုတာကို ကျွန်တော် သတိပြုမိလိုက်တယ်။ အဲဒီနေ့က အမေဟာ ကုတ်အင်္ကျီအနီလေးကို ဝတ်ဆင်ထားပြီး အိမ်တံခါးဝမှာ စောင့်နေပါတယ်။ သူ့ရဲ့ ဆံပင်လိပ်ခွေလေးတွေကိုလည်း သပ်သပ်ရပ်ရပ် ဖြီးထားပြီး သူ့ရဲ့ နောက်ဆုံးကျင်းပခဲ့တဲ့ နှစ်ပတ်လည်မင်္ဂလာပွဲတုန်းက ဝတ်ဆင်ခဲ့တဲ့ အဝတ်အစားကို ဝတ်ဆင်ထားပါတယ်။ အမေဟာ ကျွန်တော့်ကို တွေ့လိုက်ရတဲ့အချိန်မှာ ကျေကျေနပ်နပ်ကြီး ပြုံးရွှင်နေတာကို တွေ့ရပါတယ်။

ကားထဲရောက်ရောက်ချင်း အမေက 'အမေ့သူငယ်ချင်းတွေကို ဒီညနေ ငါ့သားနဲ့အတူ အပြင်ထွက်ပြီး ညစာသွားစားကြမယ်လို့ ပြောလိုက်တော့ သူတို့ တော်တော်လေးကို အမေ့ကို အားကျနေကြတယ်သားရယ်။ အမေတို့သားအမိနှစ်ယောက် အခုလို အပြင်ထွက်ပြီး ညစာစားတဲ့အကြောင်းတွေ၊ သားအမိနှစ်ယောက်ပြောတဲ့ စကားတွေကို သူတို့တွေက သိပ်သိချင်နေကြတာလေ'လို့ ကျွန်တော့်ကို ဝမ်းသာအားရ ပြောနေပါတယ်။

ကျွန်တော်တို့ သားအမိနှစ်ယောက် စားသောက်ဆိုင်တစ်ခုကို သွားကြပါတယ်။ ဆိုင်က သိပ်ခမ်းခမ်းနားနားကြီး မဟုတ်ပေမယ့်လို့ လက်ရာတွေက အရမ်းကောင်းပါတယ်။ ဆိုင်အခင်းအကျင်းကလည်း အလွန်သက်သောင့်သက်သာရှိပြီး အလွန်အေးအေးချမ်းချမ်းရှိတဲ့ ဆိုင်ကလေးပါ။ သူ့ကိုယ်သူ တကယ့်ကို ဂုဏ်ယူဝင့်ကြွားနေတဲ့ပုံစံမျိုးနဲ့ အမေက ကျွန်တော့်လက်မောင်းတွေကို ဆုပ်ကိုင်ထားပါတယ်။ ထိုင်ခုံမှာ ထိုင်ပြီးတဲ့အခါ အစားအသောက်တွေမှာဖို့ ကျွန်တော်က မီနူးလ်ကဒ်လေးကို လိုက်ဖတ်ကြည့်လိုက်ပါတယ်။ အမေကတော့ စာရင်းထဲမှာပါတဲ့ ပုံနှိပ်စာလုံးကြီးတွေကိုကြည့်ပြီး ကျွန်တော့်ကို ငေးကြည့်နေပါတော့တယ်။

အမေ့ရဲ့မျက်နှာပေါ်မှာ အတိတ်ကို လွမ်းဆွတ်သတိရနေတဲ့ အပြုံးမျိုးတွေကို ကျွန်တော်တွေ့မြင်လိုက်ပါတယ်။ 'သား ငယ်ငယ်လေးတုန်းကတော့ အခုလိုဆိုင်ကိုရောက်တိုင်း အမေကပဲ မီနူးလ်တွေကို အမြဲတမ်း ဖတ်ခဲ့ရတာလေ'လို့ အမေက ပြောတဲ့အခါ ကျွန်တော်က 'အခု အမေက အေးအေးဆေးဆေး နေရမယ့်အချိန်ကို ရောက်ပြီလေ။ ဒီအခွင့်အရေးက အခု သားအလှည့် ရောက်လာပြီပေါ့'လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီနေ့က ညစာစားနေတုန်း အမေနဲ့ စကားတွေ အများကြီးပြောဖြစ်ခဲ့ကြတယ်။ ပြောခဲ့တာတွေက သိပ်ထူးထူးဆန်းဆန်းတွေတော့ မဟုတ်ပါဘူး။ အမေ့ဘဝ ကျွန်တော့်ဘဝမှာ တွေ့ကြုံနေရတဲ့ အတွေ့အကြုံတွေကိုပဲ ပြောဖြစ်ကြတာ။ အဲဒီနေ့က ဆိုင်မှာပဲ စကားတွေပြောကောင်းနေလိုက်ကြတာ ကျွန်တော်တို့ ရုပ်ရှင်တောင် မကြည့်လိုက်ရဘူး။ ညဉ့်နက်တော့ အိမ်ပြန်ခဲ့ကြတယ်။

အမေ့အိမ်ကို ရောက်တဲ့အခါ အမေက 'သိပ်ပျော်ဖို့ ကောင်းတာပဲ သားရေ။ အမေ သားနဲ့အတူ နောက်တစ်ခေါက် အပြင်ကို အခုလို ထပ်သွားချင်ပါသေးတယ်။ ဒါပေမဲ့ သား အဆင်ပြေမှပါ'လို့ ပြောလိုက်တဲ့အခါ ကျွန်တော်က ခေါင်းငြိမ့်ပြီး သဘောတူလိုက်ပါတယ်။ ကျွန်တော် အိမ်ပြန်ရောက်တော့ ဇနီးဖြစ်သူက 'ဒီနေ့ ညစာ အပြင်မှာ စားရတာ ဘယ်လိုလဲ၊ အဆင်ပြေပါရဲ့လား'လို့ မေးတဲ့အခါ 'တော်တော် အဆင်ပြေပါတယ်။ ငါထင်ထားတာထက်တောင် ပိုပြီးတော့ ကြည်နူးဖို့ ကောင်းနေပါသေးတယ်ကွာ'လို့ ပြန်ပြောလိုက်ပါတယ်။

နောက် သိပ်မကြာခင်မှာပဲ အမေဖြစ်သူဟာ နှလုံးရောဂါဖောက်ပြီး ရုတ်တရက် ကွယ်လွန်သွားပါတယ်။ အမေဖြစ်သူနဲ့ အတူသွားလာဖို့ စကားပြောဖို့ အခွင့်အရေး မရှိတော့ဘူးဆိုတာကိုတွေးပြီး သားဖြစ်သူဟာ အလွန်ဝမ်းနည်းနေပါတော့တယ်။ ရက်ပနကိစ္စတွေပြီးလို့ သိပ်မကြာခင်မှာပဲ စာတိုက်ကနေ စာလေးတစ်စောင် ရောက်လာပါတယ်။ စာအိတ်ထဲမှာ အမေနဲ့ သားဖြစ်သူတို့ နောက်ဆုံး ညစာစားခဲ့တဲ့ဆိုင်ရဲ့ လက်ခံမိတ္တူလေး တစ်စောင်ကို တွေ့လိုက်ရပါတယ်။

အမေဖြစ်သူ နောက်ဆုံးရေးသွားတဲ့ စာလေးက 'အမေ သိပ်ချစ်ရတဲ့သားလေးရေ... သားနဲ့အတူ နောက်ဆုံးသွားခဲ့တဲ့ ဆိုင်ကလေးမှာ အခု ဒီဘီလ်(Bill)လေးကို ကြိုတင်ပြီး အမေပေးထားခဲ့တယ်သား။ အမေ ဒီဆိုင်လေးကို သားနဲ့အတူ နောက်တစ်ခေါက် ပြန်ရောက်ဖို့ဆိုတာ မသေချာဘူးလေ။ ဒါပေမဲ့ လူနှစ်ယောက်စာအတွက် အမေပိုက်ဆံပေးထားခဲ့ပါတယ်။ တစ်ယောက်က သားအတွက်ဖြစ်ပြီး နောက်တစ်ယောက်ကတော့ သားရဲ့ဇနီးအတွက်ပေါ့။ သားနဲ့အတူ ရှိခဲ့တဲ့ညဟာ အမေ့အတွက် ဘယ်လောက်အဓိပ္ပါယ်ရှိခဲ့တယ်၊ ဘယ်လောက် ပျော်ရွှင်ကြည်နူးခဲ့ရတယ်ဆိုတာကို အမေ့လောက် သားသိမှာ မဟုတ်ပါဘူး။ သိပ်ချစ်တယ် သားရယ်'တဲ့။

သူ့အမေ နောက်ဆုံးရေးသွားခဲ့တဲ့ စာတိုကလေးကို ကိုင်ထားရင်း သားဖြစ်သူမှာ ဝမ်းနည်းလို့နဲ့တူပါရဲ့။ လက်တွေကို တုန်လို့။

'လူသားတစ်ယောက်က လူသားတစ်ယောက်ကို ချစ်ခြင်းမေတ္တာတရားတွေ စီးဆင်းတယ်ဆိုတာ လူ့လောကကြီးအတွက် လိုအပ်ချက်ပေါင်းမြောက်များစွာထဲက အရေးကြီးဆုံး လိုအပ်ချက်တစ်ခုပဲ မဟုတ်လား။ ကျွန်တော်တို့ရဲ့ ကြင်နာမှုတွေ၊ စာနာမှုတွေ၊ ချစ်ခြင်းမေတ္တာတရားတွေကို တစ်စုံတစ်ယောက်ကို အချိန်မီ မျှဝေပေးဖို့၊ အချိန်မီ သူသိအောင် ပြောပြဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ကျွန်တော်တို့ ကောင်းကောင်းနားလည်ထားမှဖြစ်မှာ။ မိသားစုနဲ့ နေထိုင်ကြတဲ့ လူသားတစ်ယောက်အတွက် သူ့ဘဝမှာ မိသားစုအရေးထက် အရေးကြီးတာ ဘာမှမရှိပါဘူး။ သူတို့ သက်ရှိထင်ရှားရှိနေခိုက်လေးမှာ သူတို့အတွက် အချိန်ပိုပေးဖို့ လိုအပ်မယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အရာရာအားလုံးဟာ သင်္ခါရတရားတွေပဲ မဟုတ်လား။

အချိန်တန်ရင် အားလုံးက ကိုယ့်လမ်းကို ဆက်သွားကြရမှာ။ ကိုယ့်ခရီးကို အသီးသီး ဆက်ပြီး မောင်းနှင်ကြရမှာ။ လမ်းမခွဲခင် တိုတောင်းလှတဲ့ တွေ့ဆုံခိုက်လေးမှာ တစ်ယောက်ကတစ်ယောက်ကို ဖေးမလို့၊ တစ်ယောက်ကိုတစ်ယောက် ကူညီရိုင်းပင်းလို့၊ စာနာထောက်ထားလို့၊ တစ်ယောက်ကိုတစ်ယောက် ဟန်ဆောင်မှုမပါဘဲ ရိုးရှင်းစွာ ပြုံးပြဖို့၊ တစ်ယောက်လက်ကို တစ်ယောက်တွဲရင်း ကိုယ့်ပတ်ဝန်းကျင်ကို အလှဆင်လို့၊ ဖြူစင်မှု... ပြဟ္မစိုရ်တရားတွေနဲ့ လောကကြီးကို အလှဆင်လို့၊ ဒါမှလည်း ကျွန်တော်တို့ နေထိုင်တဲ့ လူ့အဖွဲ့အစည်းကြီးက သာယာလှပလာမှာ မဟုတ်လား။

ဗမာပြည်သားတစ်ယောက်အတွက် ဗမာပြည်သည် သူ့မိသားစု။ လူသားတစ်ယောက်အတွက် လူသားမျိုးနွယ်သည် သူ့မိသားစု' လို့ ယုံကြည်နေမိတယ်။ ကိုယ့်မိသားစုအပေါ်ကိုမှ မကြင်နာရင် ဘယ်သူ့ကို ကြင်နာဦးမှာတဲ့လဲ။ ကိုယ့်မိသားစုကိုမှ မစာနာရင် ဘယ်သူ့ဘယ်သူတွေကိုများ စာနာဦးမှာတဲ့လဲ...။ ကိုယ့်မိသားစုအပေါ်ကိုမှ ဗြဟ္မစိုရ်မိုးတွေ မရွာသွန်းဖြိုးရင် ဘယ်သူ့အပေါ်ကိုများ ရွာသွန်းဖြိုးနိုင်ဦးမှာတဲ့လဲ...။

## အစားထိုးပေးလိုက်သော အမေ့နားရွက်များ

ဆေးရုံတစ်ရုံမှာ ကလေးမွေးဖွားပြီးကာစ မိခင်တစ်ဦးဟာ မီးဖွားပြီးပြီးချင်း 'ကျွန်မကလေးကို အခုကြည့်လို့ရပါသလားရှင်'လို့ ဆရာဝန်ကြီးကို မေးလိုက်ပါတယ်။ ဒီတော့ အဝတ်နဲ့ထွေးပိုက်ထားတဲ့ မွေးကာစကလေးငယ်လေးကို မိခင်ဖြစ်သူရဲ့လက်ထဲကို ထည့်ပေးလိုက်ပါတယ်။ အမေဖြစ်သူဟာ ကလေးကို ထုပ်ထိုးထားတဲ့ အဝတ်တွေကိုဖယ်ပြီး ကလေးငယ်ကြည့်လိုက်အဲ့အခါမှာတော့ ပင့်သက်တွေ ရှိုက်လိုက်တာကို တွေ့လိုက်ရပါတယ်။ မီးဖွားပေးခဲ့တဲ့ ဆရာဝန်ကြီးဟာ ကလေးငယ်ကို မိခင်လက်ထဲကနေ ချက်ချင်းပြန်ယူလိုက်ပြီး ဆေးရုံပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့်နေပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမွေးကာစ ကလေးငယ်မှာ နားရွက်နှစ်ဖက်လုံး မပါဘူးလေ။

ကလေးငယ် အရွယ်ရောက်လာတဲ့အခါမှာ ကလေးငယ်ဟာ အကြားအာရုံ ချို့တဲ့ခြင်းတော့ မရှိဘူးဆိုတာကို သိလိုက်ရတယ်။ နားရွက်နှစ်ဖက်မရှိပေမဲ့ အကြားအာရုံကတော့ ကောင်းနေတယ်ပေါ့။ ဒါပေမဲ့ ကလေးငယ်ဟာ နားရွက်နှစ်ဖက် မရှိဘူးဆိုတော့ ကြည့်လို့မကောင်းဘူးပေါ့။ နားရွက်မရှိဘူးဆိုတော့ သူ့အတွက် ရုပ်ဖျက်သလို ဖြစ်နေတယ်။ တစ်နေ့မှာတော့ ကလေးငယ်ဟာ ကျောင်းကနေ ပြန်ပြေးလာပြီး အမေဖြစ်သူရဲ့ ရင်ခွင်ထဲကို တိုးဝင်လှဲချလိုက်ပါတယ်။ အမေဖြစ်သူဟာ ဟင်းခနဲ သက်ပြင်းချလိုက်ပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ အရွယ်ရောက်လာပြီဖြစ်တဲ့ သူ့သားလေးရဲ့ဘဝမှာ စိတ်အားငယ်စရာ ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက်တွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ကြုံတွေ့ရတော့မယ်ဆိုတာကို အမေဖြစ်သူက ကောင်းကောင်းသိနေတယ်လေ။ ကလေးငယ်ဟာ သူတွေ့ကြုံနေရတဲ့ ဝမ်းနည်းစရာအဖြစ်အပျက်တွေကို ရှေ့နောက်မစဉ်းစားတော့ဘဲ ပြောချလိုက်ပါတယ်။ ဒီတော့ အမေဖြစ်သူက သားလေးရယ် အမေ့ကို သူများ အမေတွေနဲ့မတူတဲ့ တကယ့် လူထူးလူဆန်းတစ်ယောက်လို့ပဲ ခေါ်လိုက်ပါတော့ကွယ်လို့ ပြောလိုက်ပါတယ်။

ဒီလိုနဲ့ ကလေးငယ် ကြီးပြင်းလာခဲ့တယ်။ ကလေးငယ်ဟာ ကံဆိုးပေမယ့် ရုပ်ရည်ကလေးက သန့်သန့်ပြန့်ပြန့် ရှိလှတယ်။ ကလေးငယ်ဟာ ကျောင်းစာမှာလည်း ထူးချွန်တော့ အတန်းထဲမှာ ကျောင်းသားခေါင်းဆောင်တွေ ဘာတွေဖြစ်လို့။ စာပေနဲ့ ဂီတဘက်မှာလည်း သူဟာ ထူးချွန်ဆုတွေ ရခဲ့တယ်။ အမေဖြစ်သူဟာ 'သားရယ် မင်းဟာ အခုဆိုလို့ရှိရင် အခြားကျောင်းသားတွေနဲ့အတူ ပေါင်းသင်းနေထိုင်လို့ ရနေတာပါပဲ သားရယ်'လို့ အားပေးစကား ပြောပေမယ့် စိတ်ထဲမှာတော့ သူ့သားလေးကိုကြည့်ပြီး သနားနေမိတယ်။

အဖေဖြစ်သူဟာ မိသားစုဆရာဝန်နဲ့ တိုင်ပင်ဆွေးနွေးပြီးတဲ့အခါ 'ဆရာ့အနေနဲ့ ဘာမှ မတတ်နိုင်တော့ဘူးလား ဆရာ'လို့ မေးလိုက်ပါတယ်။ ဒီတော့ ဆရာဝန်က 'တကယ်လို့ တစ်စုံတစ်ယောက်ကသာ ကလေးအတွက် နားရွက်နှစ်ဖက်ကို လှူခဲ့မယ်ဆိုရင် ကိုယ်အင်္ဂါအစားထိုး ကုသတဲ့နည်းနဲ့ ကုသလို့ရတယ်ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်ဗျာ'လို့ ပြန်ပြောလိုက်ပါတယ်။

အဲဒီနောက်မှာတော့ ဖခင်ဖြစ်သူဟာ သူ့သားလေးအတွက် နားရွက်လှူမယ့်သူကို လိုက်ရှာလိုက်တာ နှစ်နှစ်တောင် ကြာသွားပါတော့တယ်။ တစ်နေ့မှာတော့ 'သားရေ... မင်း မကြာခင် ဆေးရုံတက်ရမယ်နော်။ သားအတွက် လိုအပ်နေတဲ့ နားရွက်နှစ်ဖက် လှူမယ့်အလှူရှင်ကို အဖေတို့ ရထားပြီ။ ဒါဟာ တကယ့်ကို ကြီးမြတ်တဲ့ စွန့်လွှတ်မှုပဲသား'လို့ အဖေဖြစ်သူက ပြောလိုက်ပါတယ်။

ဆရာဝန်ပြောတဲ့အတိုင်း နားရွက်နစ်ဖက်အစားထိုး ကုသခြင်းဟာ အောင်မြင်သွားပါတယ်။ ကလေးငယ်ဟာ ကျောင်းမှာ အောင်မြင်မှုတွေ အံ့သြစရာကောင်းလောက်အောင်ကို ရယူနိုင်ခဲ့တဲ့ ပါရမီရှင်လေး ဖြစ်လာခဲ့ပါတယ်။

လူငယ်ဟာ နောက်ပိုင်းမှာတော့ အိမ်ထောင်ကျသွားပြီး သံတမန်ရေးရာဌာနမှာ အလုပ်ဝင်လုပ်ပါတယ်။ တစ်နေ့မှာ သားဖြစ်သူက 'ကျွန်တော့်အတွက် ဘယ်လိုလူကများ နားရွက်နစ်ဖက်ကိုလှူခြင်းဖြင့် ရက်ရက်ရောရော စွန့်လွှတ်ခဲ့တာလဲ အဖေ။ ကျွန်တော် သူ့အတွက် အခုချိန်ထိ ဘာမှလည်း ကျေးဇူးမပြုရသေးဘူးလေ'လို့ အဖေဖြစ်သူကို မေးကြည့်တဲ့အခါ 'သား သူ့ကို ပြန်ကျေးဇူးဆပ်ဖို့ဆိုတာ လွယ်ကူတဲ့ အလုပ်လို့တော့ အဖေ မထင်ပါဘူး။ အခုချိန်မှာ ဘယ်သူက လှူတယ်ဆိုတာကို သိဖို့ မလိုအပ်သေးပါဘူးသားရယ်'လို့ ပြန်ပြောလိုက်ပါတယ်။

ဒီလိုနဲ့ နေလာခဲ့တာ နှစ်တွေ အတော်ကြာသွားခဲ့တယ်။ တစ်နေ့မှာတော့ သူ့သား သိချင်နေတဲ့အလှူရှင်ကို သိဖို့ အကြောင်းဖန်လာတယ်။ လူငယ်ရဲ့ဘဝမှာ အမှောင်ဆုံးနေ့တစ်နေ့ပဲ ဆိုပါတော့။ သားဖြစ်သူက အဖေနဲ့အတူ အမေဖြစ်သူရဲ့ ခေါင်းတလားကြီးဘေးမှာ ရပ်နေခဲ့ကြတယ်။ အဖေဖြစ်သူက ရှေ့ကိုတိုးသွားပြီး လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်တယ်။ ပြီးတော့ အမေဖြစ်သူရဲ့ အလွန်ထူထဲလှတဲ့ နီကျင်ကျင်ဆံပင်တွေကို အပေါ်ကို မြှောက်ပြလိုက်တဲ့အခါမှာတော့ အမေဖြစ်သူမှာ နားရွက်နစ်ဖက်လုံး မရှိတော့တာကို တွေ့လိုက်ရပါတယ်။ သားအမေက ပြောခဲ့တယ်။ သူ လုံးဝ ပျော်ရွှင်ကျေနပ်တယ်။ သူ့ဆံပင်တွေကိုလည်း ဘယ်တော့မှ မဖြတ်မိစေဖို့ ပြောခဲ့တယ်လို့ အဖေဖြစ်သူက တိုးတိုးလေးပြောလိုက်ပါတယ်။

သားအမေက ပြောခဲ့တယ်။ "တကယ့်စစ်မှန်တဲ့အလှအပဆိုတာ အပြင်ပန်း အသွင်သဏ္ဍာန်အပေါ်မှာ တည်ရှိနေတာမဟုတ်ပါဘူး။ လူတွေရဲ့ နှလုံးသားထဲမှာပဲ တည်ရှိနေတာပါ။ တကယ့်စစ်မှန်တဲ့ တန်ဖိုးထားမြတ်နိုးရတဲ့ အရာဆိုတာကလည်း မျက်စိနဲ့ မြင်လို့ရတဲ့အရာတွေမှာ တည်ရှိနေတာ မဟုတ်ပါဘူး။ မျက်စိနဲ့ မြင်တွေ့လို့မရတဲ့ အရာမှာသာ တည်ရှိနေတာပါ။ တစ်ခါတစ်ရံမှာ တကယ့်စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတရားဆိုတာဟာလည်း လူတစ်ယောက်အတွက် သူဘာလုပ်ခဲ့တယ်၊ ဘာတွေကို သင်ယူတတ်မြောက်ခဲ့တယ်ဆိုတဲ့အပေါ်မှာ တည်ရှိနေတာ မဟုတ်ပါဘူး။ လူတွေ မသိခဲ့ မသိနိုင်ခဲ့တဲ့ အရာတွေပေါ်မှာသာ တည်ရှိနေတာပါတဲ့။"။

**မြို့ပြယဉ်ကျေးမှု**

ယုံပါ

ကိုယ်ဟာ မိတ်အင်ချိုင်းနား မဟုတ်ဘူး

အမှောင်ကို အမှောင်နဲ့ မှုားနေသရွေ့တော့

ဘယ်တော့မှ မိုးလင်းမှာ မဟုတ်ဘူးပေါ့။

ရေကြည်လေးတစ်ပေါက်သောက်ဖို့

ကိုယ့်ကိုယ်ကိုယ် အပွန်းခံပြီး မတူးကြနဲ့ ကိုယ့်လူတို့

ကိုယ့်စိုက်ခင်း ကိုယ်ပြန်ရိတ်သိမ်းရတဲ့အခါ

တစ်ပင်လုံး ခြောက်သွေ့နေတတ်တယ်။

အလိုတူသူတွေ

မျက်မှန်းကျိုးကျိုးနေတဲ့ မြို့ပြညနေခင်းရေ....

လူမသိ သူမသိ စိုက်ပျိုးထားတဲ့လယ်တောထဲ

အသက်ကြီးမှ အသဲကွဲတဲ့ရောဂါ တဲ့

တွေ့လား

ဟော ဟိုမှာ ဗိုက်နာနေတဲ့ ငှက်တွေပြန်လာပြီ

စောင်ထူထူသာ ခြုံထားပေတော့ ကိုယ့်လူ။

## အဖေ့ထံက ဝယ်လိုက်ရတဲ့အချိန်တစ်နာရီ

အလုပ်ကနေ အိမ်ပြန်ချိန် အမြဲတမ်း နောက်ကျလေ့ရှိတဲ့ အဖေဖြစ်သူဟာ ဒီနေ့မှာလည်း အလုပ်ကနေ အိမ်ပြန်ချိန် နောက်ကျခဲ့ပါတယ်။ သူ အိမ်ကို ပြန်ရောက်တော့ ငါးနှစ်သားအရွယ် သားငယ်လေးက အိမ်တံခါးဝမှာ သူ့ကို စောင့်ကြိုနေတာကို တွေ့လိုက်ရတဲ့အခါ အလုပ်ကနေ ပင်ပန်းလာတဲ့ အဖေဖြစ်သူဟာ အလွန်ပဲ စိတ်တိုသွားပါတယ်။ ပြီးတော့ သားဖြစ်သူက 'ကျွန်တော် မေးခွန်းလေးတစ်ခုလောက် မေးပါရစေ အဖေ'လို့ တောင်းဆိုလာတဲ့အခါ 'အေး မေးလေ သား။ သားက ဘာမေးမလို့လဲ'လို့ အဖေဖြစ်သူက ပြန်ပြောလိုက်ပါတယ်။

'အဖေ အလုပ်လုပ်တာ တစ်နာရီကို ပိုက်ဆံ ဘယ်လောက်ရလဲအဖေ'လို့ မေးတဲ့အခါ 'ဒါ မင်းကိစ္စမဟုတ်ဘူး။ ဘာကြောင့် ဒီလိုမေးခွန်းမျိုးကို မေးရတာလဲ'လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြန်ပြောလိုက်ပါတယ်။ 'ကျွန်တော်က သိချင်ရုံသက်သက်ပါအဖေ။ အဖေ တစ်နာရီ အလုပ်လုပ်ခ ဘယ်လောက်ရတယ်ဆိုတာလေးကို ကျေးဇူးပြုပြီး ပြောပြပေးပါ'လို့ တောင်းပန်လိုက်ပါတယ်။

'သား သိဖို့လိုတယ်ဆိုရင်တော့ အဖေ ပြောရတော့မှာပေါ့။ အဖေ့ရဲ့ တစ်နာရီအလုပ်လုပ်ခက ဒေါ်လာနှစ်ဆယ် ရတယ်လေ'။ 'ဩော် ဟုတ်ကဲ့ အဖေ'လို့ ပြောရင်း ခေါင်းကို အောက်ငုံ့ထားလိုက်တယ်။ ပြီးတော့မှ အဖေဖြစ်သူကို မော့ကြည့်ရင်း 'ကျွန်တော့်ကို ဒေါ်လာတစ်ဆယ်လောက် ပေးပါလား အဖေ'လို့ ပြန်ပြောလိုက်တယ်။ ဒီတော့ အဖေဖြစ်သူက အလွန်ပဲ စိတ်ဆိုးသွားပါတယ်။ 'ငါ တစ်နာရီအလုပ်လုပ်ခ ဘယ်လောက်ရတယ်ဆိုတာ မင်းသိချင်နေတာက မင်းအတွက် အကျိုးမရှိတဲ့ အရုပ်တွေ ဝယ်ဖို့အတွက် ပိုက်ဆံတောင်းဖို့သက်သက်ဆိုရင် မင်း အခုပဲ အခန်းထဲဝင်ပြီး အိပ်လိုက်တော့'လို့ အော်ငေါက်ပစ်လိုက်ပါတယ်။ 'မင်းဟာ ဘယ်လောက် တစ်ကိုယ်ကောင်းဆန်တယ်ဆိုတာ ပြန်စဉ်းစားပါ။ ငါဟာ နေ့စဉ်နေ့တိုင်း အချိန်အကြာကြီး အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ရတယ်။ ဒီလို ကလေးဆန်တဲ့ အပြုအမူတွေအတွက် ငါ့မှာ အချိန်မရှိဘူး'လို့ သားဖြစ်သူကို ပြောလိုက်ပါတယ်။

အဖေဖြစ်သူ စိတ်ဆိုးနေမှန်းသိလို့ သားဖြစ်သူဟာ ဘာမှ ပြန်မပြောဘဲ သူ့အခန်းထဲဝင်ပြီး တံခါးပိတ်လိုက်ပါတော့တယ်။ အဖေဖြစ်သူဟာ ထိုင်ခုံပေါ် ထိုင်ချလိုက်တယ်။ ပိုက်ဆံတောင်းဖို့ ဒီလိုမေးခွန်းမျိုးကို မေးတာ ဘယ်လောက် အတင့်ရဲတဲ့ ကလေးလဲ။ အချိန်တစ်နာရီလောက်ကြာတော့ အဖေဖြစ်သူဟာ စိတ်ညစ်ပြေသွားတယ်။ ဒီတော့ 'ငါ ကလေးကို ငေါက်မိတာ နည်းနည်းများ ကြမ်းသွားသလား မသိဘူး'လို့ ပြန်တွေးမိလိုက်ပါတယ်။ 'သူ့မှာ တကယ့်ကို မရှိမဖြစ်လိုအပ်တဲ့ အရာတွေကိုဝယ်ဖို့ ပိုက်ဆံတစ်ဆယ်ကို တောင်းတာနေမှာပါလေ။

ပြီးတော့ သားလေးဟာ ပိုက်ဆံလည်း မကြာခဏ တောင်းတတ်တာမှ မဟုတ်တာ'လို့ တွေးပြီး သားလေးရဲ့ အခန်းကို သွား၊ တံခါးဖွင့်ပြီး 'အိပ်နေပြီလား သား'လို့ မေးလိုက်ပါတယ်။ 'မအိပ်သေးပါဘူးဖေဖေ သား နိုးနေပါတယ်'လို့ ပြန်ဖြေလိုက်ပါတယ်။

'စောစောက အဖေ ပြောလိုက်တာ နည်းနည်းများ ကြမ်းတမ်းသွားပြီလားလို့ အဖေ တွေးနေမိတယ်။ သားကို စိတ်ညစ်အောင် လုပ်သလို ဖြစ်သွားတယ်။ ရော့ ဒီမှာ သားတောင်းတဲ့ ပိုက်ဆံတစ်ဆယ်။' သားဖြစ်သူဟာ ခါးကို မတ်မတ်အနေအထား ထထိုင်လိုက်ပါတယ်။ အဖေကို အားပါးတရ ပြုံးပြလိုက်ပြီး 'ကျေးဇူးတင်ပါတယ် အဖေ'လို့ ပြောလိုက်ပါတယ်။

သားဖြစ်သူဟာ ခေါင်းအုံးအောက်ကို လက်နှိုက်လိုက်ပြီး ပိုက်ဆံလေးတွေကို ရေတွက်နေတာကို မြင်လိုက်ရတဲ့အခါ အဖေဟာ 'သူ့မှာ ပိုက်ဆံရှိပါလျက်နဲ့ ထပ်တောင်းရမလား'ဆိုပြီး စိတ်ပြန်တိုသွားပါတယ်။ ပိုက်ဆံလေးတွေကို ရေတွက်ပြီး အဖေဖြစ်သူကို မော့ကြည့်လိုက်တဲ့အခါ 'သားမှာ ပိုက်ဆံရှိနေတာပဲ။ ဘာဖြစ်လို့ ထပ်တောင်းရတာလဲ'လို့ မေးလိုက်ပါတယ်။ ဒီတော့ 'သားမှာ ရှိတဲ့ပိုက်ဆံက မလုံလောက်သေးဘူးအဖေ။ အခုတော့ လုံလောက်သွားပါပြီ'လို့ ပြန်ဖြေလိုက်တယ်။

ပြီးတော့ သားဖြစ်သူက 'သားမှာ အခု ပိုက်ဆံနှစ်ဆယ် ရှိနေပြီအဖေ။ အဖေ့ရဲ့ အချိန်တစ်နာရီကို သား ဝယ်ချင်ပါတယ်။ မနက်ဖြန် အလုပ်ကနေ စောစောပြန်လာခဲ့ပါနော်။ သား အဖေနဲ့ ညစာ အတူတူစားချင်တယ်'။ သားဖြစ်သူရဲ့စကားကို ကြားလိုက်ရတဲ့အခါ အဖေဖြစ်သူဟာ စိတ်ထိခိုက်သွားပြီး သားလေးကို သူ့လက်နှစ်ဖက်နဲ့ ထွေးပွေ့ထားလိုက်ပါတော့တယ်။

## ယောက္ခမကို အဆိပ်ခပ်ခြင်း

အဆင်မပြေမှုပေါင်းများစွာနဲ့ ရင်ဆိုင်တွေ့ကြုံနေရတဲ့ ဘဝတစ်ခုမှာ အခက်အခဲတွေက များလွန်းတယ်။ အဆင်မပြေမှုတွေက တခြားသူတွေထက် သူ့မှာ နည်းနည်းလေး ပိုနေတယ်လို့ ခံစားနေမိကြောင်း တစ်ယောက်သောသူက လူချင်းတွေ့တဲ့အခါ ရင်ဖွင့်လာပါတော့တယ်။ မေးကြည့်တော့ ယောက္ခမဖြစ်သူကြောင့်ပေါ့လို့ စိတ်မသက်မသာနဲ့ ပြောပါတယ်။

အိမ်ခွဲနေရလောက်အောင်လည်း သူ့မှာ စီးပွားရေးက အဆင်မပြေလှဘူး။ သူ့အမျိုးသားက တစ်ဦးတည်းသောသား ဖြစ်နေတော့ သူတို့မိဘတွေက သားဖြစ်သူနဲ့ ခွဲမနေချင်ဘူးလို့ ပြောနေတယ်။ သူ ဘယ်လိုဖြေသိမ့်ရမလဲလို့ အဆိုပါမိတ်ဆွေက အကြံတောင်းတာလိုလို တိုင်ပင်တာလိုလိုနဲ့ သူ တွေ့ကြုံနေရတဲ့ အခြေအနေကို ဖွင့်ပြောလာပါတယ်။

အချိန်အတိုင်းအတာတစ်ခုလောက်ထိတော့ ဒီလိုပဲ သည်းခံပြီး နေကြည့်ပါဦး။ အဆင်မပြေတော့မှ တစ်မျိုးတစ်ဖုံ စဉ်းစားကြည့်တာပေါ့လို့ပဲ ပြောပြီး ဖတ်ဖူးတဲ့ပုံပြင်လေးတစ်ပုဒ်ကို သူ့ကို ပြောပြနေမိတယ်။

တစ်ခါတုန်းက တရုတ်ပြည်မှာ လီလီဆိုတဲ့ တရုတ်မလေးဟာ အမျိုးသားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ယောက္ခမအိမ်မှာ လိုက်နေရပါတယ်။ တစ်အိမ်တည်းမှာ လီလီတို့ဇနီးမောင်နှံရယ် ယောက္ခမဖြစ်သူ အမေအိုရယ် အတူတကွ နေထိုင်ကြပါတယ်။ သိပ်မကြာခင်မှာပဲ ယောက္ခမဖြစ်သူ အဖွားကြီးနဲ့ အတူနေဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာကို လီလီဟာ သဘောပေါက်နားလည်လိုက်ပါတယ်။ အကြိုက်ချင်း စရိုက်ချင်းက တခြားစီဖြစ်နေရတာကြောင့် လီလီဟာ ယောက္ခမဖြစ်သူရဲ့ အပြုအမူတွေကိုကြည့်ပြီး အမြဲတမ်း စိတ်ညစ်နေရပါသတဲ့။ ဒီကြားထဲ ယောက္ခမဖြစ်သူက အမြဲတမ်း အပြစ်မရှိအပြစ်ရှာပြီး ဆူဆူပူပူလုပ်နေတာကြောင့် ပိုလို့တောင် စိတ်ညစ်နေရပါသတဲ့။

ဒီလိုနဲ့ သည်းခံပြီး နေလာလိုက်တာ ရက်လ အတော်ကြာသွားပါတော့တယ်။ လီလီနဲ့ ယောက္ခမဖြစ်သူတို့ ဆက်ဆံရေးကတော့ အချိန်ကြာလေ ပိုဆိုးလာလေပါပဲ။ ဒါပေမဲ့ ယောက္ခမဖြစ်သူကို ချွေးမဖြစ်သူက ရိုသေဦးညွှတ်ရမယ်၊ ယောက္ခမပြောစကားကို ချွေးမဖြစ်သူက အမြဲတမ်းလိုက်နာရမယ်ဆိုတဲ့ တရုတ်ရှေးရိုးအစဉ်အလာကြောင့် လီလီဟာ အဆင်မပြေပေမယ့် ယောက္ခမဖြစ်သူရဲ့ အလိုဆန္ဒကို အမြဲတမ်း သည်းခံလိုက်လျောနေရပါတယ်။ မိန်းမဖြစ်သူနဲ့ အမေဖြစ်သူ မသင့်မမြတ်ဖြစ်တာကို တွေ့နေရတော့ ယောက်ျားဖြစ်သူကလည်း ဘယ်စိတ်ချမ်းသာမလဲ။ သူလည်း အမြဲလိုလို စိတ်ညစ်နေရပါသတဲ့။

နောက်ဆုံးမှာတော့ လီလီဟာ ယောက္ခမဖြစ်သူကို ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့ပါဘူး။ ဒါကြောင့် လီလီဟာ သူ့ကို အမြဲတမ်း စိတ်အနှောင့်အယှက်ပေးနေတဲ့ ယောက္ခမကို မကျေနပ်တာကြောင့် 'အင်း... ဒီယောက္ခမနဲ့တော့ ဘယ်လိုမှ ရှေ့ဆက်လို့ ဖြစ်မှာမဟုတ်တော့ဘူး။ ငါ့အနေနဲ့ တစ်ခုခုတုံ့ပြန်တိုက်ခိုက်ရရင် ကောင်းမယ်'လို့ အကြံဖြစ်လာပါသတဲ့။

တစ်နေ့မှာတော့ လီလီဟာ သူ့စိတ်ကူးကို အကောင်အထည်ဖော်ဖို့ သစ်ဂျပိုး၊ နံနံ၊ မဆလာစတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေ ရောင်းတဲ့ သူ့အဖေရဲ့ သူငယ်ချင်းဆီကိုသွားပြီး သူတွေ့ကြုံခံစားနေရတဲ့ အဖြစ်အပျက်တွေကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပါတယ်။

ပြီးတော့ ဟင်းခတ်အမွှေးအကြိုင်တွေရောင်းတဲ့ အဲဒီအဖိုးကြီးကို သူ့မှာ အကြံအစည်းတစ်ခုရှိတဲ့အကြောင်းကိုလည်း ပြောပြလိုက်ပါတယ်။ သူ့အကြံကတော့ လီလီအနေနဲ့ ယောက္ခမဖြစ်သူရဲ့ အစာထဲကို အဆိပ်ခပ်ပြီး သတ်ပစ်ဖို့ပါပဲ။ ဒီလိုသာ အဆိပ်ခပ်သတ်လိုက်မယ်ဆိုရင် သူတွေကြုံနေရတဲ့ အခက်အခဲတွေ အားလုံးဟာ ပြေလည်သွားနိုင်တယ်။ ဒါကြောင့် အဆိပ်ခပ်ပြီး ယောက္ခမကို သတ်ပစ်လိုက်ချင်တယ်လို့ ဖွင့်ပြောလိုက်ပါတယ်။

ဒီတော့ ဟင်းခတ်အမွှေးအကြိုင်တွေရောင်းတဲ့ အဖေဖြစ်သူရဲ့သူငယ်ချင်းဟာ အနည်းငယ်စဉ်းစားလိုက်ပြီး 'လီလီရေ... မင်း ဘာမှမပူနဲ့။ ဒီကိစ္စကို ဦးလေးတာဝန်ထားလိုက်ပါ။ မင်းကို ငါ ကူညီမယ်။ မင်း ပြဿနာကို ငါကိုယ်တိုင် ကူညီဖြေရှင်းပေးမယ်။ ဒါပေမဲ့ မင်း ငါပြောတဲ့စကားကို သေသေချာချာနားထောင်ပါ။ ငါ ပြောတာတွေကို အတိအကျလိုက်နာပါ'လို့ ပြန်ပြောလိုက်ပါတယ်။ ဒီတော့ လီလီက 'ဟုတ်ကဲ့ ကောင်းပါပြီ။ ဘာလုပ်ရမလဲဆိုတာကိုသာ ကျွန်မကို ပြောပါ။ ဦးလေးပြောတာတွေကို ကျွန်မ တသွေမတိမ်းလိုက်နာပါ့မယ်'လို့ ပြန်ပြောလိုက်ပါတယ်။

ဒီတော့ ဆေးရောင်းတဲ့ ဦးလေးဖြစ်သူက အိပ်ခန်းထဲကို ဝင်သွားပါတယ်။ အတန်ကြာတဲ့အခါ လက်ထဲမှာ ဆေးအိတ်လေးတစ်ခုကို ကိုင်ပြီး အခန်းထဲကနေ ပြန်ထွက်လာခဲ့ပါတယ်။ ပြီးတော့ သူက 'ရော့... ဒီမှာ မင်းလိုချင်တဲ့ အဆိပ်တွေ ရပြီ။ ဒါပေမဲ့ နင့်ယောက္ခမကို သတ်ဖို့ ဒီအဆိပ်တွေကို တစ်ခါတည်း အကုန်လုံးကို မသုံးနဲ့။ အဆိပ်အားလုံးကို တစ်ကြိမ်တည်းအကုန်သုံးပြီး သတ်ပစ်လိုက်မယ်ဆိုရင် ပတ်ဝန်းကျင်က လူတွေအကုန်လုံးက ဒီအဖွားကြီးဟာ အဆိပ်ခပ်ခံရလို့ အဆိပ်မိပြီး သေရတယ်ဆိုတာကို ရိပ်မိကုန်လိမ့်မယ်။

ဒါကြောင့် နင့်ကို ငါ အခု အထုပ်ကလေးတွေ ပေးလိုက်မယ်။ တစ်ဆင့်ပြီးတစ်ဆင့်သာ ထုတ်သုံးပေတော့။ ထမင်းစားတဲ့အခါ ဟင်းထဲမှာ ဒီအဆိပ်တွေကို တဖြည်းဖြည်းချင်း ထည့်ခပ်သွားမယ်ဆိုလို့ရှိရင် အဆိပ်တွေဟာ အဖွားကြီးရဲ့ ခန္ဓာကိုယ်ထဲမှာ တဖြည်းဖြည်းနဲ့ ပြန့်နှံ့သွားပြီး ရက်အတော်ကြာတဲ့အခါမှာ တဖြည်းဖြည်း အဆိပ်တက်ပြီး သေသွားလိမ့်မယ်။ ဒါကြောင့် ဟင်းကောင်းကောင်းချက်ပြီး အဲဒီဟင်းထဲမှာ အဆိပ်ကို နည်းနည်းစီထည့်ပြီး နေ့တိုင်းကျွေးလိုက်ပါ။ ဒါမှ နင့်ကို ဘယ်သူမှ သံသယမဖြစ်မှာ။

ဒါကြောင့် သေသေချာချာ ဂရုစိုက်ပြီးလုပ်ပါ။ အဖွားကြီးကို စိတ်ဆိုးတဲ့အမူအရာတွေလည်း မပြနဲ့တော့။ ဆူပူရန်တွေ့တာတွေလည်း မလုပ်နဲ့။ သူ ဘာပြောပြော အတတ်နိုင်ဆုံး သည်းခံပြီး သူပြောတာတွေကို လိုက်နာဆောင်ရွက်ပေးလိုက်ပါ။ ကိုယ့်အမေရင်း တစ်ယောက်လိုကို သေသေချာချာ ပြုစုပါ။ နင့်ရည်ရွယ်ချက်တွေ အောင်မြင်ချင်တယ်ဆိုရင်တော့ ဦးလေး အခုပြောတာတွေကို အတိအကျလိုက်နာဖို့ မမေ့ပါနဲ့'လို့ သေသေချာချာ မှာကြားလိုက်ပါတော့တယ်။

သူ့အကြံ အောင်တော့မယ်ဆိုတဲ့အတွေးနဲ့ လီလီဟာ အရမ်းပဲ ပျော်ရွှင်ကျေနပ်သွားပါတော့တယ်။ ဦးလေးဖြစ်သူကို ကျေးဇူးတင်ကြောင်း ပြောပြီး သူ့အကြံအစည်ကို အကောင်အထည်ဖော်ဖို့ အိမ်ကို ပြန်လာခဲ့ပါတယ်။ ဒီလိုနဲ့ ဦးလေးပြောတဲ့အတိုင်း လိုက်နာဆောင်ရွက်လာလိုက်တာ ရက်လတွေ အတော်ကြာသွားပါတော့တယ်။ လီလီဟာ ယောက္ခမဖြစ်သူကို ညွှန်ကြားချက်အတိုင်း နေ့တိုင်း အစားကောင်းတွေ ချက်ကျွေးပါတယ်။ အမေတစ်ယောက်လို ပြုစုလုပ်ကျွေးရင်း အတတ်နိုင်ဆုံး သည်းခံပြီး နေထိုင်ဆက်ဆံလာလိုက်တာ ခြောက်လကျော်သွားတဲ့အခါ ယောက္ခမဖြစ်သူဟာ စိတ်သဘောထားတွေ အတော်လေး ပြောင်းလဲသွားပါတော့တယ်။

လီလီဟာ သည်းခံခြင်းအကျင့်ကို တော်တော်လေး ပေါက်ပေါက်ရောက်ရောက်ဖြစ်အောင် ကျင့်နိုင်သွားပါသတဲ့။ ယောက္ခမအဘွားကြီးကြောင့်သာ သူဟာ ခန္တီပါရမီကို ဖြည့်ကျင့်လို့ ရတာ၊ မဟုတ်ရင် ခန္တီပါရမီဖြည့်လို့ ရမှာမဟုတ်ဘူးလို့တောင် တွေးနေမိပါသတဲ့။ အခါတိုင်းလို စိတ်မဆိုးတတ်အောင် ဒေါသကို ဘယ်လိုထိန်းချုပ်ရမယ်ဆိုတာကို ကောင်းကောင်း နားလည်သဘောပေါက်သွားပါတော့တယ်။

အချိန်ကြာလာတော့ ယောက္ခမဖြစ်သူရဲ့ စိတ်တွေဟာ သိသိသာသာ ပြောင်းလဲသွားပြီ။ လီလီကို တကယ့်သမီးအရင်းလိုကို ချစ်ခင်သွားပါသတဲ့။ အိမ်နီးနားချင်းတွေ၊ မိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေနဲ့တွေ့တိုင်း လီလီဟာ တကယ့်ကို ချစ်ခင်ဖို့ကောင်းတဲ့ အလွန်တော်တဲ့ ချွေးမလေးဖြစ်ကြောင်း သူ့အပေါ်ကိုလည်း အမေအရင်းတစ်ယောက်လို မေတ္တာထားပြီး ဂရုတစိုက်နဲ့

ပြုစုစောင့်ရှောက်တဲ့အကြောင်း ချီးမွမ်းပြောဆိုလေ့ရှိပါသတဲ့။ လီလီက ယောက္ခမဖြစ်သူကို အမေအရင်းလို ဆက်ဆံလိုက်တော့ ယောက္ခမဖြစ်သူကလည်း လီလီကို တကယ့်သမီးအရင်းလိုကို ချစ်ခင်သွားပါတော့တယ်။ သားအမိအရင်းတွေလိုဖြစ်သွားတဲ့ လီလီနဲ့ အမေဖြစ်သူကို ကြည့်ရင်း ယောက်ျားဖြစ်သူဟာ အလွန်ပဲ ပျော်ရွှင်ကြည်နူးနေပါသတဲ့။

တစ်နေ့မှာတော့ လီလီဟာ ဟင်းခတ်အမွှေးအကြိုင်တွေ ရောင်းတဲ့ ဦးလေးကြီးဆီကို ပြန်သွားပြီး အကူအညီတစ်ခု တောင်းလိုက်ပါတယ်။ လီလီက 'ဦးလေးရေ ကျွန်မကို တစ်ခုကူညီပါ။ ယောက္ခမကို အသေသတ်ဖို့ ရည်ရွယ်ထားတဲ့ အဆိပ်တွေကို ရပ်တန့်ပေးပါတော့။ သူဟာ အခု မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားပါပြီ။ သူဟာ ကျွန်မကို တကယ့်သမီးအရင်းတစ်ယောက်လို သံယောဇဉ်ဖြစ်နေပါပြီ။ ကျွန်မကလည်း အမေအရင်းတစ်ယောက်လို သံယောဇဉ်ဖြစ်နေပြီလေ။ ဒါကြောင့် သူ့ကို ကျွန်မပေးတဲ့ အဆိပ်ကြောင့် မသေစေချင်တော့ဘူး။ ဒါကြောင့် သူ့ကို ကျွန်မ မသေစေချင်တော့ဘူး။ အရင်တုန်းက ကျွေးခဲ့မိတဲ့ အဆိပ်တွေကို ပြန်ဖြေဖို့ ကျွန်မကို ကူညီပါ'လို့ လီလီက ဦးလေးဖြစ်သူကို ပြောလိုက်တဲ့အခါ ဦးလေးဖြစ်သူက မိန့်မိန့်ကြီးပြုံးလိုက်ပြီး ခေါင်းကို တဆတ်ဆတ် ငြိမ့်နေပါတော့တယ်။

ပြီးတော့ သူက 'လီလီရေ... နင် အဲဒီအတွက် ဘာမှ စိုးရိမ်စရာမလိုဘူးဟေ့။ ဘာကြောင့်လဲဆိုတော့ ငါ နင့်ကို ဘယ်တုန်းကမှ အဆိပ်တွေ မပေးခဲ့လို့ပဲ။ ငါပေးလိုက်တဲ့ အဆိပ်ထုပ်ဆိုတာတွေက တကယ့်အဆိပ်အစစ်တွေ မဟုတ်ပါဘူး။ တကယ်တော့ ငါပေးလိုက်တဲ့ အဲဒီအထုပ်ကလေးတွေဟာ နင့်ယောက္ခမကြီး ကျန်းမာရေးကောင်းစေမယ့် ဗီတာမင်တွေလေ။ လီလီရေ... တကယ်တော့ တကယ့်အဆိပ်က နင့်စိတ်ထဲမှာပဲ ရှိနေခဲ့တာပါ။ နင့်ရဲ့ ယောက္ခမအပေါ်ထားတဲ့ အာဃာတစိတ်တွေ၊ အလိုမကျတဲ့ စိတ်တွေကသာ နင့်အတွက် အဆိပ်တွေ ဖြစ်နေတာပါကွယ်။

ဒါပေမဲ့ အဲဒီအဆိပ်တွေလည်း အခု နင့်မှာ မရှိတော့ဘူးလေ။ အခုဆို နင်ဟာ အမေတစ်ယောက်လို ချစ်ခင်တဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ အဲဒီဒေါသအာဃာတဆိုတဲ့ အဆိပ်တွေကို အကြွင်းမဲ့ ဆေးကြောပြီးသွားပြီပေါ့ကွယ်'လို့ ပြန်ပြောလိုက်ပါတော့တယ်။

□

ဒီပုံပြင်လေးကို နားထောင်ပြီးတဲ့အခါမှာတော့ မသိမသာ ပင့်သက်တွေ ချလိုက်တာကို သတိပြုမိလိုက်ပါတယ်။ ပြီးတော့ 'သူ့စိတ်ထဲမှာများ အဆိပ်တွေ ဝင်ရောက်နေပြီလား မသိတော့ပါဘူး'လို့ မဝံ့မရဲ ပြောသွားပါသေးတယ်။ လူတိုင်းမဟုတ်ဘူးဆိုရင်တောင် လူတော်တော်များများမှာ တွေ့ကြုံနေကြကိစ္စတစ်ခုပဲ မဟုတ်လား။ အထူးသဖြင့် ယေရှုယ်သူတို့ ဘဝတွေ ကြားမှာ မြင်တွေ့ရလေ့ရှိတဲ့ သဘောသဘာဝတစ်ခု၊ အခက်အခဲတစ်ခုဆိုရင်လည်း မှားမယ်မထင်ပါဘူး။ လိုအပ်ရင် သုံးကြည့်ဖို့ပါပဲလေ။

## ရောင်းခွေး

တစ်ခါတုန်းက လယ်သမားကြီးတစ်ဦးဟာ ရောင်းဖို့ရန်အတွက် ခွေးကလေးတွေကို မွေးထားပါတယ်။ ဒါကြောင့် လယ်သမားအဘိုးအိုဟာ 'ခွေးရောင်ရန်ရှိသည်'ဆိုတဲ့ စာတမ်းနဲ့အတူ ခွေးပုံစံလေးတွေကို ကြော်ငြာသင်ပုန်းတစ်ခုပေါ်မှာ စိုက်ထူနေပါတယ်။ နောက်ဆုံး သံတစ်ချောင်းကို ရိုက်နေတုန်းမှာပဲ သူ့ရဲ့ ကုတ်အင်္ကျီကို နောက်ကနေ လှမ်းဆွဲနေလို့ လှည့်ကြည့်လိုက်တဲ့အခါ ကလေးငယ်လေးတစ်ယောက် ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။

ပြီးတော့ ကလေးငယ်လေးက 'အဘိုး အဘိုးရောင်းမယ့် ခွေးကလေးတွေထဲက ခွေးသေးသေးလေးတစ်ကောင်ကို ကျွန်တော် ဝယ်ချင်ပါတယ်'လို့ အမောတကောနဲ့ ပြောလိုက်ပါတယ်။ ဒီတော့ လယ်သမားအဘိုးအိုက သူ့လည်ပင်းမှာ စီးကျနေတဲ့ ချွေးလေးတွေကို သုတ်ရင်း 'ကောင်းပါပြီ လူကလေး၊ ဒီခွေးလေးတွေဟာ မျိုးရိုးမိဘ အလွန်အင်မတန် ကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်လေးတွေ ဖြစ်ပါတယ်။ မျိုးရိုးအလွန်ကောင်းတဲ့ မိဘတွေကနေ မွေးဖွားလာခဲ့တာဖြစ်လို့ ဈေးလည်း အလွန်ကြီးတယ်ကွယ့်'လို့ ပြောပြလိုက်ပါတယ်။

အဘိုးအိုရဲ့ 'ဈေးအလွန်ကြီးတယ်'ဆိုတဲ့ အသံကို ကြားလိုက်ရတဲ့အခါ ကလေးငယ်ဟာ ခေါင်းငိုက်စိုက်ကျသွားပြီး သေသေချာချာ စဉ်းစားနေပါတော့တယ်။

ပြီးတော့ သူ့ရဲ့အိပ်ကပ်ထဲကို လက်အဆုံး နှိုက်လိုက်ပြီး ပိုက်ဆံအကြွေစေ့တွေကို လက်နဲ့အပြည့်နှိုက်ယူလိုက်ပါတယ်။ သူ ရေတွက်ကြည့်လိုက်တဲ့အခါ ပိုက်ဆံက (၃၉)ဆင့်ပဲ ရှိပါသတဲ့။ သူပိုက်ဆံလေးတွေကို အဘိုးအိုကို ပေးလိုက်ပြီး 'ဒီလောက်ပိုက်ဆံလေးနဲ့ ခွေးတစ်ကောင် ရနိုင်ပါ့မလား'လို့ အဘိုးအိုကို မေးကြည့်လိုက်ပါတယ်။ လယ်သမားအဘိုးအိုက 'ရပါတယ်ကွာ'လို့ ပြန်ပြောလိုက်တဲ့အခါ ကလေးငယ်ဟာ ဝီစီလေးတစ်ခုကိုထုတ်ပြီး မှုတ်လိုက်ပါတယ်။ ပါးစပ်ကလည်း 'ခွေးကလေးတို့ရေ... ဒီမှာ အရုပ်ကလေးတွေဟေ့'လို့ လှမ်းအော်လိုက်ပါတယ်။ ပြီးတော့ သားမွေးဘောလုံးလေး လေးလုံးကို လယ်ကွင်းစောင်းလျှောလမ်းလေးအတိုင်း လှိမ့်လိုက်ပါတယ်။ ခွေးလေးတွေဟာ လှောင်အိမ်ထဲကနေ ပြေးထွက်လာပြီး လိမ့်နေတဲ့ ဘောလုံးလေးတွေနောက်ကို ပြေးလိုက်သွားပါတယ်။

ကလေးငယ်ဟာ လှောင်အိမ်ထဲကို လှမ်းကြည့်လိုက်တဲ့အခါ သူ့မျက်နှာဟာ ဝင်းလက်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လှောင်အိမ်ထဲမှာ ခွေးငယ်လေးတစ်ကောင်ကို သူတွေ့လိုက်ရလို့ပါ။ အဲဒီအချိန်မှာပဲ ဘောလုံးလေးတစ်လုံးဟာ ဖြည်းဖြည်းလေး လိမ့်လာပါတယ်။ ခွေးငယ်လေးဟာ တဖြည်းဖြည်းချင်း လိမ့်နေတဲ့ ဘောလုံးလေးကို ဖမ်းယူဖို့ ကြိုးစားရင် အခြားခွေးလေးတွေနောက်ကို အမှီလိုက်ဖို့ ကြိုးပမ်းနေတာကို တွေ့ရပါတယ်။ ကလေးငယ်လေးက ဒီအငယ်ဆုံးခွေးလေးကိုကြည့်ပြီး 'ကျွန်တော် ဒီခွေးလေးကို ယူမယ် အဘိုး'လို့ ပြောလိုက်ပါတယ်။

ဒီတော့ အဘိုးအိုဟာ ဒူးထောက်ထိုင်ချလိုက်ပြီး 'လူကလေး မင်း ဒီခွေးလေးကို မယူပါနဲ့ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီခွေးလေးက အခြားခွေးလေးတွေလို ခြေထောက်မသန်ဘူးကွ၊ ဒီတော့ သူဟာ မင်းနဲ့အတူ ယှဉ်ပြေးပြီး ဆော့ကစားနိုင်မှာ မဟုတ်ဘူး'လို့ ပြောလိုက်ပါတယ်။ ဒီတော့ ကလေးငယ်ဟာ သူဝတ်ထားတဲ့ ဘောင်းဘီရှည်ကို အပေါ်ကို လိပ်တင်လိုက်ပြီး သူကိုယ်တိုင်က ခြေမသန်စွမ်းသူတစ်ယောက်ဖြစ်လို့ စတီးရိုးနဲ့ ထိန်းချုပ်ထားတဲ့ ခြေထောက်အတုနဲ့ သွားလာနေရကြောင်း အဘိုးအိုကို

ပြောပြလိုက်ပါတယ်။ ဒီတော့ ဒီခွေးလေးဟာ သူ့အပေါ် နားလည်မှု ပေးနိုင်တဲ့သူကို အလိုရှိနေမှာ သေချာပါတယ်လို့ အဘိုးအိုကို ပြောပြလိုက်ပါတော့တယ်။

ကလေးငယ်တစ်ယောက်ဆိုပေမယ့် လှလိုက်တဲ့စိတ်ဓာတ်ကလေး။ ခြေထောက်မသန်တဲ့ ကလေးငယ်တစ်ယောက်ရဲ့ စာနာမှုတွေ၊ သနားကြင်နာမှုတွေ၊ ကရုဏာတရားတွေ။ တကယ်တော့ လူ့လောကကြီးကို အလှဆင်နေတယ်ဆိုတာလည်း ဒီစိတ်တွေပဲ မဟုတ်လား။ စာနာမှုတွေ ကင်းမဲ့သွားရင်၊ သနားကြင်နာမှုတွေ မရှိတော့ရင် လူ့လောကကြီး ဘာဖြစ်သွားမလဲ။ ရက်စက်ကြမ်းကြုတ်တဲ့ လူယုတ်မာကြီးတွေ ဖြစ်ကုန်မှာပေါ့။ မဟုတ်ဘူးလား။ ကရုဏာတရားတွေ ခေါင်းပါးကုန်ရင် လူ့ဘဝရဲ့ လူ့လောကရဲ့ အဓိပ္ပါယ်ဆိုတာလည်း ဘာမှ ရှိမှာမဟုတ်ပါဘူး။

လိမ္မာယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းရဲ့ လူယဉ်ကျေးတွေ ပီသဖို့ လူလူချင်း ကိုယ့်လောက်မပြည့်စုံသူတွေအပေါ် ကျွန်တော်တို့တစ်တွေ စာနာဖို့ လိုတာပေါ့။ ကိုယ်ချင်းစာတရားတွေ ရှိမှဖြစ်မှာပေါ့။ ကရုဏာတရားတွေ ထားမှဖြစ်မှာပေါ့။ ဒါမှလည်း ကျွန်တော်တို့လူ့အဖွဲ့အစည်းကြီးက ကျွန်တော်တို့ နေထိုင်တဲ့ လူ့လောကကြီးက သာယာလှပမှာ။

ခြေမသန်တဲ့ ကလေးငယ်တစ်ယောက်က သူ့လို ခြေမသန်တဲ့ ခွေးကလေးအပေါ် သနားခြင်းတွေ၊ စာနာစိတ်တွေထားသလို လူ့လောကမှာလည်း လူသားအချင်းချင်းအပေါ် စာနာမှု နားလည်မှုပေးနိုင်မည့်သူတွေ အများကြီး လိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ မာသာထရီဇာလို၊ မဟတ္တမဂန္ဒီလို၊ ဗိုလ်ချုပ်အောင်ဆန်းလို တိုင်းပြည်နဲ့ လူ့လောကကြီးအတွက် စံပြအကျိုးပြုသူတွေ မဖြစ်နိုင်ရင်တောင် ကျွန်တော်တို့ ကျင်လည်ရတဲ့ အဝန်းအဝိုင်းလေးအတွက် စံပြဖြစ်အောင်တော့ ကြိုးစားကြဖို့ လိုမှာပါ။

ကျွန်တော်တို့ကိုယ်တိုင်က ကိုယ့်ပတ်ဝန်းကျင်အပေါ် ဘယ်လောက်ထိ စာနာမှုတွေ၊ ချစ်ခြင်းမေတ္တာတွေ၊ ကိုယ်ချင်းစာတရားတွေ ထားခဲ့ပြီးပြီလဲ။ ကျွန်တော်တို့တစ်တွေဟာ ကိုယ်ကိုယ်တိုင်က ကိုယ့်အပေါ် အမှန်တကယ် နားလည်မှုတွေ စာနာမှုတွေ ပေးမယ့်သူတွေကို လိုအပ်နေသူတစ်ယောက်များလား။ ကိုယ့်အပေါ် အမှန်တကယ် ကိုယ်ချင်းစာနာစိတ်အပြည့်နဲ့ ကြင်နာဖေးမပေးမည့်သူကို လိုအပ်နေသူတစ်ယောက်များလား။

တကယ်လို့ ကျွန်တော်တို့ကိုယ်တိုင်က စာနာမှုတွေ၊ ကိုယ်ချင်းစာတရားတွေ၊ ကရုဏာစိတ်ပြည့်ဝတဲ့သူတွေကို ရှာဖွေနေတဲ့သူ တစ်ယောက်ဖြစ်နေပြီဆိုရင် ကျွန်တော်တို့လိုအပ်နေတဲ့ လူမျိုးကို ဘယ်နေရာမှာများ သွားရှာရမှာပါလိမ့်...။

## ရွှေတံခါးတွေ တပ်ထားတဲ့အိမ်

တစ်ခါတုန်းက ဆင်းရဲသားမိန်းကလေးတစ်ယောက်ဟာ မိသားစုနဲ့အတူ ရိုးရိုးသာမန်အိမ်ကလေးမှာ ဆင်းဆင်းရဲရဲနဲ့ နေထိုင်ရပါတယ်။ သူတို့အိမ်ကလေးဟာ တောင်ကုန်းလေးပေါ်မှာ ဆောက်ထားတဲ့ သာမန်ဆင်းရဲသား အိမ်ကလေးတစ်လုံးသာ ဖြစ်ပါတယ်။ အဲဒီအိမ်လေးမှာ ခမ်းနားခြင်း၊ ဆန်းပြားခြင်းဆိုတာတွေ မရှိပါဘူး။ ဆင်းရဲလှတဲ့ ဒီမိန်းကလေးဟာ သူ့အရွယ်ရောက်လာတဲ့ အချိန်မှာ သူတို့အိမ်နဲ့ မလှမ်းမကမ်းမှာ ရွှေတံခါးတွေ တပ်ဆင်ထားတဲ့ အိမ်ကြီးတစ်လုံးကို လှမ်းမြင်လိုက်တဲ့အခါ အလွန်ပဲ အံ့သြသွားပါတယ်။

မိန်းကလေးဟာ သူနေထိုင်နေတဲ့ ရိုးရိုးဆင်းရဲသားအိမ်ကလေးမှာ နေရတာထက် ဒီရွှေတံခါးတွေတပ်ထားတဲ့ ခမ်းနားလှတဲ့ အိမ်ကြီးထဲမှာ နေလိုက်ရရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲလို့ စိတ်ကူးယဉ်နေပါသတဲ့။ သူမဟာ မိသားစုနဲ့အတူ ပျော်ပျော်ရွှင်ရွှင်နေထိုင်နေရတာကို ကြိုက်နှစ်သက်ပေမယ့်လို့ ရွှေအိမ်ကြီးထဲမှာ နေရဖို့ မျှော်လင့်တမ်းတနေမိပါသတဲ့။ မိန်းကလေးဟာ ရွှေအိမ်ကြီးထဲမှာနေရတဲ့ ကြည်နူးချမ်းသာမှုတွေကို တွေးပြီး စိတ်ကူးယဉ်နေပါတော့တယ်။

ဒီလိုနဲ့ သူ အရွယ်ရောက်လာတဲ့အခါမှာတော့ မိန်းကလေးဟာ 'အိမ်ထဲကနေထွက်ပြီး အပြင်ကို စက်ဘီးကလေးစီးပြီး လျှောက်လည်ချင်တယ်'လို့ အမေဖြစ်သူကို ပြောလိုက်ပါတယ်။ အမေဖြစ်သူကလည်း 'ထွက်လည်ချင်တယ်ဆိုရင်တော့ အိမ်နားတစ်ဝိုက်မှာပဲ သွားလည်ပါ။ အိမ်နဲ့ အဝေးကြီးကို လျှောက်မသွားနဲ့'လို့ ပြန်ပြောလိုက်ပါတယ်။

အဲဒီနေ့ဟာ အလွန်သာယာလှပတဲ့ နေ့လေးတစ်နေ့ဖြစ်တာမို့ မိန်းကလေးဟာ အရမ်းပျော်ရွှင်သွားပါတယ်။ စက်ဘီးလေးကို စီးပြီး သူ သိပ်သွားချင်နေတဲ့ ရွှေအိမ်ကြီးဆီကို ဦးတည်လိုက်ပါတယ်။ တောင်ကြားလေးကို ဖြတ်ကျော်ပြီးတဲ့အခါမှာတော့ ရွှေအိမ်ကြီးရဲ့ ဂိတ်ပေါက်ဝကို ရောက်လာပါတော့တယ်။ ဂိတ်ပေါက်မှာ စက်ဘီးလေးကိုထားခဲ့ပြီး ရွှေအိမ်ကြီးထဲကို သွားတဲ့လမ်းအတိုင်း ဝင်လာခဲ့ပါတယ်။ တစ်ချိန်တုန်းက ရွှေတံခါးတွေ တပ်ဆင်ထားတယ်လို့ ထင်နေရတဲ့ အိမ်ကြီးကို တွေ့လိုက်ရတဲ့အခါမှာတော့ မိန်းကလေးဟာ အလွန်ပဲ စိတ်ညစ်သွားပါတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူထင်ထားသလို ရွှေတံခါးဆိုလို့ ဘာတစ်ခုမှ မရှိဘဲ လူမနေဘဲ စွန့်ပစ်ထားတဲ့ အိမ်ပျက်ကြီးတစ်လုံး ဖြစ်နေလို့ပါပဲ။ တံခါးတွေဟာ ပျက်စီးနေပြီး ဖုန်တွေတောင် တက်နေပါသေးတယ်။

မိန်းကလေးဟာ စိတ်ပျက်ပျက်နဲ့ လှည့်ပြန်လာခဲ့ပြီး တောင်ကြားတစ်ဖက်မှာရှိတဲ့ သူ့အိမ်ဘက်ကို ရုတ်တရက် လှမ်းကြည့်လိုက်တဲ့အခါ သူ့အိမ်လေးရဲ့ တံခါးတွေဟာ နေရောင်ကြောင့် ရွှေရောင်ပေါက်နေတာကို တွေ့မြင်လိုက်ရပါတယ်။ ဒီတော့မှ မိန်းကလေးက သူဟာ ရွှေတံခါးတွေ တပ်ဆင်ထားတဲ့ အိမ်ထဲမှာ နေနေခဲ့တယ်ဆိုတာကို သဘောပေါက်သွားပါတယ်။ နားလည်မှုတွေ၊ ချစ်ခြင်းမေတ္တာတရားတွေ၊ ကြင်နာမှုတွေ အပြည့်ရှိနေတဲ့ အဲဒီ သူ နေနေတဲ့ အိမ်ကလေးဟာ ရွှေနဲ့ဆောက်လုပ်ထားတဲ့ အိမ်ကလေးပဲ ဖြစ်တယ်ဆိုတာကို သိမြင်နားလည်သွားပါတော့တယ်။

ခမ်းနားခြင်း၊ ဆန်းပြားခြင်းတွေ မရှိပေမယ့် နွေးထွေးခြင်း၊ စာနာခြင်း၊ ကြင်နာခြင်းတွေနဲ့ ပြည့်နှက်နေတဲ့ အိမ်ဟာ တကယ့်ရွှေတံခါးတွေ တပ်ဆင်ထားတဲ့အိမ်ထက် နေပျော်ဖွယ်ကောင်းတယ်ဆိုတာကို နားလည်သွားပါတော့တယ်။

□

တစ်ခါတစ်ရံ ကျွန်တော်တို့တစ်တွေဟာ အဝေးကအရာတွေကို မျက်စိမှိတ်ပြီး စိတ်ကူးတွေယဉ် မြင်တတ်ကြပေမယ့်လို့ ကိုယ့်ရှေ့မှာ ရှိနေတဲ့ အရာတွေကိုကျတော့ မျက်စိဖွင့်ပြီး မမြင်မိတတ်တဲ့ အဖြစ်မျိုးတွေလည်း ဘဝမှာ ရှိနေတတ်ပြန်ပါသေးတော့တယ်။

ကိုယ်နေထိုင်တဲ့ အိမ်ဟာ ဆင်းရဲပေမယ့် နွေးထွေးပါတယ်။ ရွှေတံခါးတွေ တပ်မထားပေမယ့်လည်း နေပျော်စရာကောင်းတယ်ဆိုတာကို တစ်ဖက်အိမ်ကနေ လှမ်းကြည့်လိုက်မှ သိရတဲ့အခါမျိုးတွေလည်း ရှိနေတတ်ပါသေးတယ်။ ကိုယ့်အိမ်နဲ့ မိုင်ပေါင်းထောင်ချီဝေးတဲ့ အရပ်ကနေ ဒီပုံပြင်လေးကို ဖတ်နေမိတယ်။ ပုံပြင်လေးကိုဖတ်ပြီးတဲ့အဆုံးမှာ ကိုယ့်အိမ်လေးကို တခုတ်တရ လှမ်းကြည့်နေမိပါတော့တယ်။ ရွှေတံခါးတွေ တပ်ဆင်ထားတာကိုများ တွေ့လိုတွေ့ငြား...။

## နွားနို့တစ်ခွက်

'လူတွေကို ကူညီဖို့ ခက်ခက်လာပြီဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အဆင်ပြေလို့ ကူညီလိုက်ပေမယ့် တကယ်ကျေးဇူးသိတတ်ပြီး ကျေးဇူးပြန်ဆပ်တဲ့လူဆိုတာ တော်တော်ရှားသွားပြီ။ ခင်ဗျားတို့ ပြောပြောနေတဲ့ ကတညုတ ကတဝေဒီ ဆိုတဲ့ မင်္ဂလာတွေ ခေါင်းပါးလာတဲ့ သဘောပေါ့ဗျာ'လို့ မိတ်ဆွေတစ်ဦးရဲ့အပြောမှာ ရင်မောခဲ့ရဖူးပါတယ်။ သူဟာ သူတစ်ပါးကို ကူညီတတ်တဲ့ စေတနာရှိပေမယ့် ဘယ်တုန်းက ဘယ်သူ့ကို ဘယ်လို ကူညီလိုက်တာဆိုတာမျိုးတွေကို လူစုံရင် ထုတ်ပြောတတ်တဲ့ အကျင့်လေးတစ်ခုတော့ သူ့မှာ ရှိပါတယ်။ ဒါကြောင့်လည်း တချို့မိတ်ဆွေတွေက သူ့ကို လက်ရှောင်တတ်ကြတယ်။ သူကလည်း သူပါပဲ။ သူစိုက်သလောက် ပြန်ပေါက်ချင်တဲ့လူ။

အဲဒီနေ့ကတော့ သူနဲ့ စကားတွေ အများကြီး ပြောဖြစ်သွားခဲ့တယ်။ 'ကိုယ်က ကူညီနိုင်လို့ သူတစ်ပါးကို ကူညီတဲ့အခါ မျှော်လင့်ချက်တွေ အရမ်းကြီးမထားပါနဲ့ဗျာ။ ကိုယ်စိုက်သလောက် ပြန်မပေါက်တဲ့အခါ ခင်ဗျားပဲ စိတ်ညစ်ရမှာ။ ပြီးတော့ ကိုယ့်ရဲ့ စေတနာကို မျှော်လင့်ချက်နဲ့ အပေးအယူသဘောမျိုး မလုပ်သင့်ဘူးလို့ ကျွန်တော်ထင်တာပဲ။ ပြီးတော့ သူတစ်ပါးကို ကူညီဖို့ ခင်ဗျားကို ဘယ်သူကမှ ဖိအားပေးနေတာ မဟုတ်ပါဘူး။ ခင်ဗျားမှာ ငြင်းပိုင်ခွင့်တွေ ရှိပါတယ်။ လူတိုင်းကိုတော့ ကျေးဇူးမသိတတ်သူတွေလို့ မပြောစေချင်ဘူးဗျာ'လို့ ပြောတော့ တွေဝေငေးမောနေတာကို သတိပြုမိလိုက်ပါတယ်။

သူ ပြန်သွားတော့မှ ဆက်တွေးနေမိတယ်။ လူတွေဟာ အရာရာကို ဈေးတွက် တွက်နေကြပြီလား။ ကိုယ့်စေတနာတွေ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်တွေကို မျှော်လင့်ချက်တွေနဲ့ ဈေးဖြတ်ကြတော့မှာလား။ ကိုယ်ပေးသလောက် ပြန်လိုချင်နေတတ်ကြပြီလား။ လူတိုင်းကိုတော့ ဆိုလိုတာမဟုတ်ပါဘူး။ ဒါပေမဲ့ အရာရာကို မျှော်လင့်ချက်တွေ တသီကြီးနဲ့ စိုက်ပျိုးနေကြသူတွေလည်း လူ့လောကကြီးမှာ အများကြီး ရှိမှာပါ။ နောက်တစ်နေ့ သူနဲ့ ပြန်တွေ့တော့ သူ့ကို ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြဖြစ်ခဲ့ပါတယ်။

တစ်ခါတုန်းက နယ်မြို့လေးတစ်မြို့မှာ ဆင်းရဲသားလေးတစ်ယောက် ရှိပါတယ်။ သူဟာ အလွန်ပဲ ဆင်းရဲတဲ့အတွက် သူ့ရဲ့ ကျောင်းစရိတ်ကလေးရဖို့ ကုန်ပစ္စည်းလေးတွေကို တစ်အိမ်ဝင်တစ်အိမ်ထွက် တစ်လမ်းဝင် တစ်လမ်းထွက် ရပ်ကွက်ထဲလှည့်ပြီး ရောင်းရပါတယ်။ တစ်နေ့မှာတော့ အဲဒီလို ဈေးရောင်းနေတုန်းမှာပဲ ဗိုက်အလွန် ဆာလာပါတယ်။ သူ့အိပ်ကပ်ထဲမှာကလည်း ပိုက်ဆံက အကြွေစေ့လေးတွေပဲ ကျန်တော့တာမို့ ဝယ်မစားနိုင်ပါဘူး။ ဒါကြောင့် သူဟာ နောက်တစ်အိမ်ရောက်ရင်တော့ စားစရာလေး တောင်းစားဦးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါပေမဲ့ နောက်အိမ်ရောက်တဲ့အခါ အလွန်ချောမောလှပတဲ့ မိန်းကလေးကိုတွေ့ပြီး စားစရာတောင်းစားဖို့ သတိမရတော့ဘဲ 'ရေလေးတစ်ခွက်လောက် တိုက်ပါခင်ဗျာ'လို့သာ ပြောလိုက်ပါတော့တယ်။ အလွန် လှပတဲ့မိန်းကလေးဟာ 'ဒီကောင်လေး အရမ်းဗိုက်ဆာနေပုံရတယ်'လို့ တွေးမိပြီး ရေအစား နွားနို့တွေ ဖန်ခွက်ကြီးအပြည့်ထည့်ပြီး ပေးလိုက်ပါတယ်။ ဆင်းရဲသားလေးဟာ ဗိုက်အလွန်ဆာနေတာမို့ နွားနို့တွေကို အကုန်သောက်ပစ်လိုက်ပါတယ်။ ပြီးတော့ 'နွားနို့အတွက် ပိုက်ဆံ ဘယ်လောက်ပေးရမှာပါလဲ'လို့ မေးလိုက်ပါတယ်။ ဒီတော့ မိန်းကလေးက 'ပိုက်ဆံတစ်ပြားမှ ပေးစရာ မလိုပါဘူးရှင်။ ကြင်နာမှုအတွက်၊ စိတ်ရင်းစေတနာရင်းနဲ့

ဖြူဖြူစင်စင် ပေးတဲ့အရာတွေအတွက် လူတစ်ဖက်သားက ပြန်ပေးတဲ့ ပိုက်ဆံကို လုံးဝလက်မခံရဘူးလို့ ကျွန်မတို့အမေက ကျွန်မတို့ကို သင်ပေးထားပါတယ်’လို့ ပြန်ပြောလိုက်ပါတယ်။

ဒီတော့ ဆင်းရဲသားလေးက ‘ကျွန်တော် ရင်ထဲ နှလုံးသားထဲကနေ ခင်ဗျားကို ကျေးဇူးအထူးတင်ပါတယ်ဗျာ’လို့ ပြန်ပြောလိုက်ပြီး အဲဒီအိမ်ကနေ ပြန်ထွက်လာခဲ့ပါတယ်။ ဆင်းရဲသားလေးဟာ လှပတဲ့ မိန်းကလေးရဲ့ အပြုအမူတွေကို ပြန်တွေးပြီး ကြည်နူးနှစ်သက်နေမိပါသတဲ့။ နှစ်တွေ အတော်ကြာလာတဲ့အခါမှာ တစ်နေ့မှာတော့ လှပတဲ့ မိန်းကလေးဟာ ရောဂါအသည်းအသန် ဖြစ်လာပါတော့တယ်။ သူ့မြို့မှာရှိတဲ့ ဆရာဝန်တွေကလည်း ဘာရောဂါဆိုတာကို တိတိကျကျအဖြေရှာလို့ မရတဲ့အတွက် ခေါင်းခြောက်နေကြပါတော့တယ်။ နောက်ဆုံးတော့ မိန်းကလေးကို မြို့ကြီးကို ခေါ်သွားပြီး မြို့က အထူးကုဆရာဝန်ကြီးတွေနဲ့ ကုသဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

အဲဒီမြို့မှာ အရမ်းနာမည်ကြီးတဲ့ အထူးကုဆရာဝန်ကြီးကို တောမြို့လေးကလာတဲ့ မိန်းကလေးကို ဆေးကုသပေးဖို့ ဆေးရုံက အကြောင်းကြားလိုက်ပါတယ်။ ဆရာဝန်ကြီးက လူနာရဲ့ နေရပ်လိပ်စာကို ကြည့်ပြီး အလွန်ပဲ အံ့အားသင့်သွားပါတော့တယ်။ ဆရာဝန်တွေဝတ်တဲ့ ဝတ်ရုံကြီးကိုဝတ်ပြီး နေရာကနေ ချက်ချင်းထပြီး ဆေးရုံအောက်ထပ်မှာရှိတဲ့ လူနာမိန်းကလေးရှိရာ အခန်းကို ပြေးဆင်းသွားပါတယ်။ လူနာမိန်းကလေးကို တွေ့လိုက်ရတဲ့အခါ ဆရာဝန်ကြီးက ချက်ချင်း မှတ်မိသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ ကုသရမယ့် လူနာမိန်းကလေးဟာ သူ့ကို တစ်ချိန်တုန်းက နွားနို့တွေ ဖန်ခွက်ကြီးနဲ့ အပြည့်ထည့်ပြီး ပေးခဲ့ဖူးတဲ့ မိန်းကလေး ဖြစ်နေလို့ပါပဲ။ ဒါကြောင့် သူ့အနေနဲ့ အစွမ်းကုန် ကုသပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အချိန်တော်တော်ကြာ ခက်ခက်ခဲခဲ ကုသပြီးတဲ့နောက်မှာတော့ မိန်းကလေးဟာ ပြန်ပြီး ကျန်းမာသွားပါတယ်။ ဆေးကုသစရိတ်တွေအားလုံးကိုလည်း အထူးကုဆရာဝန်ကြီးကပဲ ရှင်းပေးလိုက်ပါတယ်။ အဲဒီ ဖြတ်ပိုင်းလေးကို လူနာမိန်းကလေးဆီကို ပေးပို့လိုက်ပါတယ်။ ဆေးဖိုး ပေးချေရမယ့် ငွေဖြတ်ပိုင်းလေးကို ပေးပို့လိုက်တဲ့အခါမှာ လူနာမိန်းကလေးကတော့ သူ ရှင်းပေးရမယ့် ငွေအတွက် တော်တော်လေး ကုန်ကျမယ်ဆိုတာ သိနေလို့ ဖြတ်ပိုင်းလေးကို မကြည့်ရဲလောက်အောင် ဖြစ်နေပါသတဲ့။ ကြောက်ကြောက်နဲ့ ဖြတ်ပိုင်လေးကို ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ဖြတ်ပိုင်းလေးရဲ့ တစ်နေရာမှာ ရေးထားတာလေးကိုကြည့်ပြီး အလွန်အံ့သြသွားပါတော့တယ်။ ဖြတ်ပိုင်းလေးရဲ့ အစွန်မှာ ရေးထားတာလေးက...

“မင်းအတွက် ကုန်ကျစရိတ်တွေအားလုံးကို အထူးကုဆရာဝန်ကြီးက ရှင်းပေးလိုက်ပါပြီ။ တစ်ချိန်တုန်းက မင်း ငါ့ကို နွားနို့တွေ ဖန်ခွက်ကြီးနဲ့ အပြည့်ပေးခဲ့ဖူးတယ်လေ”တဲ့။

ပုံပြင်လေးရဲ့ အဆုံးမှာတော့ မိတ်ဆွေဟာ အပြင်ကိုပဲ ငေးကြည့်နေပါတော့တယ်။ ပြီးတော့ ‘ကျွန်တော်တို့ ပြန်ကြရအောင်ဗျာ’တဲ့။ ဘာမှတ်ချက်မှ မပေးဘဲ ကျောခိုင်းထွက်ခွာသွားတဲ့ မိတ်ဆွေရဲ့ လေးလံတဲ့ခြေလှမ်းတွေကိုကြည့်ပြီး ကိုယ့်စိတ်တွေပါ လေးလံသွားပါတော့တယ်။ ကိုယ်စိုက်သလောက် ပြန်ပေါက်ချင်တတ်ကြတာကိုက လူ့စိတ်ရဲ့ လူသားဆန်တဲ့ ဓမ္မတာတစ်ခုလေများလား။

**အညတြများ**

တစ်ခါတုန်းက တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ လူငယ်ချစ်သူ စုံတွဲတစ်တွဲ ရှိခဲ့ကြတယ်။ ချစ်သူကောင်လေးက အလွန်ဆင်းရဲပြီး မိန်းကလေးကတော့ အလွန်ချမ်းသာတဲ့ သူဌေးသမီးကလေးဖြစ်ပါတယ်။ ဘဝအခြေအနေ မတူညီကြပေမယ့် ချစ်ခြင်းမေတ္တာတရားတွေကတော့ တူညီမှုရှိခဲ့ကြတယ်လို့ ဆိုပါတယ်။ မိန်းကလေးရဲ့ မိဘတွေကတော့ သူတို့သမီးလေး ဆင်းရဲသားယောက်ျားလေးနဲ့ မေတ္တာမျှနေကြပြီဆိုတာသိလိုက်ရတော့ အလွန်ပဲ စိတ်မကောင်းဖြစ်သွားကြတယ်။ ရွှေရွှေချင်း ထပ်မှ မြတ်တာလို့ သူတို့က အခိုင်အမာ ယုံကြည်ထားကြသူတွေဆိုတော့ ရင်ကျိုးရပြီပေါ့။

ဒါပေမဲ့ ယောက်ျားလေးက ဖွဲမလျှော့ဘူး။ အခြေအနေကို သူသိလိုက်ပြီလေ။ သူ့ချစ်သူ ကြည်ဖြူနေရုံနဲ့ မပြီးတော့ဘူးဆိုတာ။ ဒါကြောင့် မျက်နှာချိုသွေးပြီး သူ့ချစ်သူမိန်းကလေးရဲ့ မိဘတွေကို သူဟာ စွမ်းရည်ပြည့်ဝတဲ့ ခိုင်မာတည်ကြည်တဲ့ ယောက်ျားတစ်ယောက် ဖြစ်တယ်ဆိုတာကို ပြသဖို့ အမြဲတမ်းပဲ ကြိုးစားနေခဲ့ပါတယ်။

သူ ကြိုးစားရကျိုးနပ်တယ်လို့ ပြောရမှာပါ။ အချိန်တန်တော့ သူ့ချစ်သူမိန်းကလေးရဲ့ မိဘတွေက 'ဒီကလေးဟာ ဆင်းရဲပေမဲ့ ကိုယ့်ကျင့်တရား ကောင်းတယ်၊ ကြိုးစားချင်စိတ် ပြင်းထန်တယ်'ဆိုတဲ့ မှတ်ချက်နဲ့အတူ သူ့သမီးနဲ့ လက်ထပ်ပေးဖို့အထိ ဆုံးဖြတ်လိုက်ကြတယ်။ ကံဆိုးချင်တော့ အဲဒီအချိန်မှာပဲ စစ်ပွဲတွေဖြစ်လာတယ်။ ဒီတော့ စစ်ပွဲဖြစ်နေတဲ့ နိုင်ငံကို သွားပြီး တာဝန်ထမ်းဆောင်ဖို့ ရွေးချယ်လိုက်တဲ့ လူစာရင်းထဲမှာ အဲဒီလူငယ်လေးလည်း ပါဝင်နေတယ်။

သူဟာ နိုင်ငံရပ်ခြားသွားပြီး တိုင်းပြည်ကပေးအပ်တဲ့ တာဝန်ကို ထမ်းဆောင်ရမယ်ဆိုတော့ ကြေကွဲရပြီပေါ့။ နိုင်ငံခြားကို စစ်တိုက်မထွက်ခင် တစ်ပတ်အလိုမှာပဲ သူတစ်နှစ်အတွင်း ပြန်လာခဲ့မယ်။ သူ့ကို လက်ထပ်နိုင်မလားလို့မေးတော့ လက်ထပ်နိုင်ပါတယ်လို့ ပြန်ဖြေလိုက်ပါတယ်။ အချိန်တိုတိုအတွင်းမှာပဲ စေ့စပ်ပွဲလေး ပြုလုပ်လိုက်ပါတယ်။

ချစ်သူယောက်ျားလေး နိုင်ငံခြားကို ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ကျန်ရစ်ခဲ့သူ ချစ်သူမိန်းကလေးဟာ တစ်နေ့မှာတော့ ကားအက်စီးဒင့်ဖြစ်ပြီး ဦးခေါင်းနဲ့ မျက်နှာတွေမှာ ဒဏ်ရာတွေ အပြင်းအထန် ရရှိသွားပါတော့တယ်။ သတိလစ်ပြီး မေ့မြောနေရာက သတိပြန်ရလာတဲ့အချိန်မှာတော့ သူမဟာ ဆေးရုံတစ်ခုပေါ်မှာ ရောက်နေတယ်ဆိုတာကို သိလိုက်ရပါတယ်။ မိဘတွေက ဘေးမှာထိုင်လို့။ မျက်နှာတွေကလည်း ငိုင်လို့။ တစ်ခုခုမှားနေပြီဆိုတာကို သူ သတိထားမိလိုက်ပါတယ်။ နောက်တော့မှ သူသိလိုက်တယ်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးလည်း ပတ်တီးတွေနဲ့။ တစ်ချိန်တုန်းက သူဟာ အလွန်ချစ်စရာကောင်းပြီး ရုပ်ရည်အလွန်လှပသူ ဖြစ်တယ်လို့ သူ ဂုဏ်ယူခဲ့ရတဲ့ မျက်နှာကလည်း အခုတော့ ကြည့်ပါဦး။ ဒဏ်ရာတွေနဲ့ ပြည့်လို့။ သူ့ကိုယ်သူ မှန်ထဲပြန်ကြည့်လိုက်ပြီး ဝမ်းနည်းစွာနဲ့ ငိုကြွေးနေရှာပါတော့တယ်။

'မနေ့တုန်းက အထိတော့ ငါဟာ လှပသူတစ်ယောက်ဖြစ်ခဲ့တာတော့ မှန်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ငါဟာ ခန္ဓာကိုယ်တစ်ခုလုံး ဒဏ်ရာတွေ ဗရပွနဲ့ အလွန်ရုပ်ဆိုးတဲ့သူ ဖြစ်နေပါပေါ့လား'လို့ တွေးတွေးပြီး ဝမ်းနည်းနေပါတယ်သတဲ့။

ဒါကြောင့် မိန်းကလေးက 'တော်ပြီ၊ ငါ လက်ထပ်မယ်လို့ ပေးထားတဲ့ကတိကို ပြန်ဖျက်လိုက်တော့မယ်။ သူလည်း အခုလို ရုပ်ဆိုးကြီးကို မြင်တွေ့ရရင် လက်ထပ်ချင်မှာ မဟုတ်ပါဘူးလေ၊ သူ့ကို မေ့ပစ်လိုက်ပြီး ဘယ်တော့မှ မတွေ့တော့တာပဲ ကောင်းပါတယ်'လို့ ဆုံးဖြတ်လိုက်ပါတယ်။ တိုင်းပြည်တာဝန်နဲ့ ရှေ့တန်းရောက်နေတဲ့ သူ့ချစ်သူကောင်လေးကတော့ တစ်ခါမှ စာမပြန်တော့ပါဘူး။ ဖုန်းတွေဆက်လည်း တစ်ခါမှ ဖုန်းမကိုင်တော့ဘူး။

ဒီလိုနဲ့ တစ်နှစ်ကြာသွားတဲ့အခါ တစ်နေ့မှာတော့ မိန်းကလေးရဲ့ အမေက အခန်းထဲဝင်လာပြီး 'သမီးချစ်သူ စစ်ပွဲကနေ ပြန်လာပြီ'လို့ ပြောပြလိုက်တဲ့အခါ သူ့အကြောင်းတွေကို ထပ်မပြောဖို့ အမေဖြစ်သူကို ပြန်ပြောလိုက်ပါတယ်။ ဒါပေမဲ့ အမေဖြစ်သူက 'သမီးချစ်ရတဲ့ သမီးချစ်သူက မကြာခင် လက်ထပ်တော့မှာလေ။ ရော့ ဒီမှာ သမီးအတွက် မင်္ဂလာဆောင်ဖိတ်စာ'လို့ ပြောပြီး ဖိတ်စာလေးကို သမီးလက်ထဲ ထည့်ပေးလိုက်ပါတယ်။ ဩော်... 'သူက လက်ထပ်တော့မှာကိုး။ ငါကတော့ အခုချိန်ထိ ချစ်နေတုန်းပါပဲ။ ဒါပေမဲ့ အခုတော့ ငါ သူ့ကို တကယ်မေ့ပစ်ရတော့မှာပါလား'လို့ တွေးပြီး စိတ်မကောင်းဖြစ်နေပါတော့တယ်။

ဝမ်းနည်းစွာနဲ့ပဲ လက်ထပ်ဖိတ်စာလေးကို ဖွင့်ဖတ်ကြည့်လိုက်တဲ့အခါ သူ့နာမည်ကို တွေ့လိုက်ရတော့ အလွန်အံ့သြသွားပါတော့တယ်။ ဒါဘယ်လိုဖြစ်တာပါလိမ့်လို့ သူ့အမေကို လှမ်းမေးနေတုန်းမှာပဲ မိန်းကလေးရဲ့ချစ်သူဟာ အခန်းထဲဝင်လာတာကို မြင်တွေ့လိုက်ပါတယ်။ လက်ထဲမှာလည်း ပန်းစည်းကြီးကို ကိုင်လို့။ ပြီးတော့ 'မင်း ငါ့ကို လက်ထပ်မှာပါနော်'လို့ အနားကပ်ပြီး တိုးတိုးလေး ပြောလိုက်ပါတော့တယ်။ ဒီတော့ မိန်းကလေးက သူ့မျက်နှာကို လက်နဲ့အုပ်ထားပြီး 'ကျွန်မက အခု အလွန်ရုပ်ဆိုးနေပါပြီရှင်'လို့ ပြန်ပြောလိုက်တဲ့အခါ 'မင်းမေမေဟာ မင်းရဲ့ ဓာတ်ပုံတွေကို မင်းကိုအသိမပေးဘဲ ကိုယ့်ဆီကို အမြဲတမ်းပို့ပေးနေခဲ့ပါတယ်။ မင်းရဲ့ ပုံတွေကိုကြည့်လိုက်တော့ အရင်ကနဲ့ အတူတူပါပဲ။ ဘာမှ သိပ်ပြီး ထူးထူးခြားခြား ပြောင်းလဲသွားတယ်လို့ ကိုယ်မယုံကြည်ပါဘူး။ မင်းဟာ အရင်ကလို လှနေတုန်းပါပဲ။ ကိုယ်ကလည်း အရင်ကလို ချစ်နေတုန်းပါပဲလေ။ ကိုယ်တို့ လက်ထပ်ကြပါစို့ကွယ်...'လို့ ပြောပြီး ကြင်နာစွာ ထွေးပွေ့လိုက်ပါတော့တယ်။

□

လူငယ်တွေနဲ့ ဆုံဖြစ်တဲ့အခါ ဒီအကြောင်းလေးကို သူတို့ကို ပြောပြပြီး အပြင်မှာကော ဒီလိုအဖြစ်မျိုးတွေ တကယ်ရှိနိုင်ပါသလားလို့ မေးကြည့်လိုက်တော့ ရှိနိုင်ပါတယ်လို့ အားတက်သရော ဖြေတာကို တွေ့ရပါတယ်။ ဒီကောင်လေးရဲ့နေရာမှာ မင်းတို့သာဆိုရင် မပြောင်းလဲဘဲ နေမှာလားလို့ ဆက်မေးကြည့်တဲ့အခါမှာတော့ လူကိုကြောင်ပြီး ငေးကြည့်နေပါတော့တယ်။

ပြီးတော့ သူတို့ထဲကတစ်ယောက်က ဈေးကွက်စီးပွားရေးခေတ်မှာ အရာရာကို ဈေးတွက်တွက်ကြတော့ ဈေးကွက်မဝင်တဲ့ သူတို့ခများမှာ အလိုလိုနေရင်း မျက်နှာငယ်ရတယ်လို့ နောက်သလိုလိုနဲ့ အတည်ပေါက်ပြောသွားပါသေးတယ်။ အဲဒီနေ့ စကားဝိုင်းကတော့ တိတ်ဆိတ်စွာနဲ့ ပြီးဆုံးသွားပါတော့တယ်။ တိတ်ဆိတ်စွာ ထွက်ခွာသွားတဲ့ သူတို့ရဲ့ ခြေလှမ်းတွေက ပုံမှန်မဟုတ်ဘဲ လေးလံနေတာကိုလည်း သတိပြုမိလိုက်ပါရဲ့...။

**လူလားမမြောက်သေးတဲ့ အိမ်**

ကြည့်သောသူ မြင်တယ်ဆိုပေမယ့်

တစ်ခါတစ်ရံ ကြည့်လို့ မမြင်နိုင်လောက်အောင်ကို

နှင်းတွေ ဖုံးလွှမ်းနေတဲ့အခါမျိုးလည်း

ဘဝမှာ ရှိကောင်းရှိမယ်။

ကမ္ဘာတစ်ဝှမ်း တားမြစ်နေတဲ့ကြားက

ကော်ဖီနဲ့ဆေးလိပ် မဟာမိတ်ကျတယ်ဆိုတာ

ဘယ်သူ ရှာဖွေတွေ့ရှိခဲ့တာလဲ။

မိုးခေါင်ရေရှားရပ်ဝန်းက

ယောက်ျားအရင့်အမာကြီးတွေ သောက်ဖို့

လူပြောသူပြောများတဲ့ ညနေခင်းထဲ

တစ်သက်စာအလွဲတွေ ထည့်ဖျော်ထားသတဲ့

ကိုငှက်ကြီးလောက်တော့ သနားတယ်။

တွေ့တယ်မဟုတ်လား

နှုတ်ခမ်းပဲ့ချင်း မှုတ်လို့ တောက်တဲ့မီးက

သွေးထွက်သံယိုမှုတွေ များတယ်ဆိုတာ။

ဆူလွယ်နပ်လွယ် အခင်းအကျင်းထဲ

'နောက်တာပါ အတည်လည်း ဒါပါပဲ'ဆိုတဲ့

အဝန်းအဝိုင်းတစ်ခုမှာ

လမိုက်ညတွေ များတယ်

ကျပျောက်ခဲ့ရတာတွေ များတယ်

ကိုယ့်အနာ ကိုယ့်လျှာနဲ့ ပြန်ပြန်လျက်နေရတာတွေ များလွန်းတယ်။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့

ဓား ဓားချင်းလား

တုတ် တုတ်ချင်းလား

လူလားမမြောက်သေးတဲ့ မနက်ဖြန်နုနုလေးတွေ တခုတ်တရဖတ်ဖို့

ရာဇဝင်ထဲမှာ ထားခဲ့လိုက်တော့။

မျက်နှာချင်းဆိုင် ယဉ်ကျေးမှုထဲ

လက်ဆွဲနှုတ်ဆက်ရုံ သွားဖြဲပြနေရုံလောက်နဲ့တော့

ဘာမှ သီးပွင့်လာမှာ မဟုတ်ဘူးရယ်။

အစွန်းရောက် တပ်မက်မှုဆိုတာ

အချိန်ရှိတိုင်း လွမ်းဆွတ်နေရမယ့်အရာ မဟုတ်မှန်း

ကောင်းကင်က သိတယ်

ပင်လယ်တွေ သိတယ်

မြစ်တွေ သိဖို့ပဲ လိုတာပါ။

## ခြံစည်းရိုးကာမှာလား တံတားဆောက်မှာလား

တစ်ခါတုန်းက ညီအစ်ကိုနှစ်ယောက်ဟာ လယ်တောတစ်ခုမှာ ဘေးချင်းယှဉ်ပြီး နေထိုင်ကြပါတယ်။ တစ်နေ့မှာတော့ ဒီညီအစ်ကိုနှစ်ယောက်ဟာ အကြီးအကျယ် စကားများပြီး ရန်ဖြစ်ကြပါတယ်။ ညီအစ်ကိုနှစ်ယောက် လယ်တောထဲမှာ ဘေးချင်းကပ်ပြီး အတူနေထိုင်လာကြတာ နှစ်ပေါင်းလေးဆယ်ရှိပါပြီ။

ညီအစ်ကိုနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်တယ်လို့မရှိဘဲ လယ်ယာသုံးစက်ပစ္စည်းတွေကို တစ်ယောက်လိုအပ်တဲ့အခါ တစ်ယောက်က ပေးခြင်း၊ အလုပ်သမား၊ မျိုးစေ့ မြေသြဇာစတဲ့ လိုအပ်တာမှန်သမျှကို စိတ်ဝမ်းမကွဲကြဘဲ အပြန်ပြန်အလှန်လှန် ကူညီကြခြင်းဖြင့် နေလာခဲ့ကြတဲ့ နှစ်ပေါင်းလေးဆယ်အတွင်းမှာ အခုလိုရန်ဖြစ်ကြတာဟာ ပထမဆုံးအကြိမ် အကြီးကျယ်ဆုံးသော စိတ်ဝမ်းကွဲပြားမှုကြီးပဲ ဖြစ်ပါသတဲ့။

နောက်တော့ ကြာမြင့်စွာ အတူတကွ လက်တွဲဆောင်ရွက်လာခဲ့ကြတဲ့ ပူပေါင်းဆောင်ရွက်မှုဟာ ပြိုကွဲပျက်စီးသွားပါတော့တယ်။ ဒါဟာ မပြောပလောက်တဲ့ နားလည်မှုလွဲမှားတာလေးကနေ စတင်ခဲ့တာပါ။ သေးငယ်သော နားလည်မှု လွဲမှားခြင်းလေးက ကြီးကျယ်တဲ့ ကွဲပြားခြားနားမှုကြီးကို ဖြစ်ပေါ်စေခဲ့တယ်။ နောက်ဆုံးတော့ ကိုယ့်စိတ်ကိုယ် မထိန်းချုပ်နိုင်ကြတော့ဘဲ တစ်ယောက်ကိုတစ်ယောက် ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ နင်ပဲငါဆ ဆဲရေးတိုင်းထွာကြတဲ့အထိ ဒေါသတွေ ပေါက်ကွဲကုန်ကြပါတော့တယ်။ ဒီတော့ ညီအစ်ကိုနှစ်ယောက် မတည့်ကြ မခေါ်ကြတော့ဘဲ နေ့ရက်ပေါင်း အတော်ကြာခဲ့ကြပြီ။

တစ်ခုသော မနက်ခင်းမှာတော့ အစ်ကိုဖြစ်သူဟာ သူ့ရဲ့ အိမ်တံခါးကို လာခေါက်သံကြားလို့ တံခါး ထဖွင့်ပေးလိုက်တဲ့အခါ လူတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ သူ့လက်ထဲမှာ လက်သမားတွေ အသုံးပြုလေ့ရှိတဲ့ လက်သမားအသုံးအဆောင်ပစ္စည်းတွေ ထည့်ထားတဲ့ သေတ္တာလေးတစ်လုံးကို ကိုင်ထားပါတယ်။ သူက 'ကျွန်တော် ရက်အနည်းငယ်လောက် လုပ်ရမယ့် အလုပ်ကလေးတစ်ခုလိုချင်လို့ အလုပ်လိုက်ရှာနေတာဗျာ၊ ကျွန်တော့်အတွက် ခင်ဗျားမှာ လုပ်စရာ တောက်တိုမယ်ရအလုပ်ကလေးတွေ မရှိဘူးလား'လို့ ပြောလိုက်တဲ့အခါ အစ်ကိုဖြစ်သူကလည်း 'ဟုတ်ကဲ့ ကျွန်တော့်မှာ ရှိပါတယ်ဗျာ'လို့ ပြန်ပြောလိုက်ပါတယ်။

ကျွန်တော့်အတွက် ခင်ဗျားလုပ်ပေးရမယ့် အလုပ်ကတော့ တခြားမဟုတ်ပါဘူး။ ချောင်းငယ်လေးခြားထားတဲ့ ဟိုလယ်တောလေးကို လှမ်းကြည့်လိုက်စမ်းပါ။ အဲဒီခြံလေးဟာ ကျွန်တော့်ရဲ့ အိမ်နီးနားချင်းပဲ။ တကယ်တော့ဗျာ အဲ့ဒါ ကျွန်တော့်ညီလေးပဲပေါ့။ လွန်ခဲ့တဲ့အပတ်က အဲဒီနေရာဟာ မြက်ခင်းပြင်ပဲ။ ဒါပေမဲ့ သူက မြစ်ရောက်တဲ့အထိ ရေကာတာလုပ်ဖို့ သူ့ ဘူဒိုဇာကြီးနဲ့ ထိုးပစ်လိုက်တယ်။ သူနဲ့ကျွန်တော့်ကြားမှာရှိတဲ့ အဲဒီ မြက်ခင်းပြင်နေရာလေးဟာ အခုတော့ ချောင်းကလေး ဖြစ်သွားခဲ့ပြီ။

သူဟာ ကျွန်တော့်ကို မလိုမုန်းထားတဲ့စိတ် အာဃာတစိတ်တွေနဲ့ လုပ်ဆောင်နေတာ ဖြစ်တယ်။ ကျွန်တော်က သူ့ထက်သာအောင် လုပ်ပြလိုက်ချင်တယ်။ ဟို.. တင်းကုပ်နားမှာ စုပုံထားတဲ့ ပျဉ်ပုံကြီးကို တွေ့တယ်မဟုတ်လား။ အဲဒီပျဉ်တွေနဲ့ ခင်ဗျား ကျွန်တော့်ကို အမြင့်ရှစ်ပေရှိတဲ့ ခြံစည်းရိုးတစ်ခု ကာပေးပါ။ အဲဒီလို ကာလိုက်ရင် ကျွန်တော့်အနေနဲ့ သူ့နေရာနဲ့ သူ့မျက်နှာကို နောက်ထပ်ကြည့်စရာ မလိုတော့ဘူးလေ။

ဒီတော့ လက်သမားက 'အခြေအနေကို ကျွန်တော် နားလည်သဘောပေါက်ပါပြီ။ ကျွန်တော့်ကို သံနဲ့ တိုင်စိုက်ဖို့ တွင်းတူးစရာ တံရွင်းတစ်ခုပေးပါ။ ခင်ဗျားဖြစ်စေချင်တဲ့အတိုင်း ကျွန်တော်လုပ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်'လို့ ပြောလိုက်ပါတယ်။ အစ်ကိုဖြစ်သူက လက်သမားလိုအပ်တဲ့ ပစ္စည်းတွေပေးပြီး မြို့ထဲကို ထွက်သွားပါတော့တယ်။ လက်သမားဆရာကတော့ နေရာတိုင်းလိုက်၊ သစ်သားတွေ သွားဖြတ်လိုက်၊ သံရိုက်လိုက်နဲ့ တစ်နေကုန်ကြိုးစားပြီး အလုပ်ကို လုပ်နေပါတော့တယ်။ ညနေမိုးချုပ်လို့ မြို့ထဲသွားတဲ့ အလုပ်ရှင်လယ်သမား ပြန်လာတဲ့အခါမှာ လက်သမားရဲ့အလုပ်ဟာ ပြီးစီးနေပါပြီ။

အစ်ကိုဖြစ်သူဟာ လက်သမားဆရာရဲ့ လက်ရာကို ကြည့်လိုက်တဲ့အခါ မျက်လုံးပြူးပြီး ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ သူခိုင်းတဲ့နေရာမှာ ဘာခြံစည်းရိုးကိုမှ မတွေ့ရပါဘူး။ သူ မြင်တွေ့လိုက်ရတာက ချောင်းလေးကို ပေါင်းကူးပေးထားတဲ့ ကိုင်စရာ လက်ရမ်းလေးတွေပါတဲ့ အလွန်လှပတဲ့ တံတားလေးတစ်စင်းကိုပါ။ တံတားရဲ့ ဟိုမှာဘက်ခြမ်းကနေ ညီဖြစ်သူဟာ လက်နှစ်ဖက်ကို ဆန့်တန်းပြီး တံတားကလေးရှိရာကို ဦးတည်လျှောက်လှမ်းလာပါတယ်။ ပါးစပ်ကလည်း 'ခင်ဗျားဟာ ကျွန်တော်ပြောထားတဲ့အတိုင်း ဒီတံတားကို ဆောက်နိုင်ခဲ့တာ သိပ်တော်တဲ့ လူပါပဲဗျာ'လို့ အော်ပြောလိုက်ပါတယ်။

ညီအစ်ကိုနှစ်ယောက်ဟာ တံတားရဲ့ ဟိုဘက်ထိပ် ဒီဘက်ထိပ်ကနေ ကိုယ်စီလျှောက်လာကြတယ်။ တံတားကလေးရဲ့ အလယ်တည့်တည့်မှာ ဆုံလိုက်ကြပြီး တစ်ယောက်လက်ကို တစ်ယောက် လှမ်းဆွဲလိုက်ကြပါတော့တယ်။ ညီအစ်ကိုနှစ်ယောက်ဟာ လက်သမားဆရာကို လှမ်းကြည့်လိုက်တဲ့အခါ လက်သမားဆရာဟာ သူ့ရဲ့သေတ္တာလေးကို ပုခုံးပေါ်မှာ ထမ်းထားတာကို တွေ့မြင်လိုက်ပါတယ်။

ဒီတော့ အစ်ကိုဖြစ်သူက 'နေပါဦးဗျာ။ မသွားပါနဲ့ဦး။ ဒီမှာ အေးအေးဆေးဆေး နေပါဦး။ ကျွန်တော့်အတွက် ခင်ဗျားလုပ်ပေးရမယ့် အခြားအလုပ်တွေ အများကြီး ရှိပါသေးတယ်'လို့ လှမ်းပြောလိုက်တဲ့အခါမှာတော့ လက်သမားဆရာက 'ကျွန်တော် ဒီမှာဆက်ပြီးနေချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ဆောက်စရာတံတားတွေ အများကြီး ကျန်နေပါသေးတယ်။ ကျွန်တော့်ကို သွားခွင့်ပြုပါဦးဗျာ'လို့ ပြောပြီး လယ်တောလေးကို ကျောခိုင်းထွက်ခွာသွားပါတော့တယ်။

□

နေ့စဉ်နဲ့အမျှ မြင်တွေ့ ကြားသိနေရတဲ့ အမုန်းတရားတွေ၊ ဝိရောဓိတွေ၊ အာဃာတတွေ၊ ပဋိပက္ခတွေနဲ့ နစ်မွန်းနေတဲ့ အဲဒီယာတောထဲမှာ ကျွန်တော်တို့တစ်တွေက ဘာတွေ စိုက်ပျိုးကြမှာလဲ။ သေချာတာတစ်ခုက အဲဒီယာတောထဲမှာ ချောင်းတွေ အများကြီး ရှိနေခဲ့ကြပြီ။ ကျွန်တော်တို့တစ်တွေ ဘာလုပ်ကြမှာလဲ။ ခြံစည်းရိုးကာမှာလား၊ ဒါမှမဟုတ် တံတားဆောက်ကြမှာလား။ ခြံစည်းရိုး ကာချင်သူတွေလည်း ရှိချင်ရှိမယ်။ တံတားဆောက်ဖို့ စိတ်အားထက်သန်နေကြသူတွေလည်း ရှိချင်ရှိမယ်။ ဘာပဲဖြစ်ဖြစ်ပေါ့... ခြံစည်းရိုးကာမှာဆိုရင်လည်း လုံအောင်ကာကြဖို့ လိုပါတယ်။ တံတားဆောက်မှာဆိုရင်လည်း ခိုင်အောင်ဆောက်ကြဖို့ပဲ အရေးကြီးပါတယ်လေ။

## သူလိုသမ္မတ

နိုင်ငံရေးကို နှစ်ပေါင်းများစွာ ထဲထဲဝင်ဝင် လုပ်လာတဲ့ မိတ်ဆွေတစ်ဦးနဲ့ တွေ့ဆုံဖြစ်ပါတယ်။ 'မော်စကိုက ပြန်လာတာ သိပ်မကြာသေးဘူး။ အခုမှ အသစ်စက်စက်ကြီးရှိသေးတယ်'လို့လည်း အဆိုပါမိတ်ဆွေက ခရီးရောက်မဆိုက် ပြောပါတယ်။ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်ပေါ့ဗျာ... လို့ အစချီပြီး မော်စကိုလောကရဲ့ ခါးသီးတဲ့အတွေ့အကြုံတွေကို သူက မနားတမ်း ပြောနေမိတယ်။ သူ ပြောတာတွေ နားထောင်ပြီးတဲ့အဆုံးမှာတော့ လက်ဖက်ရည်ပိုင်းလေး တစ်ခုလုံးဟာ အနိဋ္ဌာရုံတွေနဲ့ ဖုံးလွှမ်းသွားပါတော့တယ်။

"ကျွန်တော်တို့က ကျွန်တော်တို့ လူမှုအသိုင်းအဝိုင်းကို ပြဟ္မစိုရ်တရားတွေနဲ့ လှစေချင်တာ။ လူလူချင်း တန်ဖိုးထား လေးစားတတ်စေချင်တာ။ ကြီးနိုင်ငယ်ညှင်းတွေ၊ အထက်ဖား အောက်ဖိဆိုတဲ့ စနစ်မျိုးတွေကို ရိုက်ချိုးပစ်ချင်တာ။ အခွင့်အရေးဆိုတာ မတရား မယူကောင်းဘူးဆိုတဲ့အသိလေးကို လူတိုင်းရှိစေချင်တာ။ ဒီယုံကြည်ချက်တွေနဲ့ ကျွန်တော်တို့က ဒီလောကထဲမှာ ရှင်သန်နေတာ"လို့လည်း ပြောပါတယ်။ ပြီးတော့ သူဆက်ပြောတာလေးကို နားထောင်ကြည့်ပါဦး။

□

"ကျွန်တော်တို့က ကျွန်တော်တို့ လူမှုအသိုင်းအဝိုင်းမှာ လူတိုင်းကို တာဝန်ယူစိတ် ရှိစေချင်တယ်။ မိဘဆိုရင် မိဘတစ်ယောက်ရဲ့တာဝန်၊ သားသမီးဆိုရင်လည်း သားသမီးတစ်ယောက်ရဲ့ တာဝန်တွေကို ယူလိုစိတ် အပြည့်ရှိရမယ်။

ဥပမာ ကျောင်းသားတစ်ယောက်ဆိုရင် ကျောင်းစာနဲ့ ပတ်သက်ပြီးသူ့အနေနဲ့ သူ့တာဝန်ကျေဖို့ လိုတယ်ဗျ။ ကျောင်းဆရာဆိုရင် ကျောင်းဆရာတာဝန်၊ ဆရာဝန်တစ်ယောက်ရဲ့တာဝန်၊ အင်ဂျင်နီယာတစ်ယောက်ရဲ့တာဝန်၊ အလုပ်သမား လယ်သမားဆိုရင်လည်း သူတို့တာဝန်သူတို့ ကျေပွန်ဖို့လိုတယ်။ နောက်ဆုံး တိုင်းပြည်အုပ်ချုပ်တဲ့ တာဝန်ကိုယူတဲ့ ပြည်သူ့ဝန်ထမ်းတွေအကုန်လုံးကလည်း သူတို့တာဝန်သူတို့ ကျေဖို့လိုတာပေါ့။

တိုင်းပြည်တစ်ခုကို ယေဘူယျကြည့်လိုက်မယ်ဆိုရင် အများကြီးမရှိပါဘူးဗျ။ နှစ်မျိုးပဲ ရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီနှစ်မျိုးက ပြည်သူက အုပ်ချုပ်သူနဲ့ပြည်သူ၊ ဒါပါပဲ။ ပြည်သူက အုပ်ချုပ်သူဆိုတာ အခု ကျွန်တော်တို့ ပြောပြောနေတဲ့ အစိုးရပေါ့ဗျာ။

အစိုးရတစ်ရပ်ဟာ ပြည်သူ့အောက်မှာပဲ ရှိရမှာဗျ။ အများပြည်သူရဲ့ဆန္ဒကို လွန်ဆန်ပြီး ပြည်သူကို ဖိနှိပ်နေရင် ဒါမျိုးကို ကျွန်တော်တို့က အစိုးရလို့ အသိမှတ်မပြုချင်ဘူး။ အစိုးရဆိုတာလည်း ပြည်သူထဲက ပြည်သူပဲလို့ ကျွန်တော်တို့က ခံယူထားတာ။ ဒီတော့ဗျာ ကိုယ်စီကိုယ်စီ ကိုယ့်တာဝန်ကိုယ်ကျေပွန်ရင် ကျေပွန်သလောက် ကျွန်တော်တို့ လူမှုအဖွဲ့အစည်းက တိုးတက်မယ်ပေါ့။ ကျွန်တော်ဆိုဂုင် အခု မော်စကိုက ပြန်လာတာ မကြာသေးဘူး။ ကျွန်တော့်တာဝန် ကျွန်တော် ကျေပါတယ်ဗျာ။ ဒီမှာ ကြည့်ပါလားလို့ ပြောပြီး သူ့ခေါင်းနဲ့ နောက်ကျောက ဒဏ်ရာတွေကို ညွှန်ပြပါတယ်။

'တိုင်းပြည်ကောင်းဖို့၊ ကျွန်တော်တို့ မျိုးဆက်တွေရဲ့အနာဂတ်တွေလှပဖို့ အများကြီး ကြိုးစားခဲ့တဲ့ ပြည်သူတစ်ယောက်ကို ပြည်သူတစ်ယောက်က အခုလို ဆက်ဆံလိုက်တာကို ကျွန်တော်ဝမ်းနည်းလို့မဆုံးဘူးဗျာ'လို့ ပြောပြီး အဝေးကိုပဲ ငေးကြည့်နေပါတော့တယ်။

ပြန်မယ်လို့ ပြင်ဆင်ပြီးမှ သူက 'ကိုယ့်တာဝန်ကိုယ်ကျေမှ လူဆိုတာ တန်ဖိုးရှိတာဗျ။ လူတိုင်းက ကိုယ့်တာဝန်ကိုယ်ယူလိုစိတ်ရှိရင် ရှိသလောက် တိုးတက်မှာပဲ။ တာဝန်ယူလိုစိတ်နည်းရင် နည်းသလောက် ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းက အရာရာနောက်ကျနေဦးမှာပဲ။ တာဝန်ယူလိုစိတ်နဲ့ ပတ်သက်ပြီး ခင်ဗျားကို ကျွန်တော် တကယ်ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ခုကို ပြောပြချင်သေးတယ်ဗျာ'လို့ ပြောပါတယ်။ သူပြောသွားတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးက ဒီလို...။

တစ်ခါတုန်းက လူတစ်ယောက်ဟာ မြို့ရဲ့အခြေအနေကို လှည့်လည်ကြည့်ရှုတဲ့အခါ တစ်နေရာအရောက်မှာ လမ်းပေါ်လဲကျနေတဲ့ သစ်ကိုင်းတွေကို ဖယ်နေကြတဲ့ စစ်သားတွေကို တွေ့ရပါတယ်။ တပ်ကြပ်ကြီး တစ်ယောက်ကတော့ ဘေးနားကနေ လိုအပ်သည်များကို မှာကြားရင်း အလုပ်ကို ပိုကြိုးစားကြဖို့ကိုသာ မနားတမ်း ပြောနေပါတယ်။ ဒါပေမဲ့ သစ်တုံးကြီးက ကြီးလွန်းလေးလွန်းတော့ စစ်သားတွေဟာ ဘယ်လိုမှ ရွှေ့အောင် မ,လို့ မရဘူးဖြစ်နေတယ်။

မြင်းစီးလာတဲ့ လူတစ်ယောက်က ရှေ့ဆက်ပြီး ဘာတွေလုပ်မလဲဆိုတာကို မြင်းပေါ်ကနေ ကြည့်နေလိုက်တယ်။ ပြီးတော့ တပ်ကြပ်ကြီးကို 'ခင်ဗျားသာ ကူညီမယ်ဆိုရင် ဒီစစ်သားလေးတွေဟာ ဒီသစ်တုံးကြီးကို ရွှေ့သွားအောင် မ,နိုင်မှာ သေချာတယ်။ ခင်ဗျား ဘာကြောင့် သူတို့ကို သွားပြီး မကူညီရတာလဲ'လို့ လှမ်းပြောလိုက်ပါတယ်။ ဒီတော့ တပ်ကြပ်ကြီးက 'ဒါက ကျွန်တော့်အလုပ်မဟုတ်ပါဘူး။ ကျွန်တော်က တပ်ကြပ်ကြီးလေ။ ဒီအလုပ်က သူတို့လုပ်ရမည့် အလုပ်ပဲ။ ဒါကြောင့် ကျွန်တော် မကူညီနိုင်ပါဘူးဗျာ'လို့ ပြန်ပြောလိုက်ပါတယ်။ ဒီတော့ မြင်းပေါ်ကလူက ချက်ချင်းပဲ မြင်းပေါ်ကနေ ခုန်ဆင်းလိုက်ပါတယ်။

ပြီးတော့ စစ်သားတွေ မ,နေတဲ့ လမ်းပေါ်က သစ်တုံးကြီးကို ကူပြီး ဝိုင်းသယ်ပေးလိုက်တာကြောင့် စစ်သားလေးတွေဟာ သစ်တုံးကြီးကို လမ်းပေါ်ကနေ ဖယ်ရှားပစ်နိုင်လိုက်ပါတယ်။ သစ်တုံးကြီးကို ကူသယ်ပေးတဲ့ လူဟာ မြင်းပေါ်ကို ပြန်တက်လိုက်ပြီး 'နောက်တစ်ခါ ခင်ဗျား ဒီထက်လေးတဲ့ အရာတွေကို မ,ရလိမ့်ဦးမယ်။ အကူအညီလိုတဲ့အခါ စစ်သေနာပတိချုပ်ကြီးကိုသာ အကူအညီတောင်းလိုက်ပါ'လို့ တပ်ကြပ်ကြီးကို ပြောပြီး ထွက်သွားပါတော့တယ်။ နောက်တော့မှ တပ်ကြပ်ကြီးနဲ့ စစ်သားလေးတွေ သိလိုက်ရတယ်။ အဲဒီ သူတို့ကို သစ်တုံးကူသယ်ပေးသွားတဲ့ လူတစ်ယောက်ဟာ အမေရိကန်ရဲ့ ပထမဦးဆုံးသော သမ္မတကြီးလည်းဖြစ် စစ်သေနာပတိချုပ်ကြီးလည်းဖြစ်တဲ့ သမ္မတကြီးဂျော့ဝါရှင်တန်တဲ့လေ။ နှစ်တွေ ကြာခဲ့ပါပြီ။ လူတွေက ပြောကြတယ်။ သူလိုသမ္မတကား ရှိတော့ရှိမယ်၊ ရှားတယ်တဲ့။

မြန်မာပြည်တွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းက ခိုက်ခိုက်တုန်အေးလွန်းတဲ့ ဆောင်းရာသီတစ်ရက်မှာ ကန်တော်ကြီးနားလေးက အကြော်တဲကလေးထဲမှာ ချမ်းချမ်းစီးစီး နေနေရတဲ့ အညာသား အကြော်သည် ယောကျ်ားတစ်ယောက်ကို သူ့ကုတ်အင်္ကျီကြီးကို ချွတ်ပေးဖူးသတဲ့။ မယူရဲတော့ အော်ငေါက်သွားသေးတယ်တဲ့။

အခု ဒီတိုင်းပြည်ကို ငါ တာဝန်ယူထားတာ။ မင်းတို့ ဆင်းရဲနေတာ ငါ့မှာ တာဝန်ရှိတယ်။ မင်းတို့ စားစရာမရှိတာ ငါနဲ့ဆိုင်တယ်။ မင်းတို့ ပညာမသင်နိုင်တာ ငါနဲ့ဆိုင်တယ်။ မင်း ချမ်းနေတာလည်း ငါနဲ့ဆိုင်တယ်ကွ။ ရော့ ယူ။

နှစ်တွေလည်း ကြာခဲ့ပါပြီ။ လူတွေက အခုထိ ပြောနေကြတုန်းပဲ။ သူလို စစ်သေနာပတိကား ရှိတော့ရှိမယ် ရှားတယ်လို့။

သမိုင်းကပေးတဲ့ သင်ခန်းစာဆိုတာ ဖတ်ရုံသက်သက်လောက်တော့ မဟုတ်ဘူးရယ်။ တန်ဖိုးကြီးမားတဲ့ ရတနာတွေဟာ သော့ခတ်သိမ်းထားရုံသက်သက်ဆိုရင်လည်း သက်ရောက်မှုတွေ နည်းများနည်းနေမလားလို့ တွေးနေမိတယ်။

**ပျောက်ဆုံးနေတဲ့ နာရီလေး**

တစ်ခါတုန်းက လယ်သမားအဘိုးအိုကြီးတစ်ယောက်ဟာ သူအလွန်တန်ဖိုးထား မြတ်နိုးရတဲ့ နာရီလေးတစ်လုံး ပျောက်ဆုံးသွားတဲ့အတွက် အလွန်ပဲ စိတ်ထိခိုက်နေပါတယ်။ သူ့နာရီ ကျပျောက်သွားတဲ့နေရာက စပါးကျီတစ်ခုထဲမှာ။

စပါးကျီတစ်ခုလုံး နေရာအနှံ့လိုက်ရှာပေမယ့် ဘယ်လိုမှ မတွေ့တာကြောင့် စပါးကျီအနားမှာ ဆော့ကစားနေကြတဲ့ ကလေးတွေဆီကို သွားပြီး 'ကလေးတို့ရေ... နှစ်ပေါင်းများစွာ အဘ အလွန်တန်ဖိုးထားပြီး အမြတ်တနိုး သိမ်းထားခဲ့တဲ့ အဘရဲ့ နာရီလေးဟာ ဒီစပါးကျီထဲမှာ ကျပျောက်သွားပါတယ်။ အဘလည်း နေရာအနှံ့လိုက်ရှာပေမယ့် ဘယ်လိုမှ မတွေ့ဘူးဖြစ်နေတယ်။ ဒီနာရီလေးဟာ အဘအတွက် မရှိမဖြစ်တဲ့ တန်ဖိုးထားမြတ်နိုးခဲ့ရတဲ့ နာရီလေးတစ်လုံးဖြစ်လို့ အဘ ပြန်လိုချင်ပါတယ်။ ဒါကြောင့် မင်းတို့ ကူပြီး ရှာပေးကြစမ်းပါ။ တွေ့တဲ့လူကို အဘ ဆုချပ့်မယ်ကွာ'လို့ ပြောလိုက်ပါတယ်။

ကလေးတွေကလည်း နာရီတွေ့ရင် မုန့်ဖိုးရမှာဆိုတော့ စပါးကျီထဲကို သူ့ထက်ငါ အရင်ဆုံးဦးအောင်ပြေးပြီး လိုက်ရှာကြပါတယ်။ ဒါပေမဲ့ သူတို့လည်း ဘယ်လိုမှ ရှာမတွေ့ကြပါဘူး။ လယ်သမားအဘိုးအိုကတော့ သူ့နာရီလေးကို ပြန်တွေ့နိုင်မှာ မဟုတ်တော့ပါဘူးဆိုတဲ့အသိနဲ့ အလွန်ပဲ စိတ်ဆင်းရဲနေပါသတဲ့။ နောက် ကလေးငယ်တစ်ယောက်က သူ့ကို နောက်ဆုံး အခွင့်အရေးပေးပါ။ သူ စပါးကျီထဲဝင်ပြီး နောက်တစ်ခါ ပြန်ရှာပါရစေလို့ ခွင့်တောင်းတော့ အဘိုးအိုကလည်း 'အေး အေး မင်းရှာချင်သေးတယ်ဆိုရင်လည်း ပြန်ရှာကြည့်ဦးပေါ့ကွာ'လို့ ခွင့်ပြုလိုက်ပါတယ်။

အချိန်အနည်းငယ်ကြာတော့ ကလေးငယ်ဟာ အဘိုးအိုပျောက်သွားတဲ့ နာရီလေးကို လက်ကကိုင်ပြီး စပါးကျီထဲကနေ ပြန်ထွက်လာပါတယ်။ အဘိုးအိုလည်း သူလိုချင်နေတဲ့ နာရီလေး ပြန်ရပြီဆိုတော့ အလွန်ပဲ ဝမ်းသာသွားပါတော့တယ်။ သူ့ကတိအတိုင်း ကလေးငယ်ကိုလည်း မုန့်ဖိုးတွေ အများကြီးပေးလိုက်ပါတယ်။

ပြီးတော့ အဘိုးအိုက ဒီကလေးငယ်ဟာ ဒီနာရီလေးကို ဘယ်လိုနည်းနဲ့ ရှာဖွေခဲ့တယ်ဆိုတာလေးကို သိချင်နေပါသတဲ့။ ဒါကြောင့် အဲဒီကလေးငယ်ကို 'ငါတို့တစ်တွေ လူတွေအများကြီးပဲ ဒီနာရီလေးကို ရှာဖွေခဲ့ကြတယ်။ အဘကိုယ်တိုင်လည်း သေသေချာချာ ရှာခဲ့တာပဲလေ။ ဒါပေမဲ့ ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး။ ဒီနာရီလေးကို မင်း ဘယ်လိုရှာတွေ့ခဲ့တာလဲ'လို့ ကလေးငယ်ကိုမေးတော့ ကလေးငယ်က 'သိပ်ပြီး ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး အဘိုးရယ်။ ကျွန်တော်ဟာ စပါးကျီထဲကို ဝင်သွားပြီး စပါးကျီရဲ့ အလယ်တည့်တည့်မှာ တိတ်တိတ်ကလေး ထိုင်နေလိုက်ပါတယ်။ အဲဒီလို တိတ်ဆိတ်စွာ ထိုင်နေတဲ့အချိန်မှာပဲ နာရီလက်တံလေးရဲ့ တချောက်ချောက် အော်မြည်သံကို ကျွန်တော် ကြားလိုက်ပါတယ်။ နာရီလက်တံရဲ့ အော်မြည်သံကို မှတ်ထားပြီး အဲဒီနေရာကို သွားရှာကြည့်လိုက်တာပါပဲ'လို့ ရှင်းပြလိုက်ပါတော့တယ်။

ဒီတော့မှ အဘိုးအိုက 'သြော်... တည်ငြိမ်အေးချမ်းတဲ့စိတ်ဆိုတာ တောက်လောင်နေတဲ့စိတ်ထက် သိမြင်နိုင်စွမ်းပိုရှိတယ်'ဆိုတာကို သဘောပေါက်သွားပါတော့တယ်။

□

ပုံပြင်လေးအဆုံးမှာ ပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့်နေမိတယ်။ လပြည့်ညရဲ့ လရောင်က အပြင်မှာ ရွှန်းရွှန်းစိုလို့။ ပြတင်းပေါက်က တိုးဝင်လာတဲ့ လေနအေးက စိတ်ကို နွေးသွားစေပါတယ်။ ကျွန်တော်တို့ပျောက်ဆုံးခဲ့ရတဲ့ ယုံကြည်ချက်တွေ၊ မျှော်လင့်ချက်တွေရဲ့ ထုထည်က ဘယ်အတိုင်းအတာထိ ရှိလေမလဲ။ တောက်လောင်နေတဲ့စိတ်နဲ့ ရှာဖွေခဲ့ကြလို့ ကျပျောက်ခဲ့ရတဲ့ အိပ်မက်တွေရဲ့တန်ဖိုးကို ကျွန်တော်တို့ဘယ်လို ပြန်ရှာကြမှာတဲ့လဲ။ ဘယ်လိုရှာဖွေရမယ်ဆိုတဲ့ နည်းလမ်းကို သိခဲ့မယ်ဆိုရင်တောင် ကျွန်တော်တို့ ကျပျောက်ခဲ့တဲ့အတိုင်း ပြန်ရမှ ရနိုင်ပဲ့မလား။ လေတိုးလို့နဲ့တူပါရဲ့။ ခန်းစည်းလိုက်ကာလေးတွေကို တဖျပ်ဖျပ်နဲ့...။

## ယူစားမိခဲ့သော ကွတ်ကီးမုန့်

တစ်ညမှာတော့ အမျိုးသမီးတစ်ယောက်ဟာ လေဆိပ်တစ်ခုထဲမှာ လေယာဉ်မထွက်ခင် အချိန်တော်တော်ကြာအောင် ထိုင်စောင့်နေခဲ့ရပါတယ်။ ဒီလိုထိုင်စောင့်နေစဉ်အတွင်းမှာ ဗိုက်ဆာလာတာကြောင့် သူဝယ်လာတဲ့ ကွတ်ကီးမုန့်လေးတစ်ထုပ်ကို အနားမှာ ချထားပြီး ကွတ်ကီးမုန့်တွေကို ယူစားရင်း လေဆိပ်ထဲက စာအုပ်ဆိုင်က ဝယ်လာတဲ့ စာအုပ်တစ်အုပ်ကို စိတ်ဝင်တစားနဲ့ ဖတ်ရှုနေလိုက်ပါတယ်။ စာအုပ်ကို စိတ်ဝင်တစားနဲ့ ဖတ်ရှုနေတုန်းမှာပဲ သူမ ထိုင်နေတဲ့ ထိုင်ခုံနားမှာ ရှိနေတဲ့ အမျိုးသားတစ်ယောက်ဟာ သူမမုန့်အိပ်ထဲက ကွတ်ကီးမုန့်တွေကို ယူစားနေတယ်ဆိုတာကို သတိပြုမိလိုက်ပါတယ်။ ဒါပေမဲ့ သူမကတော့ ဒါကို မမြင်ချင်ယောင်ဆောင်နေလိုက်ပါတယ်။ သူမဘေးနားကလူက ကွတ်ကီးမုန့်တွေကို တဖြည်းဖြည်းနဲ့ စားလို့ကောင်းနေတုန်းမှာပဲ သူမကတော့ ကွတ်ကီးမုန့်လေး ယူစားလိုက် နာရီလေးငုံ့ကြည့်လိုက်နဲ့ အချိန်ဖြုန်းနေပါတယ်။

'ငါသာ အလွန်စိတ်ကောင်းမရှိတဲ့သူဖြစ်လို့ကတော့ သူ့မျက်လုံးတွေကို ညိုမည်းသွားအောင် လုပ်ပစ်လိုက်မိမှာပဲ'လို့ တွေးပြီး သူမ စိတ်တိုလာပါတယ်။

သူက ကွတ်ကီးတစ်ခုယူစားတိုင်း သူမဘေးနားက လူကြီးကလည်း တစ်ခု လိုက်ယူစားပါတယ်။ ဒီလိုနဲ့ နောက်ဆုံးတစ်ခုပဲ ကျန်တော့တဲ့အခါမှာတော့ သူ ဘာဆက်လုပ်မလဲဆိုတာကို သိချင်နေတယ်။ သူဟာ ပြုံးရွှင်တဲ့မျက်နှာထားနဲ့ အားတုံ့အားနာရယ်ပြလိုက်ပြီး လက်ကျန်ကွတ်ကီးမုန့်တစ်ခုကို လှမ်းယူလိုက်ပါတယ်။ ပြီးတော့ အလယ်ကနေဖဲ့ပြီး တစ်ပိုင်းကို သူမကို လှမ်းပေးလိုက်ပါတယ်။ ကျန်တဲ့မုန့်တစ်ပိုင်းကိုတော့ သူစားလိုက်ပါတယ်။ လေယာဉ်တက်ဖို့ ပြင်ဆင်ကြတဲ့အခါ 'ဒီအမျိုးသားကတော့ သိပ်ကို ရိုင်းတာပဲ၊ ကျေးဇူးတင်တဲ့ စကားလေးတစ်ခွန်းတောင် ပြောဖော်မရဘူး။ ကျေးဇူးတင်တဲ့ အမူအရာလေးတောင် ပြဖော်မရဘူး'လို့ အမျိုးသမီးက တွေးထင်လိုက်ပါတယ်။

အမျိုးသမီးဟာ သူမကိုယ်တိုင်က အလွန်ရိုင်းပြခဲ့တယ်ဆိုတာကိုတော့ မသိခဲ့ပါဘူး။ သူမဟာ လေယာဉ်တက်ဖို့ အချိန်ရောက်တဲ့အခါကျတော့မှပဲ သူ့စိတ်ကို ဖြေလျှော့ထားလိုက်ပါတော့တယ်။ သူပါလာတဲ့ ပစ္စည်းတွေကို ယူပြီး လေယာဉ်ပေါ်တက်ရမယ့် ဂိတ်ဆီကို ဦးတည်သွားလိုက်ပါတယ်။ သူ့ကွတ်ကီးတွေကို ခိုးစားနေတယ်လို့ သူ တစ်ချိန်လုံး ထင်နေခဲ့တဲ့ အမျိုးသားကို တစ်ချက်ကလေးတောင် လှည့်မကြည့်တော့ပါဘူး။

လေယာဉ်ပေါ်ရောက်လို့ ထိုင်ခုံမှာထိုင်ပြီးတဲ့အခါ ပြီးကာနီးပြီဖြစ်တဲ့ ဖတ်လက်စ စာအုပ်ကို အပြီးသတ်ဖို့ သူ့အိတ်ထဲမှာရှိတဲ့ စာအုပ်ကို လက်နှိုက်ယူလိုက်ပါတယ်။ အဲဒီတော့မှ သူမဟာ အလွန်အံ့အားသင့်သွားပါတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမ ဝယ်ထားတဲ့ ကွတ်ကီးမုန့်ထုပ်လေးကို သူမအိတ်ထဲမှာ တွေ့လိုက်ရလို့ပါပဲ။

အမျိုးသမီးက 'ငါ ဝယ်ထားတဲ့ ကွတ်ကီးက ငါ့အိတ်ထဲမှာ ရှိနေတယ်ဆိုရင် ငါ ယူစားခဲ့တဲ့ ကွတ်ကီးတွေက သူ့ကွတ်ကီးတွေဖြစ်နေပြီပေါ့'လို့ စိတ်ပျက်ပျက်နဲ့ ညည်းညူနေမိပါတော့တယ်။ တကယ်တော့ ငါ့ကွတ်ကီးတွေကို ခိုးစားခဲ့တယ်လို့ ထင်ခဲ့တဲ့ အမျိုးသားဟာ သူ့ကွတ်ကီးတွေကို ငါနဲ့အတူ ဝေစားခဲ့တာပဲ။ အခုတော့ တောင်းပန်ဖို့ အလွန်နောက်ကျသွားပြီ။ သူလည်း

ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ တကယ်တော့ ငါဟာ အလွန်ရိုင်းပြသူ၊ သူများကွတ်ကီးတွေကို ယူစားခဲ့ပြီး ကျေးဇူးမသိတတ်တဲ့သူ ဖြစ်နေပါလားလို့ တွေးပြီး ဝမ်းနည်းနေရှာပါတော့တယ်။

□

တစ်ခါတစ်ရံ ကိုယ်တို့တစ်တွေက တစ်ခဏတာ ရောက်လာကြတဲ့ ဘဝအချိန် တိုတိုလေးအတွင်းမှာ ကိုယ်မပိုင်တဲ့ အရာဝတ္ထုတွေကို ကိုယ်ပိုင်လို့ ထင်မှတ်ကြပြီး ဘဝင်မြင့် မာန်တက်နေတတ်ကြတယ်။ ကိုယ်ပိုင်မဟုတ်တဲ့ အရာတွေကို ကိုယ်ပိုင်လို့ထင်ပြီး သမုတိသစ္စာမှန်သမျှကို အတိုင်းထက်အလွန် ဖက်တွယ်နေတတ်ကြတာကလည်း နုနယ်တဲ့စိတ်ရဲ့ လှည့်စားမှုတစ်ခုများ ဖြစ်နေမလားလို့ တွေးနေမိပါတော့တယ်။